မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၅)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနား၌ မိန့်ခွန်းပြောကြား

ဟနွိုင်း မေ ၁၂

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့ နံနက်ပိုင်းတွင် ဟနမ်ပြည်နယ် Tam Chuc International Buddhist Convention Center ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဗုဒ္ဓရုပ်ပွားတော်အား ရေသပ္ပာယ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အခမ်းအနား ကျင်းပမည့်နေရာသို့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ရေသပ္ပာယ်ကြသည်။

ယင်းနောက် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ရတနာမြတ်သုံးပါးကို ပါဠိဘာသာဖြင့် ရွတ်ဖတ်ရှိခိုးပူဇော်ကြသည်။

ထို့နောက် ဗီယက်နမ် အမျိုးသားဗုဒ္ဓသံဃအဖွဲ့ဗဟိုနာယက HH. Most Ven. Dr. Thich Tri Quang ၏သဝဏ်လွှာကို ဖတ်ကြားပြီး ဗီယက်နမ် အမျိုးသားဗုဒ္ဓသံဃအဖွဲ့ဥက္ကဋ္ဌ Most Ven. Dr. Thich Thien Nhon က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

သဝဏ်လွှာမှတ်တမ်းဗီဒီယို

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. Antonio Guterres ၏ သဝဏ်လွှာမှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ Most Ven. Prof. Dr. Phra Brahmapundit နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုတို့က ကုလသမဂ္ဂဗုဒ္ဓနေ့ဆိုင်ရာ မိန့်ခွန်းများ ပြောကြားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✽

❝ ယနေ့ မိမိတို့ နေထိုင်ရာ ကမ္ဘာကြီးတွင် အကြမ်းဖက်မှုများနှင့် အနိဋ္ဌာရုံများ များပြားလာသည့် အချိန်မျိုးတွင် ဗုဒ္ဓ၏အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာကို လက်ကိုင်ထားပြီး ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာ နေထိုင်နိုင်ရေးကို ဦးတည်သည့် ဗုဒ္ဓနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခြင်းသည် ဆီလျော်မှန်ကန်မှုရှိပြီး ခေတ်ကာလအနေအထားအရ ပို၍ပင် လိုအပ်လာသည်ဟု ဆိုရမည်ဖြစ် ❞

မေတ္တာဓာတ်တို့ လွှမ်းပတ်သည့်ကမ္ဘာ

ဗုဒ္ဓဘာသာဝင်တို့အဖို့ လတကာတို့တွင် ကဆုန်လသည် အမွန်အမြတ်၊ အလေးအနက်ပြုဖွယ်ရာလ ဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူ ဗုဒ္ဓမြတ်စွာသည် ကဆုန်လတွင် ဖွားမြင်တော်မူခဲ့ခြင်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ ကဆုန်လတွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောကြောင့် ပါဠိ၊ သက္ကတ၊ ဟိန္ဒီ၊ ဘင်္ဂါလီဘာသာတို့တွင် ကဆုန်လကို ‘ဝိသာခါ’(Vesak) ဟူ၍ ခေါ်ကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် ကဆုန်လပြည့်ဗုဒ္ဓနေ့ကို ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ် ၁၉၉၉ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၄ ၊ ၁၁၅ ဖြင့် အသိအမှတ်ပြုကာ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်၌ ပထမဆုံးအကြိမ် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို ကျင်းပခဲ့သည်။ ယင်းနောက် နှစ်စဉ်နှစ်တိုင်း ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာနိုင်ငံတို့တွင် ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၆) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပလျက်ရှိသည်။

(၁၆) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာ၌ “ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားသည် မိမိတို့ လူသားများအားလုံးကို ဗုဒ္ဓ၏အဆုံးအမနှင့် လမ်းစဉ်တို့ကို မမေ့မလျော့ လိုက်နာရမည်ဆိုသည့် စိတ်အားထက်သန်မှုများကို တစ်ဖန်ပြန်လည်ပေါ်ပေါက်လာစေရန် နှိုးဆော်လိုက်ပါကြောင်း၊ ထို့ကြောင့် မတူကွဲပြားမှုများရှိနေသည့် ယနေ့ကမ္ဘာလောကကြီးတွင် တစ်ဦးအပေါ်တစ်ဦးထားရှိသည့် မေတ္တာတရားကို မိမိတို့၏ မိသားစုအတွင်းမှသည် လူမှုရေး၊ နိုင်ငံရေး၊ အရပ်ဘက်နှင့်ဘာသာရေး အဖွဲ့အစည်းများအကြား ကျယ်ကျယ်ပြန့်ပြန့် ကြိုးစားတည်ဆောက်ကြရန် တိုက်တွန်းပါကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာမြေပေါ်တွင် ရှင်သန်နေထိုင်ကြသည့် လူသားအားလုံးတို့တွင် ဘာသာရေးအစွဲ၊ အယူဝါဒရေးအစွဲ၊ လူမျိုးရေးအစွဲ၊ ထုံးဓလေ့အစွဲ၊ ဇာတ်ခွဲခြားမှုအစွဲ စသည့် စသည့်အစွဲအလမ်းများစွာတို့ကို စွဲကြသည်။ တစ်ယူသန်အစွဲကြီးသူတို့က ကိုယ်နှင့်မတူ ကိုယ့်ရန်သူဟူ၍ သတ်မှတ်ကာ ရန်လိုခြင်း၊ ငြင်းခုံခြင်း၊ တိုက်ခိုက်ခြင်း စသည့်အမှုများကိုပြုကာ ဘာသာရေးအဆုံးအမများကို သွေဖည်၍ အစွန်းရောက်ကြကုန်သည်။ ကမ္ဘာပေါ်ရှိ လူအများကိုးကွယ်ကြသော ဘာသာတရားများသည် ပေါ်ထွန်းခဲ့ရာ ခေတ်ကာလ၊ နေရာဒေသ၊ လမ်းညွှန်ဟောကြားဆုံးမခဲ့သည့် ပုဂ္ဂိုလ်တို့ မတူကွဲပြားကြသည့်အလျောက် အပေါ်ယံသွင်ပြင်တို့ ကွဲပြားခြားနားကြမည်ဖြစ်သော်လည်း အတွင်းပိုင်း အနှစ်သာရအားဖြင့် ကွဲပြားမှုမရှိဘဲ တူညီပါကြောင်း ကမ္ဘာ့ဘာသာရေးခေါင်းဆောင်တို့က လက်ခံထားကြသည်။

ဘာသာတရားအားလုံး၏ အနှစ်သာရဖြစ်သော- ခန္တီ၊ သစ္စာ၊ မေတ္တာ၊ ကရုဏာ၊ ပညာ၊ သီလ၊ သမာဓိ၊ ဒါန တရားတို့ကို ဘာသာဝင်အားလုံးတို့က အလေးအနက်ထားသင်နိုင်ကျင့်နိုင်ကြမည်ဆိုပါက ငြင်းခုံခြင်း၊ ရန်ဖြစ်ခြင်း၊ ဆူပူခြင်း၊ သောင်းကျန်းခြင်း၊ ရန်တိုက်ခြင်း၊ တိုက်ခိုက်ခြင်း စသည်တို့ တဖြည်းဖြည်းလျော့ပါးချုပ်ငြိမ်းသွားမည်ဟု ယုံကြည်ကြောင်း ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသည့် Religions for Peace အစည်းအဝေးကြီး၌ သီတဂူဆရာတော်ကြီးက ဟောကြားတော်မူခဲ့သည်။

ရန်ငြိုးဖွဲ့မှုများ၊ တိုက်ခိုက်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများဖြင့် တုန်လှုပ်နေဆဲကမ္ဘာကြီးတွင် မြတ်ဗုဒ္ဓ၏ဓမ္မပဒကျမ်းလာ-“ အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏။ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောသူကို အဟုတ်အမှန်ပြောဆိုခြင်းဖြင့် အောင်ရာ၏” ဟူသည့် နီတိတရားတို့ လူတိုင်း၏ နှလုံးသားတွင် စွဲထင်ကျင့်သုံးနိုင်သည်နှင့်အမျှ ကမ္ဘာလောကတစ်ခုလုံး အေးချမ်းသာယာနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

ကျိုက်ဒေးယျုံဆံတော်ရှင် စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ဘုံ(၃)ဆင့် ရွှေထီးတော်ဆက်ကပ်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၂

ကျိုက်ဒေးယျုံဆံတော်ရှင် စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ဘုံ(၃)ဆင့်ရွှေထီးတော်ဆက်ကပ်ခြင်း၊ လုံးတော်ပြည့်ရွှေရောင် စတီးသင်္ကန်းကပ်လှူခြင်း၊ ဗားမဲ့အောက်ဆံတော်ရှင်အပါအဝင် ဗားမဲ့ဂူဘုရား ငါးဆူအား ပြန်လည်ပြုပြင်၍ လုံးတော်ပြည့်ရွှေရောင်စတီးသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်တင်လှူပူဇော်ခြင်း၊ ပေ ၄၀၀၀ ကွန်ကရစ်တောင်တက်ကားလမ်း ဖောက်လုပ်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်တိုးချဲ့ခြင်း ၊ သောက်သုံးရေကန် အသစ်တိုးချဲ့တည်ဆောက်ခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်ပရိယတ္တိသာသန တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာ ဇောတိကဓဇ ဂုဏ်ထူးဆောင် ဓမ္မပါရဂူ ဒေါက်တာဘဒ္ဒန္တကုမာရ ဆရာတော်ကြီး ဦးဆောင်၍ မော်ကွန်းကမ္ပည်း ကျောက်စာနှင့် ပေ ၄၀၀၀ ကွန်ကရစ်တောင်တက်ကားလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ အရှင်သူမြတ်က အဖွင့်သြဝါဒမြွက်ကြားပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ညှော့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဒုတိယဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပမှ စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ရွှေထီးတော်ဆက်ကပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာ ခင်ရွှေက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဇေကမ္ဘာမိသားစုမှ နဝကမ္မ အလှူငွေကျပ်သိန်း ၃၀၀ ကို ကျိုက်ထီးဆောင်း ဒုတိယဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသော ဘုရား ဒါယကာ၊ ဒါယိကာမများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဒုတိယဆရာတော် ဒေါက်တာဘဒ္ဒန္တနာဂဒီပက လှူဒါန်းမှုအစုစုအတွက် ရေစက်ချ တရားဟောကြားအမျှပေးဝေကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ဒေဝါဝင်းရာဇာဝင်း ခြံရံလျက် စေတီတော်အထွတ်သို့ ပင့်ဆောင်ကာ ဆရာတော်အရှင်သူမြတ်တို့က ဇယမင်္ဂလာအောင်ဂါထာများဖြင့် ရွတ်ဆိုပူဇော်၍ အောင်မြင်စွာ ထီးတော်တင်လှူပူဇော်သည်။**(အပေါ်ပုံ)** ထို့နောက် ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။ **သတင်း၊ ဓာတ်ပုံ- မင်းမင်း**

ရေရှားပါးသောဒေသများတွင် စက်ရေတွင်းတူးဖော်၊ သောက်သုံးရေများ လှူဒါန်းပေးဝေ

ရန်ကုန် မေ ၁၂

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးမှုဖြစ်ပေါ်နေသော ဒေသများမှ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးခြင်း၊ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဖောင်ဒေးရှင်းသည် ၂၀၁၄ ခုနှစ်မှစ၍ ရေရှားပါးသောဒေသများရှိ ပြည်သူများ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ် နွေရာသီကာလများတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများသို့ လှူဒါန်းထားသည့် ရေသယ်ယာဉ် ၄၇ စီးဖြင့် ရေလိုအပ်နေသော နေရာဒေသများသို့ ဖြန့်ကြက်လှူဒါန်းပေးလျက်ရှိသည်။

မေ ၁၁ ရက်က ဖောင်ဒေးရှင်းမှ လှူဒါန်းထားသည့် ရေသယ်ယာဉ်သစ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ အုံ့ကြီးအရှေ့နှင့် စံပြကျေးရွာရှိ အိမ်ခြေ ၂၀၀ ခန့် အတွက်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ကျန်းမာရေးရပ်ကွက်နှင့် နန်းရှေ့အတုမရှိကျောင်းတိုက်မှ သီရိသစ္စာကျောင်းများအတွက် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မြင်တော်ကျေးရွာတွင်လည်းကောင်း၊ ရှမ်းပြည်နယ် ပင်းတယမြို့ ရှားပြားကျေးရွာနှင့် တောင်ကြီးမြို့ အောင်သပြေ အမှတ်(၃)၊ (၄)နှင့်(၅) ရပ်ကွက်များတွင် လည်းကောင်း သန့်ရှင်းသောသောက်ရေများ လှူဒါန်းပေးခဲ့သည်။

ထို့အပြင် ရေအလွန်ရှားပါးသည့် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ် ကောင်းကဲ့ အီကျေးရွာနှင့် လယ်ဝေးမြို့နယ် ဒက္ခိဏသီရိရှိ ချမ်းမြေ့ကျောင်းတို့တွင် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးလျက်ရှိသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ရေများလှူဒါန်းပေးစဉ်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးသောကြောင့် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။ ရေရှားပါးသောဒေသများတွင် သန့်ရှင်းသောသောက်သုံးရေများ အဆင်ပြေ လုံလောက်စွာသုံးစွဲနိုင်စေရန် စက်ရေတွင်း ၂၀၃ တွင်း တူးဖော်ပေးခြင်း၊ ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းပေးခြင်း၊ ရေသယ်ယာဉ် ၄၇ စီးကို နိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများအား လှူဒါန်းပေးခဲ့သည့်အပြင် ဖောင်ဒေးရှင်းထူထောင်ချိန်မှစ၍ ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် ၁၅၄ ဘီလီယံကျော် လှူဒါန်းခဲ့ပြီး ဖြစ်သည်။

မြန်မာ့အလင်း

✽ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ ကျင်းပပြုလုပ်သော ထူးမြတ်လှသည့် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ယခုလို တက်ရောက်ခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဟနွိုင်းမြို့ပြည်နယ်တွင် ကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားသို့ တက်ရောက်ရန် မိမိအား ဖိတ်ကြားခဲ့သည့်အတွက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရနှင့် ဗီယက်နမ် အမျိုးသားဗုဒ္ဓသံဃအဖွဲ့အား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

ထင်ဟပ်ပြသနေခြင်းဖြစ်

ယနေ့ မိမိတို့အားလုံး နှစ်စဉ်ဂုဏ်ပြုကျင်းပသည့် ဗုဒ္ဓနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်းသည် ချစ်ခြင်းမေတ္တာတရားကို ပွားများခြင်းမှတစ်ဆင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ဖန်တီးဖော်ဆောင်နိုင်ရန် မိမိတို့ စုပေါင်းအင်အားနှင့် ကြိုးပမ်းမည်ဆိုသည့် ကတိကဝတ်ကို ထင်ဟပ်ပြသနေခြင်း ဖြစ်ပါကြောင်း။

နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိ

လွန်ခဲ့သည့် နှစ်ပေါင်း (၂၆၀၀) ကျော်က သဗ္ဗညုတဉာဏ် ရရှိတော်မူခဲ့သည့် ဂေါတမဗုဒ္ဓ၏ ဖွားမြင်ခြင်း၊ သဗ္ဗညုတဉာဏ်တော်ရရှိခြင်းနှင့် မဟာပရိနိဗ္ဗာန်စံဝင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည့် နေ့ထူးနေ့မြတ် ကဆုန်လပြည့်နေ့ကို တစ်ကမ္ဘာလုံးတွင် ရှိကြသည့် ဗုဒ္ဓဘာသာဝင်များမှ ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြပါကြောင်း၊ ၁၉၉၉ ခုနှစ်တွင် အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၅၄/ ၁၁၅ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ် အသိအမှတ်ပြုအောင် စွမ်းဆောင်နိုင်ခဲ့သည့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ Lakshman Kadigamar ၏ ကြိုးပမ်းမှုများကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ ပထမဆုံးအကြိမ် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ၂၀၀၀ ပြည့်နှစ်တွင် နယူးယောက်တွင်ရှိသည့် ကုလသမဂ္ဂရုံးချုပ်၌ စတင်ကျင်းပခဲ့ပြီး နောက်ပိုင်း ဗုဒ္ဓနေ့ အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိနေပါကြောင်း၊ ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခြင်းဖြင့် ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်နေကြသည့် ဗီယက်နမ်၊ ထိုင်း၊ သီရိလင်္ကာနိုင်ငံတို့မှ အစိုးရနှင့် ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်းကို အခွင့်အခါကြုံခိုက် ပြောကြားလိုပါကြောင်း။

ချစ်ခြင်းမေတ္တာကို လက်ကိုင်ထား

ယနေ့ မိမိတို့ နေထိုင်ရာ ကမ္ဘာကြီးတွင် အကြမ်းဖက်မှုများနှင့် အနိဋ္ဌာရုံများများပြားလာသည့် အချိန်မျိုးတွင် ဗုဒ္ဓ၏ အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာကို လက်ကိုင်ထားပြီး ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာ နေထိုင်နိုင်ရေးကို ဦးတည်သည့် ဗုဒ္ဓနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခြင်းသည် ဆီလျော်မှန်ကန်မှုရှိပြီး ခေတ်ကာလ အနေအထားအရ ပို၍ပင် လိုအပ်လာသည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

နှစ်စဉ်ကျင်းပသည့် ဗုဒ္ဓနေ့ အခမ်းအနားများမှတစ်ဆင့် မတူကွဲပြားသည့် ယဉ်ကျေးမှု၊ ဘာသာတရားနှင့် လူမှုအဖွဲ့အစည်းများတွင်ရှိသည့် ပြည်သူများအကြား အပြန်အလှန်နားလည်မှုကို မြှင့်တင်ရေးနှင့် ငြိမ်းချမ်းမှုကို မြတ်နိုးသည့် ယဉ်ကျေးမှု စိတ်ဓာတ်အခြေခံကို ပြန်လည်နှိုးဆွ ဖန်တီးပေးနိုင်ရေးအတွက် မိမိတို့၏ စုပေါင်းအားထုတ်မှုများအပေါ် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်

ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံကို အေဒီ (၂)ရာစု ပျူခေတ်မှ စတင်ပြီး ရောက်ရှိနေခဲ့သည်ကို သမိုင်းမှတ်တမ်းများက ဖော်ပြလျက်ရှိပါကြောင်း၊ အေဒီ (၄)ရာစုနှင့် (၉) ရာစုအကြားတွင် စေတီပုထိုး စသည့်ဗုဒ္ဓသာသနိက အဆောက်အအုံများ မြန်မာနိုင်ငံတွင် တည်ထားခဲ့ကြသလို အေဒီ(၁၁)ရာစု ပုဂံခေတ်ကို ရောက်လာသည့်အခါ ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်ထွန်းကား တိုးတက်လာခဲ့ပါကြောင်း၊ ယင်းကာလမှစ၍ ကုန်းဘောင်ခေတ်အထိ (အေဒီ (၁၁) ရာစုမှ (၁၈) ရာစု နှောင်းပိုင်းအထိ) မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာသည် တိုင်းပြည်အုပ်ချုပ်သူ မင်းများနှင့် ပြည်သူပြည်သားတို့၏ အားပေးကူညီပံ့ပိုးမှုနှင့်အတူ ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များက သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပါကြောင်း။

အခွင့်အလမ်းကောင်းများကို ပေးအပ်

ယခုလို အခါအခွင့် ကြုံကြိုက်စဉ် ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓ၏မွန်မြတ်သည့် တရားတော်များ ထွန်းကားပြန့်ပွားရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း ဖော်ပြလိုပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဟူ၍ ဗုဒ္ဓဘာသာတက္ကသိုလ် (၃)ခုကို ထူထောင်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါတက္ကသိုလ်များ၏ အဓိကမူဝါဒများမှာ အကျင့်သိက္ခာမြင့်မားသော၊ ထေရဝါဒပိဋကတ် ကျမ်းဂန်နှံ့စပ်သော၊ ပါဠိဘာသာစကားတည်ဆောက်မှုနှင့် သဒ္ဒါစည်းကမ်းတို့ကို တတ်မြောက်ကျွမ်းကျင်သော၊ မြန်မာစာပေအရေးအသား ကောင်းမွန်သော စာသင်သားရဟန်းတော် အရေအတွက် တိုးပွားလာစေရေးကို အထောက်အကူပြုရန် ဖြစ်ပါကြောင်း၊ ယင်းတက္ကသိုလ်တွင် စာသင်သား သံဃာတော်များအနေဖြင့် ဘီအေတန်း၊ အမ်အေတန်းနှင့် ပါရဂူတန်းတို့တွင် အတန်းအလိုက် သင်ယူရမည့် သတ်မှတ်ကျမ်းစာများကို သင်ယူနိုင်သည့် အခွင့်အလမ်းကောင်းများကို ပေးအပ်လျက်ရှိပါကြောင်း။

လာရောက်ပညာသင်ကြားလျက်ရှိ

ထို့ပြင် ထေရဝါဒဗုဒ္ဓဘာသာကို စာတွေ့ရော လက်တွေ့ပါ လေ့လာသင်ကြားလိုသူ မည်သည့်ဘာသာဝင်ကိုမဆို မြန်မာနိုင်ငံအစိုးရက နေထိုင်စားသောက်ရေးနှင့် ပညာရေးကိစ္စ အဝဝကို အပြည့်အဝ တာဝန်ယူလျက် ပညာပါရမီကုသိုလ်ဒါနအဖြစ် လက်ခံဖြည့်ဆည်း သင်ကြားပေးလျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဗီယက်နမ်ရဟန်းတော် ၁၃ ပါး၊ သီလရှင် ၄၅ ပါး၊ အမျိုးသမီး သုံးဦးတို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်ဗီယက်နမ်နိုင်ငံ အပါအဝင် ပြည်ပနိုင်ငံ ၁၄ နိုင်ငံမှ ရဟန်းသံဃာ၊ သီလရှင်၊ အမျိုးသမီးနှင့် အမျိုးသား စုစုပေါင်း ၆၃ ဦးတို့သည် ၎င်းတက္ကသိုလ်တွင် ဗုဒ္ဓဓမ္မ(ဒီပလိုမာ)သင်တန်း တက်ရောက်ရန်ရှိကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးထွန်းကားရန် ကြိုးပမ်းမှု

ထို့ပြင် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန် ကြိုးပမ်းမှုအဖြစ် ဘာသာပေါင်းစုံငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ငြိမ်းချမ်း မေတ္တာအဖွဲ့ကြီး (Religions for Peace)က ဦးဆောင်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက ပထမအကြိမ်၊ ၂၀၁၉ ခုနှစ် မေလဆန်းပိုင်းက ဒုတိယအကြိမ် စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

စာမျက်နှာ ၄ သို့

✽ ထေရဝါဒဗုဒ္ဓဘာသာကို စာတွေ့ရော လက်တွေ့ပါ လေ့လာသင်ကြားလိုသူ မည်သည့်ဘာသာဝင်ကိုမဆို မြန်မာနိုင်ငံအစိုးရက နေထိုင်စားသောက်ရေးနှင့် ပညာရေးကိစ္စအဝဝကို အပြည့်အဝ တာဝန်ယူလျက် ပညာပါရမီကုသိုလ်ဒါနအဖြစ် လက်ခံဖြည့်ဆည်း သင်ကြားပေးလျက်ရှိ

✽ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဗီယက်နမ်ရဟန်းတော် ၁၃ ပါး၊ သီလရှင် ၄၅ ပါး၊ အမျိုးသမီးသုံးဦးတို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်မိ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်စဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

တည်ငြိမ်အေးချမ်းသည့် ကမ္ဘာကြီး တည်ဆောက်နိုင်ရေးအတွက် ဘာသာရေးသည် အရေးကြီးသည့် အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ ကမ္ဘာပေါ်ရှိ ဘာသာတရားတိုင်းသည် မိမိတို့ကိုယ်တိုင် ကောင်းစွာထိန်းသိမ်းရန်၊ အခြားသူများကို လေးစားရန်၊ လောဘနှင့် မုန်းတီးမှုများ လျှော့ချရန်နှင့် ချုပ်ငြိမ်းရန် အသီးသီး ဆုံးမခဲ့ကြပါကြောင်း၊ မိမိတို့သည် ကိုယ်ယုံကြည်ရာ ဘာသာတရား၏ အဆုံးအမများကို ကျင့်ကြံလိုက်နာအားထုတ်ကြမည်ဆိုလျှင် သဟဇာတမျှတသည့် လူမှုအဖွဲ့အစည်းများ၊ ထိုမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောသည့် ကမ္ဘာကြီးကို တည်ဆောက်နိုင်ကြမည်မလွဲဖြစ်ပါကြောင်း၊ ထို့ပြင် လူသားအားလုံးအနေဖြင့် မေတ္တာ၊ အနိုင်းမဲ့ ကရုဏာနှင့် ခန္တီတရားတို့ လက်ကိုင်ထားပါက ဘုံရည်မှန်းချက်ဖြစ်သည့် တစ်ကမ္ဘာလုံး ငြိမ်းချမ်းမှု၊ ချမ်းသာကြွယ်ဝမှုတို့ကို ပေးစွမ်းနိုင်ကြမည်မှာ မလွဲပါကြောင်း။

ကျယ်ကျယ်ပြန့်ပြန့် ကြိုးစား

ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားသည် မိမိတို့ လူသားများ အားလုံးကို ဗုဒ္ဓ၏အဆုံးအမနှင့် လမ်းစဉ်တို့ကို မမေ့မလျော့ လိုက်နာရမည်ဆိုသည့် စိတ်အားထက်သန်မှုများကို တစ်ဖန်ပြန်လည် ပေါ်ပေါက်လာစေရန် နှိုးဆော်လိုက်ပါကြောင်း၊ ထို့ကြောင့် မတူကွဲပြားမှုများရှိနေသည့် ယနေ့ကမ္ဘာလောကကြီးတွင် တစ်ဦးအပေါ်တစ်ဦးထားရှိသည့် မေတ္တာတရားကို မိမိတို့၏ မိသားစုအတွင်းမှသည် လူမှုရေး၊ နိုင်ငံရေး၊ အရပ်ဘက်နှင့် ဘာသာရေးအဖွဲ့အစည်းများအကြား ကျယ်ကျယ်ပြန့်ပြန့် ကြိုးစားတည်ဆောက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

မိန့်ခွန်းများ ပြောကြား

ယင်းနောက် နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေပီရှာမာအိုလီနှင့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ Mr. M Venkaiah Naidu၊ UNESCAP အမှုဆောင်အတွင်းရေးမှူးနှင့် Vietnam Fatherland Front Central Committee ဥက္ကဋ္ဌ H.E. Mr. Tran Thanh Man တို့က မိန့်ခွန်းများ ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် နိုင်ငံ့အကြီးအကဲများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာတော် သံဃာတော်အရှင်သူမြတ် များ၊ ဘာသာရေးခေါင်းဆောင်များနှင့် အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တန်ချူဘုရားကျောင်း (Tam Chuc Pagoda) ၌ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာတိုင်နှင့် ဆီမီးတို့ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုစဉ်။

သတင်းစဉ်

အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ

၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၅၄/ ၁၁၅ ဖြင့် ဂေါတမမြတ်စွာဘုရား ဖွားမြင်တော်မူသည့်နေ့၊ သဗ္ဗညုတဉာဏ်တော်ရရှိသည့်နေ့နှင့် မဟာပရိနိဗ္ဗာန်စံဝင်သည့်နေ့တို့ ဖြစ်ပေါ်ခဲ့သည့် နေ့ထူးနေ့မြတ် ကဆုန်လပြည့်နေ့ကို ကုလသမဂ္ဂ ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ပထမဆုံးအကြိမ် ကုလသမဂ္ဂ ဗုဒ္ဓနေ့ အခမ်းအနားကို ၂၀၀၀ ပြည့်နှစ်တွင် နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ်တွင် စတင်ကျင်းပခဲ့သည်။ ထို့နောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားများကို ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ အိမ်ရှင်အဖြစ် အသီးသီး ကျင်းပခဲ့ကြရာ ယခုနှစ်တွင် (၁၆)ကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် လက်ခံကျင်းပခဲ့ပြီး ယခုကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂ ဗုဒ္ဓနေ့အခမ်းအနားကို တတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင် ၂၀၀၀၀ ကျော် ပါဝင်ဆင်နွှဲ

ယခုကျင်းပသည့် (၁၆) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ဗီယက်နမ်အစိုးရ၏ ကြီးကြပ်ပံ့ပိုးမှုအောက်တွင် ဗီယက်နမ် အမျိုးသားဗုဒ္ဓသံဃအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကျင်းပရေးကောင်စီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိသည်။ အဆိုပါအခမ်းအနားသို့ ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်ကိုယ်စားလှယ် ၁၆၀၀ ကျော်နှင့် ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် ၂၀၀၀၀ ကျော် ပါဝင်ဆင်နွှဲလျက်ရှိသည်။

နေ့လယ်စာစားပွဲသို့ တက်ရောက်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂ ဗုဒ္ဓနေ့ အခမ်းအနားကျင်းပရေးကော်မတီက Tam Chuc International Buddhist Convention Center ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့တက်ရောက်ကြသည်။

ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော် လှူဒါန်း

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် တန်ချူဘုရားကျောင်း (Tam Chuc Pagoda) သို့ ရောက်ရှိကာ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာနှင့် ဆီမီးတို့ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြပြီး အခြားသော ဗုဒ္ဓဘာသာနိုင်ငံများမှ လှူဒါန်းသည့် ဆင်းတုတော်များနှင့်အတူ အပူဇော်ခံရန် ဉာဏ်တော်အမြင့် လက်မ ၂၀ ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကို ဘုရားဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် Ninh Binh ခရိုင်ရှိ (Bai Dinh Ancient Pagoda) ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာတိုင်နှင့် ဆီမီးတို့ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် Bai Dinh သာသနိကနယ်မြေရှိ ဘောင်တပ်ဗုဒ္ဓတာဝါ (Bao Thap Stupa) သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ဆီမီး၊ အမွှေးနံ့သာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် နိုင်ငံ့အကြီးအကဲများ (၁၆) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့၏ ဗီယက်နမ်နိုင်ငံ ဟနမ်ပြည်နယ်ခရီးစဉ် မှတ်တမ်းဓာတ်ပုံများ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီးဒေါ်ချိုချိုတို့ Ninh Binh ခရိုင်ရှိ (Bai Dinh Ancient Pagoda) ဘုရားကျောင်း၌ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာနှင့် ဆီမီးတို့ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုစဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့ တန်ချုဘုရားကျောင်း (Tam Chuc Pagoda) ၌ ညဏ်တော်အမြင့် လက်မ ၂၀ ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကို ဘုရားဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

(၁၆) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ သတင်းစဉ်

ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့နံနက်ပိုင်းတွင် ဟနမ်ပြည်နယ် **Tam Chuc International Buddhist Convention Center** ၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး တန်ချုဘုရားကျောင်း **(Tam Chuc Pagoda)** ၌ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာနှင့် ဆီမီးတို့ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ **Ninh Binh** ခရိုင်ရှိ **(Bai Dinh Ancient Pagoda)** ဘုရားကျောင်း၌ ဆရာတော်ထံ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ဗီယက်နမ် ယဉ်ကျေးမှုဖျော်ဖြေပွဲ ကြည့်ရှုအားပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများအား စုစည်းဖော်ပြလိုက်ပါသည်။

ဗီယက်နမ်ယဉ်ကျေးမှုဖျော်ဖြေပွဲ ကျင်းပစဉ်။ သတင်းစဉ်

မိကျောင်းအန္တရာယ်၊ ဆင်ရိုင်းအန္တရာယ် ကြိုတင်ကာကွယ်

စံလွင်(ငါးဦးစီး)

မိကျောင်းဆွဲခံရလို့၊ ဆင်နင်းလို့၊ ငါးပုတင်းစားမိလို့ သေကျေကြရတဲ့ အသေအပျောက်စာရင်းကို အရင်နှစ်တွေတုန်းက ကြိုးကြားကြိုးကြားဖတ်မိပေမယ့် အခု ၂၀၁၉ ခုနှစ်ရဲ့ နှစ်ဦးပိုင်းအစမှာပဲ ထူးထူးခြားခြားဆိုသလို အဲဒီသတင်း သုံးမျိုးလုံးကို နေ့စဉ်ထုတ်သတင်းစာတွေမှာ မရှေးမနှောင်းဆိုသလို ဖေဖော်ဝါရီလနဲ့ မတ်လအတွင်း ဖတ်ရှုလိုက်ရပါတယ်။

အခုနှစ်ဖေဖော်ဝါရီလအတွင်း ဘိုကလေးဆတ်ကျွန်းရွာမှာ အမျိုးသားတစ်ဦး ဘဝင်းထောင်ရင်း မိကျောင်းဆွဲခံရပြီး သေဆုံးသွားခဲ့ပါတယ်။ မတ်လအတွင်းမှာတော့ လပွတ္တာဘက်မှာ မိသားစုခြောက်ဦး ငါးပုတင်းချက်စားရာက ကလေးငယ်နှစ်ဦး သေဆုံးသွားပြီး အဲဒီလမှာပဲ ကော့သောင်းခရိုင်အတွင်း မောင်နှမနှစ်ယောက် တောဆင်ရိုင်းအလိုက်ခံရလို့ ပြေးကြရာမှာ အစ်မဖြစ်သူ ဆင်နင်းခံရပြီး သေဆုံးခဲ့ရတဲ့ သတင်းတွေပါ။

သဘာဝတောရိုင်းတိရစ္ဆာန်တွေကြောင့် လူသားတွေအသက်အန္တရာယ်ဖြစ်တဲ့အထဲမှာ မိမိသတိထားမိသလောက်က မိကျောင်းအန္တရာယ်ဟာ ဘိုကလေးတစ်မြို့နယ်အတွင်းမှာရှိတဲ့ မိန်းမလှကျွန်းအနီးတစ်ဝိုက်က ကျေးရွာတွေမှာသာ နှစ်စဉ်လိုလိုဖြစ်ပွားနေတာ မှတ်တမ်းတွေအရ တွေ့ရှိရပါတယ်။

ခုနှစ်	နေရာ	ဖြစ်ပွားမှုအကြိမ်	မှတ်ချက်
၂၀၁၃	ရွှေပြည်အေးကျေးရွာ၊ ဘိုကလေးမြို့နယ်	၁	၁ ဦးသေ
၂၀၁၄	ရန်မခကျေးရွာ၊ ဘိုကလေးမြို့နယ်	၁	၁ ဦးသေ
၂၀၁၅	ရေကမြင်းချောင်း၊ ဘိုကလေးမြို့နယ်	၁	၁ ဦးသေ
၂၀၁၆	စလောင်းကျချောင်း၊ ဘိုကလေးမြို့နယ်	၃	၁ ဦးသေ၊ ၂ ဦးလွတ်မြောက်
၂၀၁၇	ကြောင်ထောက်ဝဲချောင်း၊ ဘိုကလေးမြို့နယ်	၁	၁ ဦးသေ
၂၀၁၈	ရွှေပြည်အေးကျေးရွာ၊ ဘိုကလေးမြို့နယ်	၅	၁ ဦးသေ၊ ၄ ဦးလွတ်မြောက်
၂၀၁၉	ဆတ်ကျွန်းကျေးရွာ၊ ဘိုကလေးမြို့နယ်	၁ (မတ်လ)	၁ ဦးသေ

ဘိုကလေးနယ်တစ်ဝိုက်မှာ တွေ့ရှိတဲ့ မိကျောင်းတွေဟာ Crocodile မျိုးစိတ်ဝင် ရေငန်မိကျောင်းမျိုးဖြစ်ပြီး အဲဒီမိကျောင်းတွေရဲ့သဘာဝက ဖေဖော်ဝါရီ၊ မတ်နဲ့ ဧပြီလများမှာ မိတ်လိုက်ပြီး ဩဂုတ်လအတွင်းမှာ အသိုက်ကိုက်ဥချလေ့ရှိပါတယ်။ မိကျောင်းတွေဟာ မိတ်လိုက် ဥချချိန်နဲ့ သားပေါက်ချိန်တွေမှာ ရန်လိုစိတ်ပြင်းပြတာမို့ အန္တရာယ်အင်မတန်ကြီးပါတယ်။ မှတ်တမ်းတွေအရ မိကျောင်းဆွဲခံရမှုအများဆုံး ဖြစ်ပွားတဲ့လပိုင်းတွေက မိကျောင်းတွေ မိတ်လိုက်ဥချတဲ့ လပိုင်းတွေမှာ အများဆုံးဖြစ်ပွားတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် အဲဒီလပိုင်းတွေမှာ ရေလုပ်ငန်းလုပ်ကိုင်တဲ့သူတွေဟာ အထူးဆင်ခြင်ရမှာ ဖြစ်ပါတယ်။ ချောင်းမြောင်းတွေမှာ ငါးထောင်ပိုက်ချတဲ့အခါမျိုးတွေနဲ့ မြစ်ချောင်းတွေထဲ သွားလာလုပ်ကိုင်ရတဲ့ အခါမျိုးတွေမှာ အထူးသတိပြုရမှာဖြစ်ပါတယ်။

အစုအဖွဲ့လိုက်ဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်

လုပ်ငန်းသဘောအရ မဖြစ်မနေ လုပ်ကိုင်သွားလာရတဲ့အခါမှာလည်း လုပ်ငန်းတူအစုအဖွဲ့တွေနဲ့ စုဝေးသွားလာလုပ်ကိုင်ကြရင် မိကျောင်းအန္တရာယ်ကို ကြိုတင်ကာကွယ်ရာရောက်ပါတယ်။ သက်ဆိုင်ရာဌာနရဲ့ စာရင်းထုတ်ပြန်ချက်အရ ဘိုကလေးမြို့နယ်အတွင်း မိန်းမလှကျွန်းတစ်ဝိုက်မှာ အရွယ်ရောက် မိကျောင်းကြီးကောင်ရေ ၅၀ ခန့်နဲ့ မိကျောင်းငယ် ၁၀၀ ကျော်ရှိတယ်လို့ဆိုပါတယ်။ အဲဒီမိန်းမလှကျွန်းကြီးဟာ ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသအတွင်းမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကြီး ဖြစ်ပါတယ်။

တောရိုင်းတိရစ္ဆာန်ဆိုတဲ့စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားလေ့ရှိတဲ့ သို့မဟုတ် နေရင်းဒေသကနေ တခြားနေရာကိုအကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့ တိရစ္ဆာန်၊ ငှက်၊ ရေနေသတ္တဝါနဲ့ ပိုးမွှားတွေကို ဆိုလိုသည်ဟု ဖော်ပြထားပါတယ်။ မိကျောင်းတွေဟာ မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့ အန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့အတွက် လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်တွေစာရင်းမှာ ဂင်္ဂါမိကျောင်းမျိုးစိတ်ကို ထည့်သွင်းထားပြီး ကျန်မိကျောင်းမျိုးတွေကိုတော့ သာမန်ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်တွေစာရင်းမှာ ထည့်သွင်းထားပါတယ်။

"တောဆင်ရိုင်းတွေ ဝင်လာတတ်တဲ့ လမ်းကြောင်းနဲ့ နီးစပ်ရာကျေးလက်တောရွာတွေမှာ နေထိုင်သူတွေဟာ ချိန်ခါမရွေး ဝင်လာတတ်တဲ့ ဆင်ရိုင်းအန္တရာယ်အတွက် အသွားအလာအနေအထိုင် အမြဲသတိရှိနေရမှာဖြစ်ပါတယ်။ အာရှတိုက်မှာ အိန္ဒိယပြီးရင် မြန်မာနိုင်ငံဟာ ဆင်ကောင်ရေအများဆုံးရှိတဲ့ နိုင်ငံလို့ ဆိုပါတယ်။ အခုအခါမှာတော့ မဆင်မခြင် တောရိုင်းတိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး တရားမဝင်ကူးသန်းရောင်းဝယ်မှုတွေပြုနေကြလို့ ဆင်ကောင်ရေဟာ ကြောက်ခမန်းလိလိ ကျဆင်းလာပြီး မျိုးဆက် ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နေတာကြောင့် ဆင်ကို လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်တွေစာရင်းမှာ ထည့်သွင်းထားရပြီးဖြစ်ပါတယ်"

ရိုးမတောင်တန်းများအနီးနေထိုင်သူများ ဆင်ရိုင်းအန္တရာယ်သတိပြု

တောရိုင်းဆင်တွေ အန္တရာယ်ကတော့ ရခိုင်ရိုးမ၊ ပဲခူးရိုးမအစရှိတဲ့ ရိုးမတောင်ကြီးတွေနဲ့ အဆက်အစပ်နယ်မြေတွေဖြစ်တဲ့ တိုက်ကြီး၊ အင်းတကော်ဘက်နဲ့ ပုသိမ်ခရိုင်နယ်ဘက်တွေမှာ အဖြစ်များတာ တွေ့ရပါတယ်။ တောရိုင်းဆင်တွေရဲ့အလေ့အထက လူသူကင်းဝေးရာ တောနက်တွေထဲမှာ ကျက်စားတဲ့ သဘာဝရှိတာပါ။ ဒါပေမယ့် ရာသီဥတုနဲ့ လူ့ပယောဂကြောင့် သစ်တောတွေပြုန်းတီး၊ စားကျက်တွေ ပျက်စီးပြီး အစာရေစာ ရှားပါးပြတ်လပ်လာတဲ့အခါ သီးနှံဥယျာဉ်ခြံစိုက်ခင်းတွေရှိရာကို ဝင်ရောက်လာပြီး လမ်းကြောင်းမှာရှိတဲ့ တွေ့တဲ့လူသူတွေကို အန္တရာယ်ပြုတော့တာပါ။

ဒါကြောင့်မို့ တောဆင်ရိုင်းတွေ ဝင်လာတတ်တဲ့ လမ်းကြောင်းနဲ့ နီးစပ်ရာ ကျေးလက်တောရွာတွေမှာ နေထိုင်သူတွေဟာ ချိန်ခါမရွေး ဝင်လာတတ်တဲ့ ဆင်ရိုင်းအန္တရာယ်အတွက် အသွားအလာ အနေအထိုင် အမြဲသတိရှိနေရမှာဖြစ်ပါတယ်။ အာရှတိုက်မှာ အိန္ဒိယပြီးရင် မြန်မာနိုင်ငံဟာ ဆင်ကောင်ရေအများဆုံးရှိတဲ့ နိုင်ငံလို့ဆိုပါတယ်။ အခုအခါမှာတော့ မဆင်မခြင် တောရိုင်းတိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး တရားမဝင်ကူးသန်းရောင်းဝယ်မှုတွေပြုနေကြလို့ ဆင်ကောင်ရေဟာ ကြောက်ခမန်းလိလိ ကျဆင်းလာပြီး မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နေတာကြောင့် ဆင်ကို လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်တွေစာရင်းမှာ ထည့်သွင်းထားရပြီးဖြစ်ပါတယ်။ မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့ တောရိုင်းတိရစ္ဆာန်တွေကို သတ်ဖြတ်တာ၊ အမဲလိုက်တာ၊ အနာတရဖြစ်စေတာတွေကို ပြုရင် ထောင်ဒဏ် ၃ နှစ်ကနေ ၁၀ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမယ်လို့ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေ သတ်မှတ်ထားရှိပါတယ်။

မိန်းမလှကျွန်းမှ မိကျောင်းများ။

အဆိပ်အတောက်ရှိတဲ့ အစားအစာတွေကို စားမိလို့ သေဆုံးကြတဲ့အထဲမှာ မှိုပြီးရင် ဒုတိယအများဆုံးက ငါးပုတင်းစားမိလို့ သေဆုံးကြရတာဖြစ်ပါတယ်။ ငါးပုတင်းရဲ့ အင်္ဂလိပ်အမည်က Puffer Fish ဖြစ်ပါတယ်။ ရေငန်ငါးမျိုးဖြစ်ပြီး မျိုးစိတ်အများအပြားရှိပါတယ်။ ငါးပုတင်းမျိုးစိတ်တိုင်းလိုလို အဆိပ်ရှိပြီး အဆိပ်တည်ရှိရာ အပိုင်းကအသည်းနဲ့ တချို့ငါးပုတင်းမျိုးစိတ်တွေမှာ အရေခွံမှာလည်း အဆိပ်ကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာ တွေ့ရှိရတဲ့ ငါးပုတင်းမျိုးစိတ်တိုင်းမှာ အဆိပ်ရှိပါတယ်။

ငါးပုတင်းမှာတွေ့ရှိရတဲ့ အဆိပ်အမျိုးအစားက (Tetrodotoxin) အဆိပ်အမျိုးအစားဖြစ်ပြီး စားမိပါက လူကို သေစေနိုင်တဲ့ အဆိပ်အမျိုးအစားဖြစ်ပါတယ်။ လေ့လာသိရှိချက်တွေအရ မြန်မာနိုင်ငံအတွင်း ငါးပုတင်းစားမိလို့ သေဆုံးသူတွေဟာ ငါးပုတင်း အသည်းနဲ့ဥတွေကို စားသုံးမိပြီး သေဆုံးကုန်ကြတာဖြစ်ပါတယ်။ တချို့က ငါးပုတင်းဝမ်းဗိုက်ကို ကွက်လီးဖယ်ထုတ်ပြီး ချက်ပြုတ်စားသုံးကြပါတယ်။ ဂျပန်လိုနိုင်ငံမှာ ငါးပုတင်းကိုစားသုံးဖို့ ခုတ်ထစ်လှီးဖြတ်ပေးတဲ့သူတွေဟာ သီးသန့်လိုင်စင်ရှိရတယ်လို့ ဂျပန်မိတ်ဆွေတစ်ဦးက ပြောပြပါတယ်။ ဒါတောင် ဂျပန်မှာ ငါးပုတင်းစားမိလို့ နှစ်စဉ်သေဆုံးရတဲ့စာရင်းတွေ ရှိတယ်လို့ ဖတ်ရှုရပါတယ်။ ငါးပုတင်းမှာ အဆိပ်ရှိကြောင်းမသိလို့ စားမိတာကို ခွင့်လွှတ်နိုင်ပေမယ့် အဆိပ်ရှိမှန်းသိရက်နဲ့ အရဲစွန့်ပြီး စားတာကိုတော့ မိုက်မဲတယ်လို့ဆိုချင်ပါတယ်။

ကံကိုယုံ၍ ဆူးပုံမနင်းရာ

မြန်မာမှုနယ်ပယ်မှာကျားရဲရာကြမ္မာမရိုးသာ၊ ကံကိုယုံ၍ ဆူးပုံမနင်းရာရယ်လို့ ဆိုရိုးစကားရှိပါတယ်။ ကျားပေါ်တဲ့တောထဲကို ကံကိုယုံပြီး ဇွတ်တိုးဖို့မသင့်ဘူးလို့ ဆိုလိုတာပါ။ ထိုနည်းတူ ကံကောင်းရင်တော့ ဆူးစူးမှာမဟုတ်ဘူးလို့ ယုံကြည်ပြီး ဆူးပင်ကိုတက်နင်းရင်တော့ ဆူးစူးမိမှာ မလွဲကေန်ပါ။ ဒါကြောင့် မိကျောင်းရဲတဲ့နေရာတွေ၊ ဆင်ရိုင်းတွေ လာတတ်တဲ့နေရာတွေကို အရဲစွန့်ပြီး အကာအကွယ်မဲ့စွာနဲ့ လုပ်ကိုင်သွားလာလှုပ်ရှားကြဖို့ မပြုသင့်ဘူးလို့ အကြံပြုလိုပါတယ်။

ဘိုကလေးမြို့နယ်ထဲမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနကနေ မိကျောင်းအန္တရာယ်ရှိသည် ရေထဲမဆင်းရ ဆိုတဲ့သတိပေးဆိုင်းဘုတ်တွေက မိန်းမလှကျွန်းပတ်ဝန်းကျင်ကျေးရွာတွေမှာ စိုက်ထူပေးထားတယ်လို့ သိရပါတယ်။ ဒါကြောင့် ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်လို့ဆိုသလို မိကျောင်းရန်၊ ဆင်ရိုင်းရန်တွေ အများဆုံးကြုံကြရတဲ့ဒေသတွေမှာ ဒေသခံတွေဟာ အသက်အန္တရာယ်ပြုတတ်တဲ့ တောရိုင်းတိရစ္ဆာန်သဘာဝကို လေ့လာထားကြဖို့နဲ့ အတင့်မရဲဘဲ အသွားအလာ အနေအထိုင်ကို အထူးသတိပြု ဆင်ခြင်ကြဖို့ရာ တိုက်တွန်းလိုက်ရကြောင်းပါဗျာ...။ ။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်စဉ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)နှင့် သီးနှံထိခိုက်ပျက်စီးမှုအပေါ် ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာမြေလုပ်ကိုင်လျက်ရှိသည့် တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ(၇)နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများထိခိုက် ပျက်စီးမှုအပေါ် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်က နတ်သူရဲကျေးရွာအုပ်စု ပေါစံခါကျေးရွာရှိ စိုက်ပျိုးရေးပညာပေး ရှင်းလင်းဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)သည် တောင်သူလယ်သမားများ၏ သားစဉ်မြေးဆက် ဆက်လက်လုပ်ပိုင်ခွင့်ပြုလက်မှတ်ဖြစ်ကြောင်း၊ ယင်းလုပ်ပိုင်ခွင့်ပြုလက်မှတ်သည် လယ်ယာမြေစိုက်ပျိုးစရိတ် ထုတ်ယူခြင်းနှင့် မိမိလယ်ယာမြေ၏တန်ဖိုးကို ဖော်ပြသော လက်မှတ်ဖြစ်သည့်အတွက် မပျောက်မပျက် ထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း ပြောကြားပြီး ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်က လယ်ယာမြေလုပ်ကိုင်လျက်ရှိသည့် တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံစံ(၇)နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများထိခိုက်ပျက်စီးမှုအပေါ် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပေးအပ်ပွဲတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာမှ တောင်သူ ၅၃ ဦး၊ လယ်ယာမြေ ၉၉ ဒသမ ၃၆ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများထိခိုက်ပျက်စီးသွားသော ကျေးရွာ ရှစ်ရွာမှ တောင်သူ ၄၇၉ ဦး စိုက်ပျိုးမြေ ၉၃၉ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးမိုး(မြန်/ဆက်)

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

စစ်တွေ မေ ၁၂

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်၍ ထောက်ပံ့ပေးအပ်သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တိုက်ပွဲရှောင်စုရပ်များမှ ကိုယ်စားလှယ်များအား တစ်လစာ ဆန်ရိက္ခာအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

အခမ်းအနားသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုက်ပွဲရှောင်စုရပ်များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်မည်

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့် ပတ်သက်သည့် အချက်အလက်များကိုရယူပြီး အဆိုပါပဋိပက္ခများကို ဖြေလျှော့ပေးနိုင်ရန်နှင့် တည်ငြိမ်အောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတိုတွင် မည်သို့ဆောင်ရွက်သင့်သည်၊ ရေရှည်တွင် မည်သို့ဆောင်ရွက်ရမည်စသည့် အချက်အလက်များကို ပြည်ထောင်စုအစိုးရထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ်လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း သံဃာတော်များ၏သြဝါဒကိုခံယူပြီး အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ၏ ဆွေးနွေးတင်ပြချက်များသည် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများအတွက် ဖြေရှင်းရန်ကောင်းမွန်သည့် အချက်အလက်များ ဖြစ်သည့်အတွက် ကြားဖြတ်အစီရင်ခံစာကို ရေးသားတင်ပြခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တင်ပြခဲ့ပါကြောင်း၊ အထူးသဖြင့် တိုက်ပွဲရှောင်များနှင့်ပတ်သက်၍ မိုးမကျမီ အမိုးအကာအောက်ရောက်ရှိရေး တင်ပြခဲ့ရာ စခန်းများတွင် အဆောက်အအုံများ အမြန်ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် စားသောက်ရေးကို ထောက်ပံ့ကူညီပေးသွားမည် ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဒေသနေပြည်သူများ အကျိုးရှိနိုင်

ပဋိပက္ခဖြစ်ပွားမှုများကို မည်သည့်နည်းဖြင့် ပြေလျော့စေမည်၊ မည်သည့်နည်းဖြင့် ပြေငြိမ်းအောင်ဆောင်ရွက်နိုင်မည်စသည်တို့ကို အကြံပြုတင်ပြဆွေးနွေးနိုင်မည်ဆိုပါက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ ကော်မတီနှင့် ဒေသနေပြည်သူများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ပါကြောင်း၊ တင်ပြဆွေးနွေးကြရာတွင် အချက်အလက်များဖြင့် တင်ပြဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သည့် စေတနာမေတ္တာများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုက်ပွဲရှောင်စုရပ်များမှ ကိုယ်စားလှယ်များက ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့် စပ်လျဉ်းသည့် သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က တိုက်ပွဲရှောင်စုရပ်များမှ ကိုယ်စားလှယ်များအား တစ်လစာ ဆန်ရိက္ခာအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပူးပေါင်းကူညီဆောင်ရွက်ပေး

ယင်းနောက် ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အကြံပြုဆွေးနွေးတင်ပြကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထောက်ပံ့ငွေများနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိရမည် ဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်စခန်းများ တည်ဆောက်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းစွာ ကြေညာဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ချက်ချင်းဆောင်ရွက်ပေးရမည်များရှိသကဲ့သို့ တင်ပြဆောင်ရွက်ရမည်များလည်း ရှိပါကြောင်း၊ ထပ်မံဖွဲ့စည်းထားသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုအဖွဲ့အား ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားတွင် ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင် မြို့နယ်တို့မှ တိုက်ပွဲရှောင်အိမ်ထောင်စု ၇၂၅၇ စု၊ လူဦးရေ ၂၉၈၃၉ အတွက် တစ်လစာ ရိက္ခာဆန်ထောက်ပံ့ငွေ ကျပ် ၂၆၈၅ ဒသမ ၅၁ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပို့ဆောင်နှုတ်ဆက်

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သည့်အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးကျော်လင်း ပုလုံးတုံးတုံး တံတားတည်ဆောက်ရေးစီမံကိန်း၊ မြိတ်-ကော့သောင်းလမ်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် မေ ၁၀ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့အနီးရှိ ပုလုံးတုံးတုံး တံတားတည်ဆောက်ရေးစီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဦးကျော်လင်း ပုလုံးတုံးတုံး တံတားတည်ဆောက်ရေးစီမံကိန်း၊ မြိတ်-ကော့သောင်းလမ်းနှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား ကြည့်ရှုစစ်ဆေးစဉ်။

အရည်အသွေးပြည့်မီရေး ဦးစားပေးဆောင်ရွက်

ရှေးဦးစွာ တံတားရှင်းလင်းဆောင်တွင် တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတားအုတ်မြစ်နှင့် တံတားပုံစံကို မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် ရေးဆွဲခဲ့မှုနှင့် ပင်လယ်လှိုင်းဒဏ်၊ လျှင်ဒဏ်ခံနိုင်ရန် ပုံစံထုတ်လုပ်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက တံတားတည်ဆောက်ရေးလုပ်ငန်းအစီအစဉ်နှင့် ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးမှု၊ ရန်ပုံငွေရရှိမှုနှင့် ထပ်မံလိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့က တံတားပြီးစီးမှုအခြေအနေများကို တံတားရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေး (QC) စစ်ဆေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး အရည်အသွေးပြည့်မီရေး ဦးစားပေးဆောင်ရွက်ရန်၊ ပင်လယ်ရေနှင့် ထိစပ်နေသော တံတားဆောက်လုပ်မှုအပိုင်းဖြစ်သည့်အတွက် Construction Materials များတွင် ဆားဓာတ်ပါဝင်မှုမရှိစေရေး သေချာစွာစိစစ်အသုံးပြုရန်နှင့် Concrete လောင်းရာတွင်လည်း Chloride Test ကို အမြဲတမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

တံတားတည်ဆောက်နေမှု ကြည့်ရှု

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၁ ရက်တွင် မြိတ်-ကော့သောင်းလမ်း မိုင်တိုင် အမှတ် (၂၂၆/၄) နှင့် (၂၂၆/၅) ကြား စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ်လမ်းခင်းနေမှု၊ မိုင်တိုင်အမှတ် (၁၇၂/၆) အနီး ကျောက်ကြီးချောင်း ပေ ၁၃၀ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှု၊ လေညာ - ရတနာပုံလမ်း ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ၆ ဒသမ ၂ ကီလိုမီတာနှင့် ၆ ဒသမ ၃ ကီလိုမီတာအကြား ပေ ၆၀ အရှည် သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တံတားဒီဇိုင်းပုံစံထုတ်လုပ်ခဲ့မှု ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိတ်-ကော့သောင်းလမ်း မိုင်တိုင်အမှတ် (၄၉/၄) အနီးရှိ မီတာ ၄၄၀ အရှည်ရှိသော တနင်္သာရီတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိခဲ့ကြရာ တံတားရှင်းလင်းဆောင်တွင် တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်နှင့် တံတားတည်ဆောက်ရေးတာဝန်ခံ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းတို့က တံတားဒီဇိုင်းပုံစံထုတ်လုပ်ခဲ့မှု၊ တံတားဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ရန်ပုံငွေ အလေအလွင့် ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားရှင်းလင်းဆောင်မှ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ပုံငွေ အလေအလွင့် ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းအရည်အသွေးပြည့်မီကောင်းမွန်စွာ ဆောင်ရွက်ကြရန်နှင့် တံတားကြီးပြီးစီးသွားပါက တံတားဟောင်းမှ ဆယ်တင်ရရှိသော တံတားဘေလီပေါင်များကို တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော ကျေးရွာနေပြည်သူအများစု အကျိုးပြုစေမည့် ကျေးလက်လမ်းများပေါ်တွင် ရွှေ့ပြောင်းအသုံးပြုသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၂- ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

နေပြည်တော်စည်ပင်ဘဏ်လီမိတက် ယုံကြည်စိတ်ချရသော ဘဏ်တစ်ခုအဖြစ်ရောက်ရှိရန် အားလုံးဝိုင်းဝန်းကြိုးပမ်း

နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပစဉ်။

နေပြည်တော် မေ ၁၂

နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော် စည်ပင်ဘဏ်လီမိတက်နာယက ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိမ်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအောင်မြင့်ထွန်း၊ ဦးတင်ထွန်း၊ ဗဟိုစီးပွားရေးကော်မတီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များဖြစ်ကြသော ဦးမင်းသူ၊ ဒေါ်စံပယ်ထွေး၊ ဦးမင်းသိမ်း၊ ဦးဆန်းနိုင်နှင့် ဦးကျော်ဇင်လတ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ မိတ်ဖက်ဘဏ်များမှ တာဝန်ရှိသူများနှင့် နေပြည်တော်စည်ပင်ဘဏ်လီမိတက်မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

မတည်ရင်းနှီးငွေ တိုးမြှင့်ထည့်ဝင်

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် နေပြည်တော်စည်ပင်ဘဏ်လီမိတက်နာယက ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဘဏ်၏လက်ရှိကောင်းမွန်တည်ငြိမ် ခိုင်မာမှုကို ဆက်လက် ထိန်းသိမ်းထားရှိပြီး ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံ စာရင်းကိုင်စံများနှင့်အညီ ညွှန်ကြားချက်များအား လိုက်နာ၍ တိုးတက်ပြောင်းလဲလာသော Digital Banking ကို IT နည်းပညာကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခိုင်မာစိတ်ချ၊ ယုံကြည်စိတ်ချရသော ဘဏ်တစ်ခုဖြစ်အောင် မတည်ရင်းနှီးငွေများကိုလည်း နှစ်စဉ် တိုးမြှင့်ထည့်ဝင် ဆောင်ရွက်သွားပြီး ပိုမိုတိုးတက်အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ်သို့ ရောက်ရှိရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အစီရင်ခံစာ ဖတ်ကြားတင်ပြ

ဆက်လက်၍ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး နေပြည်တော်စည်ပင်ဘဏ် လီမိတက် အမှုဆောင်အရာရှိချုပ် ဦးခင်လတ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။

ထို့နောက် အခမ်းအနားမှူးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းအားကြေညာပြီး Managing Partner JF-Group Audit Firm မှ ဦးဝမ်းတင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကို တင်ပြသည်။

ရှေ့လုပ်ငန်းစဉ်တင်ပြ

ဆက်လက်၍ နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က ဆက်လက်တင်ပြပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် ဦးဝင်းသင် (Win Consulting Limited) အား ရွေးချယ်ခန့်အပ်ခဲ့ကာ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် သဘာဝဘေးကြောင့် နိမ့်ကျပျက်စီးသွားသော ဆွာချောင်းတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် သဘာဝဘေးဒဏ်ကြောင့် နိမ့်ကျပျက်စီးသွားသည့် အရှည် ပေ ၈၁၀ ရှိ ဆွာချောင်းတံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် - မန္တလေးအမြန်လမ်း (ရန်ကုန် -နေပြည်တော်လမ်းအပိုင်း)အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၁၆၅ / ၁ နှင့် ၁၆၅ / ၃) တို့ အကြားရှိ သဘာဝဘေးဒဏ်ကြောင့် နိမ့်ကျပျက်စီးသွားသည့် အရှည် ပေ ၈၁၀ ရှိ ဆွာချောင်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃) မှ ညွှန်ကြားရေးမှူး (မြို့ပြ)ဦးထွန်းလင်းက သဘာဝဘေးဒဏ်ကြောင့် ဆွာချောင်းတံတား ရေတိုက်စားပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ယာယီဘေလီတံတား အမြန်ဆုံးဆောင်ရွက်ခဲ့မှု၊ ယာယီဘေလီတံတားအား သတ်မှတ်ခံနိုင်ရည်ရှိရန် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့နှင့် ဆောင်ရွက်ထားရှိမှု၊ မေ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်အတွင်း ယာယီဘေလီသံပေါင်များ ဖြုတ်သိမ်းပြီးစီးမှု၊ နိမ့်ကျသွားသော တံတားတိုင်များအား Jack Up ဆောင်ရွက်ခြင်း၊ Bearing များ အထိုင်ချခြင်းနှင့် နေ့ရက်အလိုက် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဦးစားပေးဆောင်ရွက်

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေး၊ ခရီးသွားပြည်သူများ သွားလာရာတွင် အဆင်ပြေရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတိုင်အမှတ် RP (7) တွင် Bearing Pin များ တပ်ဆင်ခြင်း ၊ High Early Stregth Concrete သွန်းလောင်းခြင်း၊ Bearing အထိုင်ချ Grouting ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန် - မန္တလေးအမြန်လမ်းပေါ်ရှိ ဆွာချောင်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးနှင့် ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန် နေပြည်တော်မှ ရန်ကုန်အသွားလမ်းပေါ်ရှိ ကျန်ရှိတံတားပေါ်မှ မော်တော်ယာဉ်များကို အသွားအပြန် ခွင့်ပြုပေးထားသည်။

လိုက်နာဆောင်ရွက်နိုင်ရေး သတိပေး

ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သတိပေးဆိုင်းဘုတ်များ၊ အသိပေးဆိုင်းဘုတ်များလည်း တပ်ဆင်ထားရှိပြီး ယာဉ်မောင်းသူများအနေဖြင့်လည်း သတ်မှတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး သတိပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ လွိုင်ကော်မြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံ

လွိုင်ကော် မေ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့သည် ယနေ့ညနေပိုင်းတွင် ကယားပြည်နယ်၏မြို့တော် လွိုင်ကော်မြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ရတနာစိန်ဖူးတော်အား လွိုင်ကော်မြို့ မြို့နာမ်စေတီတော်သို့ ကြိုဆိုပင့်ဆောင်လာစဉ်။

အလှူငွေများ လှူဒါန်း

စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့မှ လွိုင်ကော်မြို့သို့ ပင့်ဆောင်၍ ဒေသစာရီကြွချီအပူဇော်ခံရာ လမ်းခရီးတစ်လျှောက်တွင် ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးတည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ လှူဒါန်းကြသည်။

ကြိုဆိုပင့်ဆောင်

ယင်းနောက် ကယားပြည်နယ်၏မြို့တော် လွိုင်ကော်မြို့အဝင်သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရ အဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နာမ်စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက မင်္ဂလာစည်တော်၊ ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ လွိုင်ကော်မြို့ မြို့နာမ်စေတီတော်သို့ စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင်ကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိ သူများက မြို့နာမ်စေတီတော်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်၍ ယာယီအပူဇော်ခံမည့် မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် ငြိမ်းချမ်းရေးတရားတော်များကို လွိုင်ကော်မြို့သာသနာ့ဗိမာန်တော်ကြီး၌ ဟောကြားချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့က တရားတော်ကို နာယူကြည်ညိုကြသည်။ တရားပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဟန်လင်းနိုင်

ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စတူဒီယိုများ၌ အပေးအယူ ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းများ လာရောက်ရိုက်ကူး

ရန်ကုန် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စတူဒီယိုများ၌ ယနေ့နံနက်ပိုင်းမှစတင်၍ Life + ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ) က “အပေးအယူ” ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ကို လာရောက်ရိုက်ကူးကြကြောင်း သိရသည်။

အဆိုပါ ဇာတ်ဝင်ခန်းများ လာရောက်ရိုက်ကူးမှုနှင့် ပတ်သက်၍ ဒါရိုက်တာစတီးလ်က “အခုနောက်ပိုင်း ရုပ်ရှင်ရိုက်ရင် စတူဒီယိုတွေမှာ ရိုက်တာများတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရုပ်ရှင်ထွန်းကားတဲ့နိုင်ငံတွေမှာလည်း စတူဒီယိုတွေပဲ အသုံးပြုတာများတယ်။ ဒီမှာ ပုဂ္ဂလိက စတူဒီယိုဆိုတာမရှိဘူး။ ဟိုးအရင်ကတည်းကလည်း ဒါကို ရုပ်ရှင်မြှင့်တင်ရေးလို့ ခေါ်တာပေါ့။ ဒီမှာရှိတဲ့ စတူဒီယိုတွေမှာပဲ ရိုက်ခဲ့ကြတယ်။ အခုနောက်ပိုင်း ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေက ရုပ်ရှင်သမားတွေအတွက် အဆင်ပြေအောင် အခုလို ပြုပြင်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ ပိုပြီးအဆင်ပြေတယ်။ ဒီမှာ ဇာတ်ကားကို မေ ၁၅ ရက်အထိ ရိုက်ကူးဖို့ရှိတယ်။ ထောင်တို့၊ တရားရုံးတို့၊ ရဲစခန်းတို့ ဆက်တင်တွေ ပြင်ဆင်ထားတာရှိတယ်။ မော်ဒယ်ရှိုး လျှောက်တာရှိမယ်။ စတူဒီယိုတွေရှိတဲ့အတွက် ဆင်ပြီး ရိုက်ရတာ ပိုပြီးအဆင်ပြေတယ်။ ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက် မဖြစ်ဘူး။ ပတ်ဝန်းကျင်ကလည်း ကျွန်တော်တို့ကို အနှောင့်အယှက် မရှိဘူး။ အဲဒီလို အဆင်ပြေတဲ့အတွက် ဒီမှာ ပြင်ဆင်ပြီး ရိုက်ဖြစ်တာပါ။

ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ)

အကယ်ဒမီ ဇင်ဝိုင်း

ကလေးသရုပ်ဆောင် နန်းထိပ်ထား

စတူဒီယို သုံးခုလုံးကို ယူလိုက်ခြင်းအားဖြင့် အချိန်ပေးပြီး သေချာရိုက်ရတာ အဆင်ပြေတယ်။ စတူဒီယိုတစ်ခုစီမှာ ဆက်တင်တွေ တစ်မျိုးစီ ဆင်ထားတဲ့အတွက် ရိုက်ရတာ ပိုအဆင်ပြေတယ်။ အဓိကက နေရာပဲ။ နေရာရှိရင် လိုချင်တဲ့ပုံဖော်ပြီး ဆက်တင်ဆိုတာ ပြုပြင်ပြီး ရိုက်သွားလို့ရတယ်။ စတူဒီယို သုံးခုလုံးကို တစ်ပြိုင်တည်းပြင်ဆင်ပြီး ရိုက်တဲ့အတွက် အချိန်မကုန်တော့ဘူး၊ ကြိုပြင်ဆင်ထားတဲ့အတွက် ရုပ်ရှင်ရိုက်ကူးရတာ အဆင်ပြေတယ်။ ဒီမှာ ဇာတ်လမ်းရဲ့သုံးပုံ နှစ်ပုံ ရိုက်ကူးဖြစ်မယ်။ ဒီမှာပြီးရင် နေပြည်တော်၊ ပြင်ဦးလွင်နဲ့ ဗီယက်နမ်နိုင်ငံမှာ သွားရိုက်ဖို့ရှိတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပေးတဲ့အတွက် ရိုက်ကူးရေးမှာ အားလုံးအဆင်ပြေပါတယ်။ အခု ပြန်ပြုပြင်ပြီးတဲ့ အချိန်မှာ မြင်တဲ့အတိုင်း ကားတွေအများကြီး ရပ်လို့ရတယ်။ နေရာကျယ်တဲ့အတွက် လုပ်စရာတွေ အများကြီးလုပ်ခွင့်ရလာတယ်။ ဒီထက်ပိုပြီး စတူဒီယိုတွေကို ထပ်ပြီးဖြည့်ဆည်းလို့ရရင် ဖြည့်ဆည်းပေးဖို့ တောင်းဆိုချင်ပါတယ်” ဟု ပြောသည်။

ကလေးသရုပ်ဆောင် နန်းထိပ်ထားကလည်း “သမီးက နေပြည်တော်မှ လာရိုက်တာပါ။ သရုပ်ဆောင်ရတာ ဝါသနာပါပါတယ်။ ဒါရိုက်တာက ခဏခဏလေ့ကျင့်ပေးတဲ့အတွက် သရုပ်ဆောင်ရတာ အဆင်ပြေပါတယ်။ သမီးက ရွှေသမီးရဲ့ ညီမအနေနဲ့ သရုပ်ဆောင်ရတာပါ”ဟု ပြောသည်။

အကယ်ဒမီ ဇင်ဝိုင်းကလည်း “ကျွန်တော် ဒီဇာတ်ကားမှာ ရှေ့နေနေရာက ပါဝင်ရတာဖြစ်ပါတယ်။ ဒီနေရာက အရင်တုန်းက မိသားစုအိမ်လိုပါပဲ။ ဒီမှာ ရိုက်ကူးရေးရှိတယ်၊ ကား ဆက်တယ်၊ ကူး / ဆေးခန်းရှိတယ်။ ရိုက်ကူးပြီး ဇာတ်ကားတွေကို ဒီမှာပဲ ပြန်ကြည့်တယ်။ အခု ပြန်ကြားရေးဝန်ကြီးဌာနက လုပ်ပေးတဲ့အတွက် အခုဒီမှာ စတူဒီယို (၁)၊ (၂)၊ (၃) ဆိုပြီး ပြန်ပေါ်ထွန်းလာတယ်။ ဒီနေရာက ရုပ်ရှင်လောကသားတွေ သွားလို့၊ လာလို့ လွယ်ကူတယ်။ တစ်သီးတစ်သန့်လေးလည်း ဖြစ်တယ်။ ရိုက်ကူးရတာလည်း အဆင်လည်းပြေတယ်။ ရုပ်ရှင်သမားတွေအတွက် အကျိုးရှိပါတယ်။

တကယ်တမ်း အဆင့်အတန်းမြင့်မားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ချင်တယ်ဆိုရင် စတူဒီယိုတွေဆိုတာ မဖြစ်မနေ လိုအပ်ပါတယ်။ စက်မှုပညာတွေ ထွန်းကားတဲ့၊ ရုပ်ရှင်ထွန်းကားတဲ့နိုင်ငံတွေမှာ စတူဒီယိုဆိုတာကို မဖြစ်မနေ သုံးစွဲနေကြရတယ်။ စတူဒီယိုတွေရဲ့ အားသာချက်က တစ်အချက် တစ်သီးတစ်သန့်ဖြစ်တယ်၊ နှစ်အချက် အချိန်၊ ငွေ ကုန်ကျစရိတ် သက်သာတယ်။ သုံးအချက်အနေနဲ့က အရေးကြီးဆုံးအချက်ပါ။ ပါဝင်ဖန်တီးကြတဲ့ အနုပညာရှင်တွေ၊ ဒါရိုက်တာက အစ၊ သရုပ်ဆောင်တွေ၊ ရုပ်ရှင်အဖွဲ့သားတွေကအစ ဒီဇာတ်ကားပေါ်မှာ အနုပညာ စျာန်ဝင်စားမှုတွေကို ထိန်းသိမ်းပေးနိုင်တယ်။ ဘေးက အနှောင့်အယှက်လည်းနည်းတယ်။ ဒါ စတူဒီယိုတွေရဲ့ အားသာချက်ပါပဲ။ ဒီထက်ကြီးမားတဲ့ စတူဒီယိုတွေ ပေါ်ပေါက်ဖို့ လိုပါသေးတယ်။ ဒါမှသာ လိုအပ်တဲ့ ဇာတ်ဝင်ခန်းတွေကို အထဲမှာ ဆက်တင်လုပ်ယူလို့ရမှာပါ” ဟု ပြောသည်။

“အပေးအယူ” ဇာတ်ကားတွင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီအေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် လည်းကောင်း၊ ရုပ်ရှင် စတူဒီယို (၁)၊ (၂)၊ (၃) တို့ကို ယခုနှစ် မတ် ၉ ရက် တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး စတူဒီယို(၁)ကို ၁၆ ကြိမ်၊ စတူဒီယို(၂) ကို သုံးကြိမ်၊ စတူဒီယို (၃) ကို နှစ်ကြိမ် ငှားရမ်း၍ ရုပ်ရှင်ဇာတ်ကားများ၊ တီဗွီဇာတ်လမ်းများ၊ MTV များ၊ အင်တာဗျူးများ ရိုက်ကူးခဲ့ကြကြောင်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်ထံမှ သိရသည်။

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊
ဓာတ်ပုံ - ရဲထွင်

အပေးအယူ ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းရိုက်ကူးနေမှုကို တွေ့ရစဉ်။

စွန့်ပစ်အမှိုက်ဆိုင်ရာ စီမံခန့်ခွဲမှု ဆရာဖြစ်သင်တန်း ပျဉ်းမနား၌ ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၂ - Clean Yangon နှင့် Clean Pyinmana တို့ပူးပေါင်းဆောင်ရွက်သော အမှိုက်လျှော့ချရေးနှင့် စွန့်ပစ်အမှိုက်ဆိုင်ရာ စီမံခန့်ခွဲမှု အသိပညာပေးသင်ကြားခြင်း ဆရာဖြစ်သင်တန်းကို မေ ၁၄ ရက်မှ မေ ၁၆ ရက်အထိ ပျဉ်းမနားမြို့၌ Clean Yangon စေတနာ့ဝန်ထမ်းများမှ သွားရောက်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ Clean Yangon သည် အမှိုက်လျှော့ချရေး၊ စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးသင်ကြားခြင်း သင်တန်းများနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်တီထွင်အသုံးပြုခြင်းသင်တန်းများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပရဟိတကို စိတ်ဝင်စားသူများအနေဖြင့် ဖုန်း-၀၉-၇၉၉၆၇၀၉၁၄၊ ၀၉-၄၂၀၀၂၆၄၇၇၊ ၀၉ - ၄၂၀၀၂၀၀၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

မြောက်ဘက်စွန်းက ရေခဲတောင်များရှိရာ ပူတာအိုသို့

ခင်ရတနာ

ယမန်နေ့မှအဆက်

ပူတာအိုခရိုင် ခါကာဘိုရာဇီဒေသတွင် သတ္တုများစွာထွက်ရှိပြီး ပူတာအိုမြို့နယ် ရှန်ဂေါင်ကျေးရွာအနီးတွင် ကျောက်စိမ်းတူးဖော်ရရှိနိုင်သည့် ချောင်းများရှိပြီး မချမ်းဘောမြို့နယ်၌ လက်ယက်ရွှေတွင်းများလည်းရှိသည်။ ခေါင်လန်ဖူးမြို့နယ်နှင့် နောင်မွန်မြို့နယ်တို့တွင်လည်း ရွှေ၊ ခဲမဖြူနှင့် သံရိုင်းသတ္တုကျောက်များ ထွက်ရှိသည်။ နောင်မွန်မြို့နယ် ငါးရွာကျေးရွာမှ သံရိုင်းများဖြင့် ရှေးအစဉ်အဆက် လက်နက်နှင့် စေတီပုထိုးများအတွက် လိုအပ်သည့် သံရိုင်းများကို ထုတ်လုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ မှတ်တမ်းများအရ သိရှိရသည်။

အထင်ကရ လည်ပတ်စရာများ

ပူတာအိုဒေသသည် သဘာဝအလှများနှင့် ပြည့်စုံကာ ထင်ရှားသည့်နေရာများနှင့် လည်ပတ်နိုင်သည့်နေရာ များစွာရှိသည်။ ပူတာအိုမြို့နယ်တွင် ရေခဲတောင်များ၊ မူလာရှီးဒီ တံတားရှိ မုန်လန်ချောင်းအလှများ ခံစားနိုင်ခြင်း၊ မချမ်းဘောမြို့နယ်တွင် နမ်းခမ်းရေတံခွန် ခုနစ်ထပ်၊ ကောင်းမှုလုံဘုရား၊ နတ်ကျွန်းဘုရား၊ ဂူဘားရိပ်သာနှင့် ကျောက်နဂါးအပြင် အခြား အထင်ကရနေရာများလည်း ရှိသည်။ ကောင်းမှုလုံဘုရားသည် ပူတာအိုမှ ၁၄ မိုင်ခန့်ကွာဝေးပြီး နတ်ကျွန်းဘုရားသည် မချမ်းဘောနှင့် ပူတာအို နယ်နိမိတ်အကြား တည်ရှိသည်။ မလိခမြစ်ကြောင်းအလယ်တွင် တည်ထားသောဘုရားဖြစ်ပြီး ပူတာအိုမြို့နယ် နောင်ခိုင်ကျေးရွာအထိ ကားဖြင့်သွားရောက်ပြီး နောင်ခိုင်မှ မလိခမြစ်အတွင်း မိနစ် ၂၀ ခန့် စက်လှေစီးနင်းကာ သွားလာနိုင်သည်။

“မေခနဲ့ မလိခမြစ်က ပူတာအိုခရိုင်ထဲမှာ စတင်မြစ်ဖျားခံပါတယ်။ ဒ့ါအပြင် အရှေ့ဘက်ကနေ အရှေ့တောင်ကို စီးလာတဲ့ ထလာဝမ်၊ ဇုံဝမ်၊ ထရန်ဝမ်မြစ်တွေဟာ မေခမြစ်အဖြစ် ခေါင်လန်ဖူး၊ ဆော့လော်နဲ့ ချီဖွေကိုဖြတ်လို့ မြစ်ဆုံမှာ မလိခနဲ့ သွားဆုံပါတယ်။ မြစ်တွေပေါင်းစုံထားတဲ့ မေခမြစ်ဟာ ရေစီးသန်သလို ခက်ထန်တယ်လို့လည်း ဒေသခံတွေက အဆိုရှိကြတယ်။ မလိခမြစ်ကတော့ ပူတာအိုမြို့ရဲ့အရှေ့ဘက် ၁၀ မိုင်အကွာက မြစ်ဖျားခံပြီး နမ်ထွမ်ချောင်း၊ နမ့်ပလပ်ချောင်း၊ နမ်ထီချောင်း၊ မုန်လန်ချောင်း၊ ကဆန်ချောင်း၊ ဆွမ်ပီယန်ချောင်းတို့ စီးဝင်ကြပါတယ်။ ချောင်းတွေ၊ မြစ်တွေဟာ ဒေသခံတွေအတွက် ရေသယံဇာတကို အဓိကဖြည့်ဆည်းပေးထားပါတယ်” ဟု ပူတာအိုမြို့မှ ဒေသခံ ဦးချန်းဖုန်ရမ်က ပြောကြားသည်။

လျှပ်စစ်ဓာတ်အား တိုးမြှင့်ပေးအပ်

ပူတာအိုခရိုင်အတွင်း လျှပ်စစ်မီးရရှိမှုသည် ၂၀၁၈ ခုနှစ်အထိ အသေးစားရေအားလျှပ်စစ်စက်ရုံနှင့် ဒီဇယ်သုံးစက်ရုံများမှ အလှည့်ကျလျှပ်စစ်မီးပေးခြင်းဖြစ်သည်။ ပူတာအိုမြို့တွင် တစ်ရက်လျှင် ၁၉ နာရီနှင့် အခြားမြို့များတွင် တစ်ရက်လျှင် သုံးနာရီခန့် လျှပ်စစ်မီး ရရှိခဲ့ကြသည်။ ၂၀၁၉ ခုနှစ်အတွင်း အထက်နမ့်ထွမ်ရေအား လျှပ်စစ်စီမံကိန်းပြီးစီးသွားသဖြင့် ပူတာအိုမြို့ပေါ်ရှိ ရပ်ကွက် ၁၀ ခု၊ ကျေးရွာ ၂၀ နှင့် မချမ်းဘောမြို့ ရပ်ကွက် လေးခုနှင့် ကျေးရွာသုံးရွာတို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ပေးအပ်နိုင်ခဲ့ပြီး အခြားမြို့နယ်များကိုလည်း တစ်ရက်လျှင် ငါးနာရီခန့် လျှပ်စစ် တိုးမြှင့်ပေးအပ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ လျှပ်စစ်မီးတိုးတက်ရရှိမှုကြောင့် မိသားစု တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခဲ့ပြီး လူနေမှုဘဝများ မြင့်မားလာသည်ကိုလည်း မြင်တွေ့ရသည်။

ဆက်သွယ်ရေး အားကောင်းလာ

ပူတာအိုဒေသသည် ၂၀၁၄ ခုနှစ်အထိ CDMA နှင့် IP Star လိုင်းများသာ သုံးစွဲ၍ရခဲ့ပြီး ယခုအချိန်တွင် ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်မြို့နယ်များတွင် MPT၊ Ooredoo၊ Mytel၊ Telenor လိုင်းများ သုံးစွဲ၍ရရှိသည်အထိ တိုးတက်လာခဲ့ပြီး နောင်မွန်မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ်များတွင် CDMA၊ MEC ဖုန်းလိုင်းများ သုံးစွဲ၍ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

“ဒေသခံတွေအတွက် သင့်တော်တဲ့အလုပ်အကိုင် ပေါ်ပေါက်လာမှသာ သဘာဝသယံဇာတတွေကိုလည်း ထိန်းသိမ်းရာရောက်ပြီးသား ဖြစ်မှာပါ။ ပူတာအိုက တောင်ပေါ်ဒေသဖြစ်ပြီး အမြဲတမ်းစိုက်ပျိုးမြေလည်း နည်းပါးတယ်။ သစ်တောထွက်ပစ္စည်းတွေအပေါ်မှာ အဓိကမှီခိုအသက်မွေးနေကြရတယ်။ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေဖြစ်လို့ တရားဥပဒေစိုးမိုးမှုလည်း ယခုထက်ပိုပြီး အားကောင်းဖို့ လိုအပ်နေပါတယ်။ ဒါကိုလုပ်ဆောင်ဖို့ အစိုးရ၊ ဒေသခံနဲ့ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွေ ပိုမိုအားထည့် လက်တွဲဆောင်ရွက်ဖို့ လိုအပ်တယ်” ဟု ဒေသခံ မအမ်ဆိုင်းလက ပြောသည်။

ဖွံ့ဖြိုးမှုမှသည် အောင်မြင်မှုများဆီ

ပူတာအိုခရိုင်သည် သဘာဝတောတောင်များ၊ မြစ်ချောင်းများပေါများသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခက်အခဲရှိသော်လည်း နိုင်ငံတော်မှ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် မြစ်ကြီးနား-ပူတာအိုလမ်းပိုင်း၊ ပူတာအို-နောင်မွန်လမ်းပိုင်းနှင့် ပူတာအို-ခေါင်လန်ဖူးလမ်းပိုင်းများကို အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ပေးနိုင်ခဲ့သည်။ ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲလာခြင်း၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲလာခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများလည်း အနည်းငယ်အရှိန်ရ အားကောင်းလာခြင်းတို့ကို မြင်တွေ့ရပြီး မကြာတော့သည့် ကာလများအတွင်း ပြည်တွင်းပြည်ပ သဘာဝချစ်မြတ်နိုးသူ ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဆိုပါက ဒေသခံပြည်သူများအတွက် ပုံမှန်ဝင်ငွေများ ရရှိလာနိုင်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူဖြစ်လာစေနိုင်ကြောင်းကို မြင်တွေ့ရသည်။

“ပုံမှန်ခရီးသွားရတာနဲ့တော့ မတူပါဘူး။ ရေခဲတောင်တွေကို လေ့လာမယ်။ သဘာဝတောကြီးတွေထဲမှာ သဘာဝတရားတွေကို လိုက်လံခံစားမယ်ဆိုရင်တော့ အဆင်ပြေပါတယ်။ ကုန်ကျစရိတ်ကတော့ ရှိတာပေါ့။ ဒါက လမ်းပန်းဆက်သွယ်ရေးပိုကောင်းလာတာနဲ့အမျှ ကုန်ကျစရိတ်က သက်သာလာမှာပါ။ ခရီးသွားတွေလည်း အခုနှစ်ပိုင်းမှာ ပိုမိုဝင်ရောက်လာကြတယ်။ ခရီးသွားလုပ်ငန်းတွေ အတော်များများလည်း အခြေစိုက်လာဖွင့်ကြတာ ရှိတယ်။ ဒေသခံတွေကလုပ်တဲ့ ခရီးသွားလုပ်ငန်းတွေလည်းရှိတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ် ဒေသခံတွေနဲ့ ချိတ်ဆက်ပြီး လေ့လာကြတာရှိတယ်။ ခရီးသွားလုပ်ငန်းသာ အောင်မြင်သွားရင် ဒေသအတွက် အများကြီး အကျိုးရှိမယ်” ဟု ပူတာအိုဒေသခံ ဦးချန်းဖုန်ရမ်က ပြောကြားရင်း ဒေသခံများအတွက် တိုးတက်ဖွံ့ဖြိုးရေး ရောင်ခြည်များကတော့ ယှက်ဖြာလျက်ရှိနေပါကြောင်း။ ။

“ပူတာအိုဒေသသည် သဘာဝအလှများနှင့် ပြည့်စုံကာ ထင်ရှားသည့်နေရာများနှင့် လည်ပတ်နိုင်သည့်နေရာ များစွာရှိသည်။ ပူတာအိုမြို့နယ်တွင် ရေခဲတောင်များ၊ မူလာရှီးဒီ တံတားရှိ မုန်လန်ချောင်းအလှများ ခံစားနိုင်ခြင်း၊ မချမ်းဘောမြို့နယ်တွင် နမ်းခမ်းရေတံခွန် ခုနစ်ထပ်၊ ကောင်းမှုလုံဘုရား၊ နတ်ကျွန်းဘုရား၊ ဂူဘားရိပ်သာနှင့် ကျောက်နဂါးအပြင် အခြားအထင်ကရနေရာများလည်းရှိ”

ကြိုးကြာ(ခေါင်းမည်း) Common Crane (Grus grus) (1)

ပန်ဒါနီ (Red Panda) Ailurus fulgens

ဆားချီအပွင့် (ဆေးပိန်းဥ)

အပူလျော့ပိုင်းမြေနိမ့်တော Subtropical Lowland Forest

တောင်ဇလပ်တော Rhododendron Forest

MNA လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း မန္တလေးလေဆိပ်အဆင်းတွင် ရှေ့ဘီးချမရသော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာမရရှိဘဲ ဆင်းသက်နိုင်ခဲ့

မန္တလေး မေ ၁၂

Myanmar National Airlines လေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY-AGQ, Embraer 190 လေယာဉ်သည် (ခရီးစဉ်အမှတ် UB103) ဖြင့် ခရီးသည် ၈၂ ဦး တင်ဆောင်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဆင်းတွင် လေယာဉ်ရှေ့ဘီး ချမရသော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေဘဲ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

တစ်စုံတစ်ရာ ထိခိုက်မှုမရှိ

အဆိုပါလေယာဉ်သည် ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်က ရန်ကုန်လေဆိပ်မှ မန္တလေးသို့ ထွက်ခွာလာခဲ့ပြီး မန္တလေးလေဆိပ်သို့ ၈ နာရီ ၁၇ မိနစ်တွင် ဆင်းသက်ရမည် ဖြစ်သော်လည်း လေယာဉ်ဆင်းသက်ချိန်တွင် လေယာဉ်၏ ရှေ့ဘီး Nose Landing Gear မကျသဖြင့် ၈ နာရီ ၂၆ မိနစ်တွင် Air Traffic Control Tower ကို သတင်းပေးပို့ပြီး လေထဲ၌ပျံဝဲကာ လေဆိပ်သို့ ၉ နာရီ ၆ မိနစ်တွင် လေယာဉ်နောက်ဘီးကို စတင်ချ၍ ဆင်းသက်ပြီး အမြန်နှုန်းကုန်ဆုံးသွားသည့် အချိန်တွင် လေယာဉ်အရှေ့ပိုင်းကိုချ၍ ဆင်းသက်နိုင်ခဲ့ခြင်းကြောင့် လေယာဉ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

"ဒီလေယာဉ်က မန္တလေးလေဆိပ်ကို ဆင်းခါနီးမှာ လေယာဉ်ရဲ့ Nose Landing Gear က အလုပ်မလုပ်ဘူး။ Normal Function မဖြစ်ဘူးလို့ သတင်းပို့ပြီး လေထဲမှာပဲ ဆီကုန်အောင် ဝဲပျံပြီး အဆင်းမှာ နောက်ဘီးကို အရင်ချပြီး အရှိန်ကုန်သွားတဲ့အချိန်ကျမှ လေယာဉ်အရှေ့ပိုင်းကို အနည်းငယ်ငိုက်ပြီး ဆင်းသက်လာတဲ့အတွက် ပေ ၅၀၀၀ လောက်မှာ လေယာဉ်ဦးစိုက်အနေအထားနဲ့ ရပ်တန့်သွားတယ်။ လေယာဉ်ပေါ်မှာ ခရီးသည် ၈၂ ဦးနဲ့ လေယာဉ်အမှုထမ်း ၇ ဦးပါလာပြီး အားလုံး ထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ ဆင်းသက်နိုင်ခဲ့ပါတယ်။ ဒီလိုသတင်းကြားကြားချင်း အရေးပေါ်အစီအစဉ်တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေ အားလုံးက ကြိုတင်ဆောင်ရွက်ထားပြီး လိုအပ်တဲ့ အကူအညီတွေကို ပေးခဲ့ကြပါတယ်။ လက်ရှိအခြေအနေအရ ၄ နာရီလောက်အထိ ကွင်းပိတ်ထားမယ်လို့ ခန့်မှန်းထားပေမယ့် ကျွန်တော်တို့ လေယာဉ်ကွင်းက ပေ ၁၄၀၀၀ လောက်အထိ ရှည်တဲ့အတွက် ကျန်တဲ့ ပေ ၉၀၀၀ လောက်မှာ သက်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနရဲ့ ခွင့်ပြုချက်နဲ့ လေယာဉ်အသေးလေးတွေကို နံနက် ၁၁ နာရီခွဲကစပြီး ဆင်းသက်ဖို့ လုပ်နေပါပြီ။ ကျန်တဲ့နိုင်ငံတကာ လေယာဉ်ကြီးတွေ ဆင်းသက်နိုင်ဖို့အတွက် အခု ဒီလေယာဉ်ကို ဖယ်ရှားဖို့ လုပ်နေပါပြီ။ ခန့်မှန်းအားဖြင့် ဒီနေ့ညနေပိုင်းမှာ လေယာဉ်ကြီးတွေ ဆင်းသက်ဖို့ဖွင့်ပေးနိုင်မှာပါ" ဟု မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တာဝန်ခံ ဦးကျော်ဆန်းက ပြောသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လေယာဉ်အန္တရာယ်ကင်းစွာ ဆင်းသက်ပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များ ကူညီပေးနေစဉ်။

ဆုံးဖြတ်ချက် မှန်ကန်

အဆိုပါလေယာဉ်တွင် စီးနင်းလိုက်ပါလာသူ မေ့ဆေးဆရာဝန် ဒေါက်တာစိုးမြင့်က "ကျွန်တော်တို့အဖွဲ့က စစ်ကိုင်းမြို့မှာရှိတဲ့ ဇီဝိတဒါနသံဃာဆေးရုံမှာ လုပ်အားဒါနအဖြစ် ဆေးကုပေးဖို့ လာခဲ့တာပါ။ လေယာဉ်က ၈ နာရီ ၁၅ မိနစ်မှာ ဆင်းရမှာကို မဆင်းဘဲ တောင်နဲ့ မြောက်ကို ပတ်ပြီး အမြန်နှုန်း မလျှော့ဘဲ မောင်းနေတာကို သတိထားမိတယ်။ အဲဒီအချိန်မှာ လေယာဉ်ဝန်ထမ်းတွေက လေယာဉ်က Nose Landing Gear က အလုပ်မလုပ်တဲ့အတွက် လေယာဉ်ကို ပတ်မောင်းနေရတယ်။ သိပ်တော့ စိတ်ပူစရာမရှိဘူးလို့ လာပြောပြီးတော့ ၉ နာရီကျော်လောက်မှ ဆင်းနိုင်ခဲ့တယ်။ လေယာဉ်ဆင်းသွားတာတောင် ထူးထူးခြားခြားသိပ်မရှိပါဘူး။ ဒီလိုအရေးပေါ်အခြေအနေမှာ လေယာဉ်မှူးကြီးက စိတ်ကို တည်တည်ငြိမ်ထားပြီး ဆုံးဖြတ်ချက် မှန်ကန်စွာနဲ့ လုပ်သွားနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

အားပေးစကား ပြောကြား

အဆိုပါ လေယာဉ်မတော်တဆဖြစ်ပွားရာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် လာရောက်ခဲ့ပြီး လေယာဉ်မတော်တဆဖြစ်ပွားခဲ့မှု အခြေအနေနှင့် လေယာဉ်မတော်တဆမှုဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသော ခရီးသည်များ၊ လေယာဉ်မှူးနှင့် အဖွဲ့သားများကို အားပေးစကား ပြောကြားခဲ့ကြောင်းနှင့် လက်ရှိတွင် လေယာဉ်အားပြေးလမ်းမှ ဖယ်ရှားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဥက္ကံမြို့နယ်အတွင်း တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီး

ရန်ကုန် မေ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် ဥက္ကံမြို့နယ် တဘူးလှဆည်ကျေးလက်လမ်းဘေးရှိ ချောင်းစောက် (အောက်)ရွာတွင် မေ ၁၀ ရက် နံနက် ၃ နာရီက ရွာတောင်ဘက် ချောင်းဘေး လူနေတဲအား တောဆင်ရိုင်းတစ်ကောင်က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

" မေ ၉ ရက် ည ၁၀ နာရီမှာ အိမ်ဘေးကို ဆင်စပြီးဝင်တယ်။ လင်မယားနှစ်ယောက်တည်းရှိတော့ အမျိုးသမီးကို ချောင်းဖြတ်ပြီး ရွာသားတွေကို သွားခေါ်တော့ ချောင်းတစ်ဖက်ကနေ ဝိုင်းအော်လို့ ပြန်ထွက်သွားတယ်။ မေ ၁၀ ရက် နံနက် ၃ နာရီမှာ ပြန်လာပြီး အိမ်ဘေးထရံကို ဆွဲချပြီး ဆန်၊ မြေပဲတွေကို စားတယ်။ ရွာသားအချို့ အိမ်ဘေး မအူပင်လင့်စင်ပေါ်တက်ပြီးအော်တဲ့သူ၊ ချောင်းတစ်ဖက်က အော်တဲ့သူတွေကြောင့် နံနက် ၄ နာရီမှာ ပြန်ထွက်သွားတယ်။ ဒါက နှစ်ကြိမ်မြောက်ဖြစ်တာ၊ လူတော့ထိခိုက်မှုမရှိခဲ့ဘူး"ဟု အိမ်ပိုင်ရှင် ဦးမြင့်သိန်းက ပြောသည်။

တောဆင်ရိုင်း ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ချောင်းစောက် (အောက်) ရွာရှိ နေအိမ်တစ်လုံး

တဘူးလှဆည် အရှေ့ဘက်ရှိ ပဲခူးရိုးမပေါ်တွင် သစ်တောရှားပါးလာမှုနှင့် ဆင်တို့အတွက် အစာရေစာရှားပါးလာမှုကြောင့် တောဆင်များ ဇွန်လဆန်းတွင် မြေပြန့်ဆင်း၍ အစာနုများကို စားသောက်လေ့ရှိပြီး ယခုနှစ်တွင် ပူပြင်းသောရာသီဥတုကြောင့် အစာပို၍ ရှားပါးလာရာ ရာသီစော၍ မြေပြန့်သို့ ဆင်းကာ လူနေတဲများရှိဆန်နှင့် အခြားအစားအစာတို့ကို ရှာဖွေစားသောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဧပြီလတတိယပတ်က တဘူးလှဆည် လမ်းချောင်းစောက်တံတားအနီးရှိ နေအိမ်နှစ်လုံး၏ ထရံကိုဖျက်၍ စပါးအိတ်များကို ဖောက်ကာ စားသောက်သွားပြီး လွန်ခဲ့သောနှစ်အနည်းငယ်က အထက်ချောင်းစောက်ရွာအတွင်း နေအိမ်ကို ဖျက်ဆီး၍ လူသေဆုံးမှုနှင့် အောက်ချောင်းစောက်ရွာ အထက်ကျွန်းစိုက်ခင်း စောင့်တဲကို ဖျက်၍ လူသေဆုံးမှုများရှိခဲ့သဖြင့် စမစ်ဆိုးဒီးယန်း ဆင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းကာ လူနှင့် ဆင်ပဋိပက္ခလျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တိုက်ကြီးမြို့နယ်သစ်တောဦးစီးမှူး ဦးအောင်စိုးထံမှ သိရသည်။

" ဒီနှစ်ပိုင်းမှာ ဆင်ကြောင့် လူသေဆုံးမှုတော့ မကြားသေးဘူး။ ဆင်အစာရှားပါးလာလို့ တောထဲမှာ ခိုအောင်းစရာမရှိလို့ မြေပြန့်ဆင်းလာကြတာ။ အဓိကအစာကြောင့်ပါ။ ဒါကြောင့် ဆင်အစာအတွက် အဲဒီဘက်မှာ စားကျက်မြေသီးသန့်ထားဖို့ လိုလာပါပြီ။ တဘူးလှဆည်နဲ့တိုက်ကြီးသစ်တောကြိုးဝိုင်းမှာ ဆင်ကောင်ရေအတိုးအလျှော့မရှိဘူး။ မုဆိုးရန်ကြောက်လို့ တောင်ပေါ်ကဆင်းလာတဲ့ ဆင်ပဲရှိမယ်။ ရေဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းမှာတော့ ဆင်အတိုးအလျှော့များတယ်။ အရင်က မိုးဝင်ပြီး ကြံပင်လေးတွေ ထောင်လာမှ ဆင်တွေဆင်းလာတတ်တာ၊ အခုတော့ ဆင်ကို တွေ့နေရတယ်"ဟု စမစ်ဆိုးဒီးယန်း ဆင်ထိန်းသိမ်းရေး ကာကွယ်ရေးအဖွဲ့မှ ဦးမောင်မောင်ကြီးက ပြောသည်။

သတင်းနှင့် ဓာတ်ပုံ - သစ္စာ

မြင်းခြံခရိုင်တွင် အင်းလေလံကိစ္စ မကျေနပ်သဖြင့် ဆန္ဒဖော်ထုတ်

မြင်းခြံ မေ ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ အင်းလေလံများကြော်ငြာ၍ လုပ်ကိုင်ခွင့်ချထားပေးရာတွင် လေးအိမ်စုလကျ်ာအင်းကို အင်းလေလံကြော်ငြာတွင် ထည့်သွင်းခြင်းမရှိသဖြင့် မေ ၁၂ ရက် နံနက် ၈ နာရီက မဏိကဥ္စနာခန်းမရှေ့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းကို ဦးဆောင်သူ ပျော်ခင်းသာကျေးရွာနေ ဦးအောင်ဇော်လင်းက မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက အင်းလေလံ ကြော်ငြာရာတွင် လေးအိမ်စုလကျ်ာအင်းကို ထည့်သွင်းကြော်ငြာခြင်းမပြုဘဲ ချန်လှပ်ထားသဖြင့် အဂတိလိုက်စားမှုနှင့် မသမာမှုများရှိ/မရှိကို စုံစမ်းစစ်ဆေး ပေးစေလိုကြောင်း ပြောကြားသည်။

မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဦးက လေးအိမ်စုလကျ်ာအင်းကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက (၃)နှစ်ကြေးတိုင် လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်၍ အင်းလေလံကြော်ငြာတွင် ထည့်သွင်းကြော်ငြာရန် မလိုအပ်သဖြင့် မထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အင်းလေလံကိစ္စဆန္ဒ ဖော်ထုတ်ခြင်းကို ခွင့်ပြုချက်တောင်းခံပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေလုပ်ငန်းလုပ်ကိုင်သူ ၃၀ တို့က ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၈၇ လုံး အမိုးလန်ပျက်စီး

ပွင့်ဖြူ မေ ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာတွင် မေ ၁၁ ရက် ညနေ ၄ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးဆုံးရှုံးမှုဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ညနေ ၄ နာရီက ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် ထရံကာသွပ်မိုး နေအိမ် ၆၅ လုံး၊ ပျဉ်ကာသွပ်မိုးလူနေအိမ်နှစ်လုံး၊ ထရံကာသက်ငယ်မိုးလူနေအိမ် ၁၉ လုံး စုစုပေါင်း လူနေအိမ် ၈၇ လုံးအမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသည့် လူနေအိမ်များကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

လဲချား၌ လေပြင်းတိုက်ခတ်သဖြင့် နေအိမ်တစ်လုံးအမိုးလန်ပျက်စီး

လဲချား မေ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် နားမန်းကျေးရွာတွင် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာနေ ဒေါ်နန်းအုံ၏ တစ်ထပ်တိုက် နေအိမ်အမိုးလန် ပျက်စီးသွားကြောင်းသိရပြီး အခြားလူနေအိမ်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မေ ၁၂

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

အမျိုးသမီးလိဂ်ပြိုင်ပွဲ မြဝတီနှင့် ဇွဲကပင်အသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် မေ ၁၂

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ဂိုးပြတ်အနိုင်ရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး တတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းနိုင်သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူနိုင်ခဲ့၍ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ယူ-၁၉ လက်ရွေးစင်တိုက်စစ်မှူး စန်းသော်သော်က ၁၈၊ ၇၆၊ ၇၈ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်တစ်ဂိုးမှာ ၈၁ မိနစ်တွင် ဇင်မာထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ဂန္ဓမာအသင်းကို ၁၄ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းအတွက် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ၃၂၊ ၄၄၊ ၅၅၊ ၇၁၊ ၇၉၊ ၈၃၊ ၈၈ မိနစ်တွင် တစ်ဦးတည်းခုနစ်ဂိုးသွင်းယူပြီး ကျန်ဂိုးများကို ၅၊ ၁၃ မိနစ်တွင် ခိုင်သဇင်၊ ၂၃၊ ၄၁ မိနစ်တွင် ရူပါခိုင်၊ ၇၈၊ ၉၀ မိနစ်တွင် ပန်းအိခိုင်၊ ၈၅ မိနစ် တွင် မေသူကျော်တို့က သွင်းယူခဲ့သည်။ ဂန္ဓမာအသင်းအတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို မိနစ် ၇၀ တွင် အိစန္ဒာဇော်က သွင်းယူခဲ့သည်။

ပွဲစဉ် (၉) ဒုတိယနေ့ကို မေ ၁၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ YREO အသင်းနှင့် သစ္စာအားမာန်အသင်း၊ အောင်ဆန်းကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

✪ *ကျော့ဖုံးမှ*

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် တန်းဆင်းဇုန်အန္တရာယ်မှ ရုန်းထွက်နိုင်ခဲ့ပြီး အဆင့် (၈)နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။ ဇွဲကပင်အသင်းမှာမူ ယခုပွဲအရှုံးရလဒ်ကြောင့် ဖိအားများသွားပြီး တန်းဆင်းဇုန်မှ အသင်းနှင့် နှစ်မှတ်အကွာသို့ ရောက်ရှိသွားသည်။

မကွေးအသင်းသည် အဓိက နောက်ခံလူများဖြစ်သည့် ဝင်းမိုးကျော်နှင့် ကျော်စွာလင်းတို့ ပွဲပယ်ခံထားရသော်လည်း ဝါရင့်ကစားသမား စိုးမြတ်သူက ဦးဆောင်ခဲ့ပြီး တိုက်စစ်တွင် ပြည်မိုး၊ အောင်မြင့်ထွန်း၊ စိုးလွင်လွင်အတွဲက အလုပ်ဖြစ်ခဲ့သည်။ ဇွဲကပင်အသင်းသည် နိုင်ငံခြားသား ကစားသမားသုံးဦး အပါအဝင် လူစုံပါဝင်ခဲ့သော်လည်း နိုင်ငံခြားသားများ ပုံမှန်ခြေမရ၍ ရုန်းကန်ခဲ့ရသည်။ ယမန်နေ့က ကစားခဲ့သည့်ပွဲတွင် Chinland အသင်း အနိုင်ရခဲ့၍ မကွေးအသင်းသည် တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်၍ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၂ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့ကာ စိုးလွင်လွင်ကန်သွင်းသော်လည်း ဇွဲကပင်ဂိုးသမား နိုင်ဇေယျာထွန်းကာကွယ်နိုင်ခဲ့သည်။ စိုးလွင်လွင်သည် ပယ်နယ်တီဝင်အောင် မသွင်းနိုင်သော်လည်း ၃၃ မိနစ်တွင် ဦးဆောင်ဂိုးသွင်းပေးခဲ့ပြီး အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ဇွဲကပင်အသင်း တိုက်စစ်မြှင့်လာပြီး ၄၁ မိနစ်တွင် စစ်မုန်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်လာပြီး ၅၇ မိနစ်တွင် စိုးလွင်လွင်က မကွေးအတွက် ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဇွဲကပင်အသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း ညာနောက်ခံလူ အောင်ဝဏ္ဏစိုးမှာ မလိုလားဘဲ ကြမ်းတမ်းစွာ ကစားခဲ့သောကြောင့် ၇၄ မိနစ်တွင် နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရရာ တစ်ယောက်လျော့သွားပြီး ချေပဂိုးရယူနိုင်မည့် မျှော်လင့်ချက် အဆုံးသတ်ခဲ့ရသည်။

ဗထူးကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယခုအိမ်ကွင်း ရှုံးပွဲကြောင့် ရာသီဝက်ချန်ပီယံဖြစ်ခွင့် ဆုံးရှုံးခဲ့ရသည်။ ယခုရာသီတွင် ရလဒ်ကောင်းများရနေသည့် စစ်ကိုင်းအသင်းသည် အဖိုးတန်အနိုင်သုံးမှတ်ရခဲ့ခြင်းဖြစ်ပြီး ၇၆ မိနစ်တွင် ဒိုနယ်က အနိုင်ဂိုးသွင်းယူခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းနှင့် ဟံသာဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၄၂ မိနစ်တွင် ပိုဒါက ဟံသာဝတီအတွက် ဂိုးစသွင်းသော်လည်း ၇၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ရှိုင်းသူရက Southern အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပထမအကျော့ပြီးဆုံးသွားပြီဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ၂၁ မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ရှမ်းယူနိုက်တက်အသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ယင်းအသင်းများနောက်တွင် ရန်ကုန်နှင့် ရတနာပုံအသင်းက ၂၀ မှတ်စီ၊ စစ်ကိုင်းအသင်းက ၁၉ မှတ်၊ ရောဝတီအသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၆ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းက ၁၀ မှတ်စီ၊ Southern အသင်းက ကိုးမှတ်၊ Chinland အသင်းက ရှစ်မှတ်၊ ဒဂုံအသင်းက ခြောက်မှတ် ရရှိထားသည်။

ညီမြတ်သော်တာ

❍ *ကျော့ဖုံးမှ*

ယီမင်၊ ဘင်္ဂလားဒေ့ရှ်၊ ကာတာ၊ ဘူတန်၊ အုပ်စု(F)တွင် အီရတ်၊ ကာဂျစ္စတန်၊ လက်ဘနွန်၊ ယူအေအီး၊ အုပ်စု (G) တွင် အင်ဒိုနီးရှား၊ တရုတ်၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ မြောက်မာရီယာနာကျွန်းစု၊ အုပ်စု (H) တွင် သြစတြေးလျ၊ ဗီယက်နမ်၊ တီမော၊ မွန်ဂိုလီးယား၊ မကာအို၊ အုပ်စု (I) တွင် မြောက်ကိုရီးယား၊ ဟောင်ကောင်၊ စင်ကာပူ၊ ဂူအမ်၊ အုပ်စု (J) တွင် ဂျပန်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (K) တွင် တောင်ကိုရီးယား၊ ထိုင်း၊ မြန်မာ၊ တရုတ် (တိုင်ပေ) တို့ ပါဝင်နေသည်။ ခြေစစ်ပွဲကို စက်တင်ဘာတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု (K) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

အာရှခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၅ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား တာကူမူက ကိုင်တွယ်နေပြီး ခြေစစ်ပွဲမတိုင်မီ အာဆီယံ ယူ-၁၅ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းကို မတ်လတွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး တရုတ်ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ခဲ့သည်။

ညီမြတ်သော်တာ

၂၀၁၈ - ၂၀၁၉ ပရီမီယာလိဂ်ဖလား မန်စီးတီး ဆွတ်ခူး

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၈) နောက်ဆုံးပွဲစဉ်များကို မေ ၁၂ ရက် တနင်္ဂနွေနေ့ညတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ရာ ဘရိုက်တန်နှင့် မန်စီးတီးပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် မန်စီးတီးအနိုင်ရရှိကာ ပရီမီယာလိဂ်ဖလား နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဘရိုက်တန်အသင်းသည် ၄-၃-၂-၁ ပုံစံဖြင့် ပွဲထွက်လာပြီး ဧည့်သည်ချန်ပီယံလိဂ်လမ်းကြောင်းပေါ်မှ မန်စီးတီးသည် ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ယင်းပွဲတွင် အိမ်ရှင်အသင်းသည် ပွဲချိန် ၂၇ မိနစ်တွင် မာရေး၏ သွင်းဂိုးဖြင့် ဦးဆောင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် အဂူရိုက ချေပဂိုးသွင်းယူခဲ့ကာ ပွဲချိန် ၃၈ မိနစ်တွင် လာပေ့ါတီ၏ သွင်းဂိုးဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီးအတွက် အနိုင်သေချာမည့်ဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် မာရက်ဇ်နှင့် ၇၂ မိနစ်တွင် ဂန်ဒိုဂန်တို့က သွင်းယူခဲ့သည်။ မန်စီးတီးအသင်းသည် သရေရလဒ်နှင့် ရှုံးပွဲဖြစ်ခဲ့ပါက လီဗာပူးကို ပရီမီယာလိဂ်ဖလား လက်လွှဲပေးရမည်ဖြစ်သည်။ အဝေးကွင်းတွင် အိမ်ကွင်း မာကျောသည့် ဘရိုက်တန်ကို အနိုင်ကစားကာ နှစ်နှစ်ဆက် ပရီမီယာလိဂ်ဖလားကို သိမ်းပိုက်နိုင်ခဲ့သည်။

ပရီမီယာလိဂ်ပြိုင်ပွဲကို ၁၉၉၂ တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး ၂၇ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ပရီမီယာလိဂ်ဖလားကို မန်ယူအသင်းသည် ၁၃ ကြိမ်ဖြင့် အများဆုံးရရှိထားကာ ချယ်လ်ဆီးအသင်းသည် ငါးကြိမ်ဖြင့် ဒုတိယအအောင်မြင်ဆုံးအသင်းဖြစ်ပြီး တတိယအအောင်မြင်ဆုံးအသင်းမှာ မန်စီးတီးအသင်းဖြစ်သည်။ မန်စီးတီး သည် ၂၀၁၁ - ၁၂၊ ၂၀၁၃ - ၁၄၊ ၂၀၁၇- ၁၈ နှင့် ၂၀၁၈-၁၉ တို့တွင် ပရီမီယာလိဂ်ဖလားကို ရရှိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်(၃၈)ကို တစ်ပြိုင်တည်း ယှဉ်ပြိုင်ခဲ့ရာတွင် ရလဒ်များမှာ အာဆင်နယ်က ဘန်လေကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပဲလေ့စ်က ဘုန်းမောက်ကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နယူးကာဆယ်က ဖူလ်ဟမ်ကို လေးဂိုး-ဂိုးမရှိ၊ လက်စတာနှင့်ချယ်လ်ဆီးမှာ ဂိုးမရှိသရေကျခဲ့ကာ ဆောက်သမ်တန်နှင့် ဟက်ဒါဖီးလ်မှာ တစ်ဖက် တစ်ဂိုးစီ၊ စပါးမှာ အိမ်ကွင်းတွင် အဲဗာတန်နှင့် နှစ်ဂိုးစီ သရေကျခဲ့ပြီး ဝက်စ်ဟမ်းက ဝက်ဖို့ဒ်ကို လေးဂိုး-တစ်ဂိုးနှင့် ကာဒစ်ဖ်က မန်ယူကို အဝေးကွင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ချန်ပီယံပြိုင်ဘက် လီဗာပူးအသင်းသည် ဝုဖ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံလိဂ် လမ်းကြောင်းပေါ်မှ မန်စီးတီးနှင့် လီဗာပူးအသင်းသည် နောက်ဆုံးပွဲစဉ်တွင် နှစ်သင်းစလုံး အနိုင်ရရှိခဲ့သော်လည်း မန်စီးတီးအသင်းသည် ရမှတ် ၉၈ မှတ်ဖြင့် လီဗာပူးကို တစ်မှတ်အသာရကာ ပရီမီယာလိဂ်ဖလား ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၈-၁၉ ပရီမီယာလိဂ်ပြိုင်ပွဲကြီးတွင် ထူးထူးခြားခြား ဂိုးသွင်းအများဆုံးဖြင့် အာဆင်နယ်မှ အူဘာမီယန်း၊ လီဗာပူးမှ ဆာလက်နှင့်မာနေးတို့သည် သွင်းဂိုး ၂၂ ဂိုးစီ တူညီခဲ့ခြင်းဖြစ်သည်။

သီဟ

အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးပွဲကြုံတွေ့

ရန်ကုန် မေ ၁၂

၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာအတွေ့အကြုံမရှိသည့် မြန်မာအသင်းသည် ခြေစွမ်းမကွာသည့်အသင်းများနှင့် တွေ့ဆုံရာတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိသောကြောင့် ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် မြန်မာအသင်းထက် ကစားပုံပိုကောင်းပြီး ပြီးခဲ့သည့်နှစ်က ယူ-၁၆ အသင်းတွင် ပါဝင်ခဲ့သည့် ကစားသမားအများစု ပါဝင်လာသောကြောင့် ကစားပုံပိုကောင်းကာ အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲအရှုံးရလဒ်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အုပ်စု (က) အခြားပွဲတွင် ဗီယက်နမ်အသင်းက တီမောအသင်းကို ၁၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) တွင် ဗီယက်နမ်အသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းက သုံးမှတ်စီရထားပြီး တီမောအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် နှစ်ပွဲဆက်အနိုင်ရထားသည့် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။ အုပ်စု (က) နောက်ဆုံးနေ့ကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဂွီရီအား ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စားနေ

မန်ယူအသင်းသည် အဲဗာတန်ကွင်းလယ်ကစားသမား ဂွီရီ (၂၉နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ အဲဗာတန်အသင်းက အဆိုပါ ဆီနီဂေါကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် သန်း ၄၀ ဝန်းကျင်ခန့် အလိုရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

အိုဒွိုင်းအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ် စိတ်ဝင်စား

ဘိုင်ယန်မြူးနစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ အင်္ဂလန်တောင်ပံကစားသမား အိုဒွိုင်း (၁၈နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေသေးကြောင်း ဂျာမန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

အာဆင်နယ်အသင်း၌ အိုဇေးလ်ရှိနေမည်

အိုဇေးလ် (၃၀နှစ်) သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ဘဲ စာချုပ်သက်တမ်းကုန်သည်အထိ အာဆင်နယ်အသင်း၌ ရှိနေမည်ဖြစ်ကြောင်း မေရာတွင် ဖော်ပြထားသည်။

ဂျီရုဒ်အား နွေရာသီတွင် ခေါ်ယူရန် နိုက်စ်အသင်း စိတ်ဝင်စားနေ

လီဂူးဝမ်းကလပ် နိုက်စ်အသင်းသည် ချယ်လ်ဆီးတိုက်စစ်ကစားသမား ဂျီရုဒ် (၃၂နှစ်) ကို နွေရာသီတွင် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း နည်းစနစ်ဒါရိုက်တာတစ်ဦးဖြစ်သူ ဂရီမန်ဒီ၏ အဆိုအရ သိရသည်။

ဖာနန်ဒက်စ်အား ခေါ်ယူရန် တော့တင်ဟမ်အသင်း ချိန်ရွယ်နေ

တော့တင်ဟမ်အသင်းသည် ပေါ်တူဂီနှင့် ဘင်ဖီကာကွင်းလယ်ကစားသမား ဖာနန်ဒက်စ် (၂၀နှစ်) အား ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် ချိန်ရွယ်နေကြောင်း မေရာတွင် ဖော်ပြထားသည်။

ရစ်ချတ်လီဆန်အား ခေါ်ယူရန် ပီအက်စ်ဂျီနှင့် အေတီမက်အသင်းတို့စိတ်ဝင်စားနေ

ပီအက်စ်ဂျီနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် အဲဗာတန်အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ရစ်ချတ်လီဆန် (၂၂နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာတွင် ဖော်ပြထားသည်။

မီထရိုဗစ်အား ခေါ်ယူရန် ဆောက်သမ်တန်အသင်း စီစဉ်နေ

ဆောက်သမ်တန်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဖူလ်ဟမ်အသင်းမှ ဆားဘီးယားတိုက်စစ်ကစားသမား မီထရိုဗစ် (၂၄နှစ်) အား ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရာကီတစ်အား ခေါ်ယူရန် အင်တာမီလန်အသင်း နီးစပ်လာ

အင်တာမီလန်အသင်းသည် ဘာစီလိုနာအသင်းမှ ခရိုအေးရှား ကွင်းလယ်ကစားသမား ရာကီတစ် (၃၁နှစ်) အား ပေါင် ၄၃ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ဂိုးဒွေါကွန်းတွင် ဖော်ပြထားသည်။

ဒီလစ်နှင့် ဗန်ဒီဘိခ်တို့အား ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စားနေ

ဘာစီလိုနာအသင်းသည် အိုင်းယက်စ်အသင်းမှ နယ်သာလန်ခံစစ်ကစားသမား ဒီလစ် (၁၉နှစ်) အား ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါကစားသမား၏ အသင်းဖော်ဖြစ်သူ ဗန်ဒီဘိခ် (၂၂နှစ်) ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

အောင်ဇော်

မြန်မာ့ရုပ်မြင်သံကြား

၁၃-၅-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေး
၉း၁၀ - BBC Click
၁၀း၃၀ - လျှောင်လှူပ်ရင် ဘယ်လိုနေရမလဲ
၁၁း၁၅ - "ထွန်းတောက်လာမည့် အနာဂတ် ကြယ်ပွင့်လေး များ"
၁၁း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၀ - -အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
၁၅း၃၀ - "မေလအတွက်လပတ် မိုးလေဝသအစီအစဉ်"

ညပိုင်း

၁၆း၂၅ - သတ်မှတ်အမြန်နှုန်း (Cut-6)
၁၆း၃၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၀၅ - This Week's Special Interest
၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးကျင့်ဝတ်အကြောင်း သိကောင်းစရာ" ဦးဟန်ညွှန့် (ဥပဒေ)တရားလွှတ်တော် ရှေ့နေနှင့်နိုတြီပဗ္ဗလစ် မျိုးလွင်ဦး၊ စိုးရင်မောင်၊ မတင်တင်အောင်၊ မဇူးဇူး ဒါရိုက်တာ-ဝေဠု(ဝသန်)
၁၈း၅၅ - -မုန်တိုင်းအတွက်ဘာတွေပြင်ဆင်နိုင်မလဲ (Cut-1)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - "ကြည်နူးသာစွ ကောလောင်းရေတံခွန်အလှ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသော အချစ်" (အပိုင်း-၃၄)

ခေါင်းကွဲကျေးရွာ ဘုန်းကြီးကျောင်းတွင် မီးလောင်မှုဖြစ်

မြင်းခြံ မေ ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာ အနောက်ဘုန်းကြီးကျောင်းတွင် မေ ၁၂ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က အရှဏ်ဆွမ်းချက်ရာ မီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရှိရသည်။

မီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ရှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၅၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဘုန်းကြီးကျောင်းရှိသံဃာတော် ဦးဝိသုတ အရှဏ်ဆွမ်းချက်ရာမှ အဆောက်အအုံသို့ မီးကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးလောင်မှုကြောင့် နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်နှင့် အနီးရှိ အဆောက်အအုံသုံးလုံး ဆုံးရှုံးကြောင်း သိရှိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

မြန်မာ-ထိုင်းနယ်စပ်တွင် မူးယစ်မှောင်ခိုအဖွဲ့နှင့် ထိုင်းတပ်ဖွဲ့တို့ ပစ်ခတ်မှုဖြစ် လေးဦးသေဆုံးကာ နှစ်ဖက်နယ်စပ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မယ်ဆိုင် မေ ၁၂

မြန်မာ-ထိုင်းနယ်စပ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ် ပါဒဲန်းကုန်း၌ မေ ၁၁ ရက် ညပိုင်းက မူးယစ်မှောင်ခိုအဖွဲ့နှင့် ထိုင်းတပ်ဖွဲ့တို့ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီး မူးယစ်မှောင်ခိုလေးဦး သေဆုံးကာ မူးယစ်ဆေးဝါးများကို မြန်မာ- ထိုင်းနှစ်ဖက်နယ်စပ်တွင် သိမ်းဆည်းရမိသည်။

မေ ၁၁ ရက် ည ၈ နာရီခွဲခန့်တွင် မြန်မာ- ထိုင်းနယ်စပ် မယ်ဆိုင်မြို့နယ် ပါဒဲန်းကုန်း(ပါလျှံကြီး) ရွာအနီး ပြောင်းခင်းအတွင်း အမှတ်(၂)အထူးလှုပ်ရှား ယန္တရားတပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် လူ ၃၀ ခန့်အဖွဲ့အား စစ်ဆေးခံရန်တားစဉ် တစ်ဖက်မှ လက်နက်ဖြင့် ခုခံပစ်ခတ်ရာ အပြန်အလှန်ပစ်ခတ်မှု ၁၀ မိနစ်ခန့်ကြာ ဖြစ်ခဲ့ကြောင်း၊ မေ ၁၂ ရက်နံနက်ပိုင်းတွင် အခင်းဖြစ်နေရာ တစ်ဝိုက်အား စစ်ဆေးရှာဖွေရာ အလောင်းလေးလောင်းနှင့် ကတ်တမင်း (ခ)ယာကတ် ၃၄၀ ကီလိုဂရမ်အား သိမ်းဆည်းရမိကြောင်း ဖာမိန်းတပ်မမှူး ဗိုလ်ချုပ် ဝီချစ်ဝုန်ဆန်က ကော့ချန်းကျေးရွာအုပ်စု ရဲစခန်း၌ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းအရ မြန်မာဘက်မှ နယ်မြေခံတပ်နှင့် တာဝန်ရှိသူများက မေ ၁၂ ရက် နံနက်ပိုင်းတွင် ထပ်မံ၍ ဝေ့လေလန်ဘက် ချောင်းတစ်လျှောက် နယ်မြေရှင်းလင်းရှာဖွေမှုများ ပြုလုပ်ရာ ချောင်းဘေးနေရာတွင် ကတ်တမင်း မူးယစ်ဆေးဝါး စုစုပေါင်း ၆၀ ကီလိုအား သိမ်းဆည်းရမိသည်။

အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တာချီလိတ်တပ်နယ်မှ မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ဝမ်ပုံနယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

နယ်မြေရှင်းလင်းစဉ် တွေ့ရှိရသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

မိုင်းပျဉ်းမြို့နယ်၌ ခရီးသည်ယာဉ်တစ်စီး လမ်းဘေးချောက်ထဲ ထိုးကျပြီး ငါးဦးသေဆုံး

မိုင်းပျဉ်း မေ ၁၂

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့ ပိန်းဆန်းရပ်ကွက် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီးသွားပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၃၃၆/၆)နှင့် (၃၃၆/၇)ကြားတွင် မေ ၁၂ ရက် နံနက် ၆ နာရီက ခရီးသည်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ ယာဉ်မောင်း သီဟ(ခ)သီဟဆွေ (၃၀ နှစ်) တောင်ကြီးမြို့နေသူ မောင်းနှင်သည့် 7L/------ နစ်ဆန်းမှန်လုံယာဉ်သည် မိုင်းပျဉ်းမြို့ အရှေ့တောင်ဘက် ၅ မိုင် ခန့်အကွာတွင် အရှိန်မထိန်းနိုင်ဘဲ ပေ ၅၀ ခန့်ရှိ ချောက်ထဲ သို့ထိုးကျတိမ်းမှောက်ရာ ယာဉ်ပေါ်ပါ သူရှစ်ဦးအနက်ယာဉ်မောင်းနှင့် ခရီးသည်လေးဦးသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာ များ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မိုင်းပျဉ်းမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား မိုင်းပျဉ်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ထီးချိုင့်၌ ဓာတ်အားလိုင်းသွယ်တန်းစဉ် လူတစ်ဦး ပြုတ်ကျသေဆုံး

ထီးချိုင့် မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် လေသာကျေးရွာအနီးတွင် နဘား- အုန်းတော လျှပ်စစ်မဟာဓာတ်အားလိုင်းသွယ်တန်းနေစဉ် နိုင်ငံခြားသားတစ်ဦး လျှပ်စစ်ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်က တရုတ်လူမျိုး ရှောင်နီ၊ ပတ်(စ်)ပို့အမှတ် PPNOEC 11091- 32 ဗီဇာအမှတ် A 166221 (Cantral China Power)ကုမ္ပဏီ တွင်လုပ်ကိုင်နေသူသည် ထီးချိုင့်မြို့နယ် လေသာကျေးရွာအနီး နဘား- အုန်းတော လျှပ်စစ် မဟာဓာတ်အားလိုင်းသွယ်တန်နေစဉ် မိုင်တိုင်အမှတ်(၁၀၇) နေရာတွင် အမြင့်ပေ ၁၀၀ ခန့်ရှိ လျှပ်စစ်ဓာတ်တိုင်ပေါ်မှ ခါးပတ်ကြိုးပြတ်ကာ ပြုတ်ကျနေကြောင်း သိရသည်။ အဆိုပါ လူနာအား မန္တလေးဆေးရုံသို့ ပို့အပ်ဆေးကုသခံနေစဉ် သေဆုံးသွားသဖြင့် ထီးချိုင့်မြို့မရဲစခန်းမှ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

လှအောင်(ကသာ)

ကော့သောင်းမြို့တွင် လူသတ်အလောင်းဖျောက်မှုဖြစ်

ကော့သောင်း မေ ၁၂

ကော့သောင်းမြို့တွင် လူသတ်မြေမြှုပ်အလောင်းဖျောက်ထားမှုတစ်ခု ယမန်နေ့နံနက်ပိုင်းက ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း ကော့သောင်းမြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်တွင် စန်းမင်းအောင် ဆိုသူသည် ကော့သောင်းမြို့နယ် ချောင်းဖျားကြီးကျေးရွာ ၉မိုင် ဆီအုန်းခြံအတွင်း ဓားကောက်ဖြင့် လူတစ်ဦးအားသတ်၍ မြေမြှုပ်ထားကြောင်း ရဲတပ်ဖွဲ့တွင်လာရောက်အဖမ်းခံထွက်ဆိုသဖြင့် အဆိုပါနေ့က စခန်းမှူး၊ မြို့နယ်တရားသူကြီး၊ မှုခင်းဆရာဝန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့်အတူ သွားရောက်တူးဖော်စစ်ဆေးခဲ့ရာ သေဆုံးသူ မောင်ဇော်(နေရပ်စုံစမ်းဆဲ)၏အလောင်းကို တူးဖော်တွေ့ရှိရသဖြင့် ခွင့်ပြုချက်အရ ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ သုသာန်တွင် မီးသင်္ဂြိုဟ်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူသတ်မြေမြှုပ်အလောင်းဖျောက်ထားသူ စန်းမင်းအောင်(၅၁ နှစ်) အား ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့မှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၂

ဖောင်းပြင်မြို့နယ် မိုင်းချောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းက ဖောင်းပြင်မြို့နယ် မိုင်းချောင်းကျေးရွာအနီး မိုင်းချောင်း- သင်ါကျေးရွာကားလမ်းတွင် ကျော်ဝင်း မောင်းနှင်ပြီး ဘဝင်း လိုက်ပါလာသည့်မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆပ်ပြာခွက် ၂၁ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၁၉၀ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့နယ် ရေပို့ကုန်းကျေးရွာ ငှက်ပျောတောကျောင်းတိုက်ရှေ့ လမ်းပေါ်တွင် ရဲဝင်းနိုင်(ခ)ဂျပန်ကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ညနေ ၅ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် ဘုံခုနစ်ဆင့်လမ်းဆုံအနီးတွင် တရုတ်နိုင်ငံသားများဖြစ်ကြသည့် ဇစ်ကျီဟောင်၊ ချိန်ချိန်နှင့် ချိုက်လွေတို့အား ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ရှစ်တုံး၊ ဘိန်းဖြူဘလောက်တုံးငယ် ၁၂၀ (စုစုပေါင်း ဘိန်းဖြူအလေးချိန် ၃ ဒသမ ၄ ကီလို) နှင့် တရုတ်နိုင်ငံသုံးယွမ်ငွေ ၂၀၀ တို့ကိုလည်းကောင်း။

အလားတူ ညနေ ၄ နာရီ ၄၅ မိနစ်က မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ်မအူကုန်းကျေးရွာနေ ဆန်းထွေး၏ နေအိမ်ကို ရှာဖွေရန် ဝင်ရောက်စဉ် ၎င်းမှ နေအိမ်၏ အရှေ့ဘက်ခြံစည်းရိုးစပ်သို့ လွယ်အိတ်တစ်လုံးကို လွှင့်ပစ်လိုက်၍ စစ်ဆေးရာ ၎င်းလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅၀ နှင့် ဘိန်းဖြူ ၃၂ ဂရမ်တို့ကိုလည်းကောင်း။

ညနေ ၆ နာရီခွဲတွင် မဘိမ်းမြို့နယ် ငါးအိုးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဥယျာဉ်ပုကျေးရွာ၏အရှေ့တောင်ဘက်၊ ငါးအိုး- မဘိမ်းကားလမ်း အရှေ့ဘက်ခြမ်းရှိ ဝါးရုံတောထဲတွင် မသင်္ကာဖွယ်ရာ ဆာလာအိတ်အထုပ်များ တွေ့ရှိကြောင်း သတင်းအရသွားရောက်စစ်ဆေးရာ ဆပ်ပြာခွက် ၁၇၀၆ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ၁၇ ဒသမ ၀၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၀၀နှင့် ငွေကျပ် ၂၀၃၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၁ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉၄ စီး၊ သွင်းကုန် ၁၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၁၈၈ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေး ရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၅၅ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှုခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၁၆ သန်း၊ စုစုပေါင်း တားဆီးမှုသုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၁၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော ပိတ်လိပ် ၁၇ လိပ်၊ ဆိုင်ကယ် ရှေ့ဖောက်ခုနစ်ဖာ၊ Piston ခြောက်ဖာနှင့် Cylinder Liner ကိုးဖာ၊ Cotton Fabric Plain (160)Kgs များတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တန့်ဆည်မြို့ မဟာမြိုင်ရပ်ကွက်တွင် မီးလောင်မှုဖြစ်

တန့်ဆည် မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့မဟာမြိုင်ရပ်ကွက်ရှိ ပညာမိခင်ပညာရေး စင်တာတွင် အိပ်ဆောင်၏ လျှပ်စစ်မီးခလုတ်အပူလွန်ကဲရာမှ နံနက် ၆ နာရီ ၇ မိနစ်က မီးလောင်မှုဖြစ်ကြောင်း ရွှေဘို ရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

တန့်ဆည်မြို့နယ် မီးသတ်စခန်း၏ အရှေ့မြောက်ဘက် တစ်ဖာလုံအကွာ မဟာမြိုင်ရပ်ကွက်ရှိ ပညာမိခင်ပညာရေးစင်တာတွင် မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ တန့်ဆည်မြို့နယ် မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးမြင့်မြတ်သူ ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် အိပ်ဆောင် တစ်ဆောင်နှင့် မြေစိုက်တဲတစ်လုံး မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မီးပေါ့ဆသူ ဦးဇော်နိုင်လင်း (၃၉ နှစ်) ကို တန့်ဆည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ၎င်းကိုထောက်ခံသူများအား မကြောက်လန့်ကြရန်ပြောကြား

ကရာကတ် မေ ၁၂

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုသည် ၎င်းကိုထောက်ခံသူများအား ကြောက်စိတ်ကိုဖယ်ထုတ်ရန်နှင့် သမ္မတမာဒူရိုကိုဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုနှင့် ၎င်းကို ထောက်ခံသူများအား တွေ့ရစဉ်။

တပ်ဖွဲ့တွင်း ပုန်ကန်မှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက်တွင် ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုသည် ဥပဒေပြုအမတ်များကို ဖိအားပေးလျက်ရှိသည်။ မြို့တော်ကရာကတ် အရှေ့ပိုင်းရှိ အတိုက်အခံများ၏ ရင်းနှီးကျွမ်းဝင်နေသည့်နေရာဖြစ်သည့် ရင်ပြင်တစ်ခုတွင် ဂွိုက်ဒို၏ မိန့်ခွန်းကို နားထောင်ရန်လာရောက်ကြသည့် ပြည်သူ ၁၅၀၀ မှ ၂၀၀၀ အထိ ရှိသော်လည်း အစောပိုင်းကာလက ဖြစ်ပွားခဲ့သည့် ဆန္ဒဖော်ထုတ်မှုများတွင် ပါဝင်ခဲ့သူ ထောင်ပေါင်းများစွာနှင့်စာလျှင် အတော်လေး လျော့နည်းသွားခဲ့သည်။

အခြားမြို့များရှိ မာဒူရိုကိုဆန့်ကျင်သည့် လူထုစုဝေးချီတက်မှုများသည်လည်း ယခင်ရက်သတ္တပတ်များအတွင်းက လူအင်အားနှင့်စာလျှင် လျော့နည်းသွားဟန်ရှိကြောင်း လူမှုကွန်ရက်ပေါ်ရောက်ရှိနေသည့် သတင်းဓာတ်ပုံများနှင့် ရုပ်သံဖိုင်များအရ ခန့်မှန်းရသည်။

ပြီးခဲ့သည့် ဧပြီ ၃၀ ရက်က အာဏာသိမ်းကြိုးပမ်းမှု မအောင်မမြင်ဖြစ်ခဲ့ပြီး ယင်းကြိုးပမ်းမှုအတွင်း လူခြောက်ဦးသေဆုံးခဲ့ပြီးနောက်တွင် ဆန္ဒပြချီတက်သူအရေအတွက် လျော့ကျလာမှုက ပြည်သူများခြေကုန်လက်ပန်းကျနေဟန်ရှိသည့် လက္ခဏာတစ်ခုအနေဖြင့် တွေ့မြင်ရသည်။

မိမိတို့အနေဖြင့် သမိုင်းဝင်အခိုက်အတန့်တစ်ခုကို ရောက်ရှိနေပြီဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုက ကရာကတ်ရှိ လူထုစုဝေးမှုတစ်ခုတွင် ၎င်းကိုထောက်ခံသူများအား ပြောကြားခဲ့ပြီး တိုက်ခိုက်မှုကို အရှုံးမပေးရန် တိုက်တွန်းခဲ့သည်။

အကြောက်တရား၏ အကျဉ်းသားအနေဖြင့် မျှော်လင့်ချက်မဲ့စွာ အသက်ရှင်မည့်အစား မျှော်လင့်ချက်များ၊ ခွန်အားများ၊ ယုံကြည်မှုများဖြင့် လမ်းများပေါ်သို့ ဆက်လက်ချီတက်ကြမည်ဖြစ်ကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။

အေအက်ဖ်ပီ

အိန္ဒိယရွေးကောက်ပွဲ၏ ခြောက်ဆင့်မြောက် မဲပေးပွဲစတင်

နယူးဒေလီ မေ ၁၂

အိန္ဒိယနိုင်ငံ၏ (၁၇) ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ၏ အဆင့်ခြောက်ဆင့်မြောက် မဲပေးပွဲကို တနင်္ဂနွေနေ့နံနက်ပိုင်းတွင် စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ မဲရုံများကို နံနက် ၇ နာရီတွင် စတင်ဖွင့်လှစ်ပြီး ညနေ ၆ နာရီတွင် ပိတ်သိမ်းမည်ဖြစ်သည်။

ပါလီမန်မဲဆန္ဒနယ် ၅၉ ခုမှ မဲဆန္ဒရှင်များ ပါဝင်မဲပေးကြမည်ဖြစ်သည်။ ဒေလီမြို့တွင် ပါလီမန်မဲဆန္ဒနယ် ခုနစ်ခုရှိပြီး အိမ်နီးချင်းပြည်နယ် ဟာယာနာတွင် မဲဆန္ဒနယ် ၁၀ ခုရှိသည်။ အခြားသော ပြည်နယ်များရှိ မဲဆန္ဒနယ်များတွင်လည်း မဲပေးမှုကို တနင်္ဂနွေနေ့တွင် စတင်ပြီဖြစ်သည်။ အထွေထွေရွေးကောက်ပွဲ၏ နောက်ဆုံးအဆင့် မဲပေးပွဲကို မေ ၁၉ ရက်တွင် ပြုလုပ်သွားမည်ဟု သတ်မှတ်ထားပြီး မေ ၂၃ ရက်တွင် ရလဒ်များကို ကြေညာပေးသွားမည်ဟု သိရသည်။ **ဆင်ဟွာ**

ဂျီ -၂၀ စိုက်ပျိုးရေးဝန်ကြီးများက ကြေညာချက်ချမှတ်

တိုကျို မေ ၁၂

နှစ်ရက်ကြာကျင်းပခဲ့သည့် စီးပွားရေးအင်အားကြီးနိုင်ငံ ၂၀ မှ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးကို ဂျပန်နိုင်ငံအလယ်ပိုင်း နီဂါတာ၌ ပြုလုပ်ခဲ့ပြီး တနင်္ဂနွေနေ့တွင် တရားဝင်ကြေညာချက် ချမှတ်ခဲ့ကြောင်းသိရသည်။

အဆိုပါအစည်းအဝေးသည် ဂျပန်နိုင်ငံတွင် ပထမဦးဆုံးအကြိမ် ပြုလုပ်သည့် ဝန်ကြီးအဆင့် အစည်းအဝေးဖြစ်သည်။ ဇွန်လထဲတွင် ဂျီ -၂၀ ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ ယင်းမတိုင်မီ ပြုလုပ်သည့် အစည်းအဝေးလည်းဖြစ်သည်။ ကြေညာချက်တွင် ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်နိုင်ရေး နည်းပညာများ အသုံးပြုသွားရန်၊ ထိုသို့ပြုလုပ်ရာတွင် ဂျီ -၂၀ နိုင်ငံများမှ ဦးဆောင်ပြုလုပ်သွားရန် တောင်းဆိုထားသည်။ ထို့ပြင် အစားအသောက်များ အလေအလွင့်မဖြစ်စေရန်လည်း လုပ်ဆောင်သွားရန် တိုက်တွန်းထားသည်။

ဂျပန် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းမှဝန်ကြီး တာကာမိုရီ ယိုရှိကာဝါသည် ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ တနင်္ဂနွေနေ့ အစည်းအဝေးမတိုင်မီ ယိုရှိကာဝါသည် တရုတ်စိုက်ပျိုးရေးဝန်ကြီး ဟန်ချိန်ဖူနှင့် တွေ့ဆုံခဲ့ပြီး တရုတ်နိုင်ငံက ပြုလုပ်ထားသည့် ဂျပန်စားသောက်ကုန်များ တင်သွင်းခွင့်တားမြစ်ထားမှုကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

သတ္တုပစ္စည်းများအပေါ် အမေရိကန်၏ပိတ်ဆို့မှုကို မစိုးရိမ်ဟု အီရန်ပြော

တီဟီရန် မေ ၁၂

အီရန်နိုင်ငံမှ သတ္တုတင်ပို့မှုကို မကြာသေးမီအချိန်မှစ၍ အမေရိကန်နိုင်ငံမှ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ရာ ယင်းကိစ္စကို စိုးရိမ်ပူပန်ခြင်းမရှိဟု အီရန်နိုင်ငံသတ္တုတွင်းနှင့် ကုန်သွယ်ရေးလုပ်ငန်း ဒုတိယဝန်ကြီး ဂျက်ဖာဆာကွိနီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံမှ သံ၊ စတီး၊ အလူမီနီယံတို့ကို အမေရိကန်အစိုးရက ပိတ်ဆို့မှုပြုလုပ်ခဲ့ပြီး ယင်းသို့ပိတ်ဆို့မှုမှာ တိုင်းပြည်၏ သတ္တုလုပ်ငန်းကို အနည်းငယ်သာ ထိခိုက်စေနိုင်သည်ဟု ဂျက်ဖာက ပြောသည်။ အီရန်နိုင်ငံ၏ သတ္တုလုပ်ငန်းသည် အရည်အသွေးမြင့်မားပြီး တစ်ကမ္ဘာလုံးအဆင့်မီကြောင်း၊ ကမ္ဘာအနှံ့ ဝယ်ယူသူဖောက်သည်များလည်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗုဒ္ဓဟူးနေ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်သတ္တုလုပ်ငန်းကို ပစ်မှတ်ထားကာ ပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ အီရန်နိုင်ငံဘက်မှ ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်ပါ ကတိကဝတ်များမှ နုတ်ထွက်တော့မည်ဟု ကြေညာပြီးသည့်နောက် အမေရိကန်ဘက်မှ ယခုလိုပိတ်ဆို့မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ

စီးပွားရေးကို ထိခိုက်စေသည့်အတွက် ဟိုတယ်ကို ပစ်မှတ်ထားတိုက်ခိုက်မှု ပါကစ္စတန်ဝန်ကြီးချုပ် ရှုတ်ချ

ကရာချိ မေ ၁၂

ပါကစ္စတန်နိုင်ငံ ဂွါဒါမြို့ရှိ ဇိမ်ခံဟိုတယ်တစ်ခု တိုက်ခိုက်ခံရမှုသည် ကြွယ်ဝချမ်းသာမှုကို ဖျက်ဆီးခြင်းပင်ဖြစ်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ် အင်မရန်ခန်းက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဟိုတယ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်ရေးသမားအားလုံးမှာ သေဆုံးကြပြီဟု ရဲများက အတည်ပြုပြောကြားသည်။ ပါကစ္စတန် အနောက်တောင်ပိုင်းပြည်နယ်ဖြစ်သည့် ဂွါဒါမြို့ရှိ ဇိမ်ခံဟိုတယ်တွင် စနေနေ့ညက သေနတ်သမားများ ဝင်ရောက်ပစ်ခတ်မှုကြောင့် လူတစ်ဦးထက်မနည်း သေဆုံးခဲ့သည်။

ဟိုတယ်ကို တိုက်ခိုက်ခဲ့သည့်အုပ်စုမှာ ဘလူချီစတန် လွတ်မြောက်ရေးတပ်ဖွဲ့ဟုခေါ်သည့် BLA အုပ်စု၏လက်ချက်ဖြစ်ကြောင်း သိရသည်။ ဘလူချီစတန်ပြည်နယ်တွင် ယင်းကဲ့သို့ တိုက်ခိုက်မှုများမှာ စီးပွားရေးစီမံကိန်းကို ဖျက်ဆီးရာရောက်ကြောင်း ယခုလိုလုပ်ရပ်မျိုးကို ခွင့်မပြုနိုင်ကြောင်း ဝန်ကြီးချုပ် အင်မရန်ခန်းက ပြောသည်။

အစ္စလာမ္မာဘတ်မြို့ရှိ တရုတ်သံရုံးကလည်း အဆိုပါတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။ ဒေသခံရဲများ၏ ပြောကြားချက်အရ သေနတ်သမားလေးဦးမှာ ဟိုတယ်အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးအစောင့်တစ်ဦးကို ပစ်ခတ်ခဲ့ကြောင်း၊ တစ်ညလုံး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သေနတ်သမား လေးဦးစလုံးကို အသေဖမ်းမိခဲ့ပြီးနောက် ဟိုတယ်၏ လုံခြုံရေးကို ထိန်းချုပ်နိုင်ခဲ့သည်။ BLA အဖွဲ့သည် ဘလူချီစတန်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် သူပုန်အုပ်စုများမှ တစ်စုဖြစ်သည်။

ပါးလ်ကွန်တင်နင်တယ် ဟိုတယ်သည် ပါကစ္စတန်ရှိ ကြယ်ငါးပွင့် အဆင့်ရှိ ဟိုတယ်ဖြစ်ပြီး ဂွါဒါမြို့တွင်ရှိသည့် တစ်ခုတည်းသော ဇိမ်ခံဟိုတယ်လည်း ဖြစ်သည်။ အဆိုပါဟိုတယ်သို့ နိုင်ငံရေးသမားများ၊ ပါကစ္စတန်နှင့် နိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းများ မကြာခဏလာရောက်သည့် ဟိုတယ်လည်း ဖြစ်သည်။

အေအက်ဖ်ပီ

ဟူသီသူပုန်အဖွဲ့ ယီမင်ဆိပ်ကမ်းမှ ဆုတ်ခွာနေကြောင်း ကုလသမဂ္ဂအတည်ပြု

ဆာနား မေ ၁၂

ယီမင်ရှိ ဟူသီသူပုန်အဖွဲ့သည် မေ ၁၁ ရက်က ပင်လယ်နီ ဆိပ်ကမ်းသုံးခုတို့မှ စတင်ဆုတ်ခွာနေပြီဖြစ်ကြောင်း ကုလသမဂ္ဂက အတည်ပြုပြောကြားခဲ့သည်။ ယီမင်အစိုးရကို ထောက်ခံသည့် အကြီးတန်းအာဏာပိုင်တစ်ဦးက သူပုန်များ၏ဆုတ်ခွာမှုမှာ အမှန်တကယ်မဟုတ်ကြောင်း စွပ်စွဲလျက်ရှိချိန်တွင် ကုလသမဂ္ဂက အတည်ပြုလိုက်ခြင်းဖြစ်သည်။

သူပုန်များ ဆိပ်ကမ်းမှ ဆုတ်ခွာမှုသည် ယီမင်နိုင်ငံ၏ နိုင်ငံတကာအသိအမှတ်ပြုထားသည့်အစိုးရနှင့် အီရန်ကျောထောက်နောက်ခံပေးထားသည့် ဟူသီသူပုန်အဖွဲ့တို့ ပြီးခဲ့သည့်နှစ်က ခဲခဲယဉ်းယဉ်း သဘောတူညီမှုရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး စာချုပ်ကို အကောင်အထည်ဖော်နေသည့် ပထမဆုံး ခြေလှမ်းအဆင့်ဖြစ်ကြောင်း သိရသည်။

ဆိပ်ကမ်းများကို သူပုန်အဖွဲ့က လွှန်ခဲ့သော ငါးနှစ်ခန့်အကြာက လွှဲပြောင်းမယူမီ အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများသို့ လွှဲပြောင်းပေးခဲ့ကြောင်း ဟူသီသူပုန်အဖွဲ့နှင့် နီးကပ်သည့် သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ ဆာလိဖ်ဆိပ်ကမ်း၌ ရောက်ရှိနေသည့် အေအက်ဖ်ပီ သတင်းဓာတ်ပုံသမားတစ်ဦးက ဆိပ်ကမ်းမှ ဟူသီသူပုန်အဖွဲ့ ထွက်ခွာသွားသည်ကို တွေ့ခဲ့ကြောင်းနှင့် ကမ်းခြေစောင့်တပ်ဖွဲ့ယူနီဖောင်းဝတ်ဆင်ထားသည့် အမျိုးသားများ ဝင်ရောက်လာကြောင်း၊ ယင်းလှုပ်ရှားမှုများကို ကုလသမဂ္ဂအဖွဲ့က လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆာလိဖ်ဆိပ်ကမ်း၌ ဟူသီသူပုန်အဖွဲ့ကို တွေ့ရစဉ်။

သို့သော်လည်း ဟိုဒေးဒါအုပ်ချုပ်ရေးမှူး အယ်လ်ဟာဆန်တာဟာက ဟူသီသူပုန်များသည် လူပုဂ္ဂိုလ်အပြောင်းအလဲလုပ်ခဲ့ခြင်းမျှသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဟူသီသူပုန်များသည် ဟိုဒေးဒါဆိပ်ကမ်းကို လွှဲပြောင်းပေးခြင်းအားဖြင့် ပရိယာယ်အသစ်ခင်းနေကြောင်း၊ ဆာလိဖ်နှင့်ရက်စ်အီဆာ ဆိပ်ကမ်းတို့ကို ကုလသမဂ္ဂအဖွဲ့ကြီးရော အစိုးရဘက်ကပါ စစ်ဆေးစောင့်ကြည့်ခြင်း မရှိခဲ့ကြောင်း အစိုးရဘက်မှ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဟိုဒေးဒါဆိပ်ကမ်းသည် ယီမင်နိုင်ငံ၏ တင်ပို့ကုန်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ အဓိကဝင်ရောက်ရာ ပင်မတံခါးပေါက်ဖြစ်ပြီး လေးနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် ယီမင်စစ်ပွဲကြောင့် ဆာလောင်ငတ်မွတ်မှု ခံစားနေရသည့် ယီမင်ပြည်သူ သန်းပေါင်းများစွာအတွက် အသက်သွေးကြောတစ်ခုဖြစ်သည်။

အေအက်ဖ်ပီ

တစ်ကျော့ပြန် ဆိုးရွားလာတဲ့ ကုန်သွယ်ရေးစစ်ပွဲ

ချိုးစန္ဒီနွေး

လွန်ခဲ့တဲ့ တစ်ပတ်ခန့်ကဆိုရင် အမေရိကန်ဘက်ကရော တရုတ်နိုင်ငံဘက်ကပါ ကုန်သွယ်ရေးစစ်ပွဲကို အဆုံးသတ်နိုင်မယ့် သဘောတူညီမှု ရရှိတော့မယ်လို့ ယူဆခဲ့ကြပါတယ်။ အခုအခါမှာတော့ နှစ်ဖက်စလုံးက စေ့စပ်ညှိနှိုင်းသူတွေဟာ သူတို့လပေါင်းများစွာ အချိန်ယူဆွေးနွေးခဲ့ကြတဲ့ ကြိုးပမ်းမှုတွေ ပျောက်ပျက်မသွားအောင် ကြိုးစားနေကြရပါတယ်။



တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်ရှိ လျှောင်ဂန်ဆိပ်ကမ်းကို တွေ့ရစဉ်။

တုံ့ပြန်သွားမယ်

တရုတ်နိုင်ငံ စီးပွားရေးမူဝါဒရဲ့ အရေးကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ဒုတိယဝန်ကြီးချုပ် လျူဟီဟာ ဝါရှင်တန်မှာ နှစ်ရက်ကြာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ ထရမ့်က တရုတ်နိုင်ငံဟာ ပြီးပြီးသား ကုန်သွယ်ရေးစာချုပ်ကို အသစ်ပြန်လည်ညှိနှိုင်းဖို့ လုပ်နေကြတယ်လို့ စွပ်စွဲခဲ့ပါတယ်။ နောက်ပြီးတော့ အခွန်စည်းကြပ်မှုတွေ ထပ်မံ ပြုလုပ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့ပါတယ်။ တရုတ်အရာရှိတွေကလည်း ဘယ်အရာကိုလို့တိတိကျကျမဖော်ပြဘဲ အမေရိကန်ဘက်က အခွန်စည်းကြပ်မှု ထပ်မံပြုလုပ်ခဲ့ရင် သူတို့ဘက်ကလည်း တုံ့ပြန်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံနှစ်ခုကြား ဒီလိုမျိုးသဘောထားတင်းမာမှုတွေကြောင့် ရင်းနှီးမြှုပ်နှံသူတွေကို အထိနာစေပြီး ကမ္ဘာ့စီးပွားရေး အလာအလာကိုလည်း မှောင်ရိပ်ဖုံးလွှမ်းသွားနိုင်ပါတယ်။

အမေရိကန်ရဲ့စီးပွားရေးရိုက်ခတ်လာနိုင်

တရုတ်နိုင်ငံဘက်ကတော့ သူတို့ဘက်က ကတိပျက်တာမျိုးမရှိဘူးလို့ ငြင်းထားပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခန့်က စီးပွားရေးညှိနှိုင်းမှုတွေမှာဆိုရင် တရုတ်နိုင်ငံဘက်က ရိုးသားမှု၊ သဘောထားကြီးမှုတွေကိုအထင်းသား တွေ့မြင်နိုင်တယ်လို့ ကုန်သွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကောင်းဖန်က သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။ စေ့စပ်ညှိနှိုင်းမှုဆိုတာ အတွေးအမြင် ဖလှယ်ခြင်း၊ ပြဿနာဖြေရှင်းခြင်းနဲ့ နောက်ဆုံးမှ အများသဘောဆန္ဒကို ရရှိခြင်းတို့ပဲဖြစ်တယ်၊ နှစ်ဖက်စလုံးမှာ မတူညီတဲ့ အမြင်တွေရှိနေတာကတော့ ပုံမှန်ပါပဲလို့ ၎င်းက ဆက်ပြောပါတယ်။ တရုတ်နိုင်ငံဘက်မှာ ရွေးစရာတွေ ရှိပါတယ်။ တကယ်လို့များ သမ္မတထရမ့်ဟာ ခြိမ်းခြောက်မှုတွေနဲ့ပဲ ဆက်သွားမယ်ဆိုရင် အခွန်စည်းကြပ်မှုတွေရဲ့နောက်မှာ အမေရိကန်ရဲ့ စီးပွားရေးကို ရိုက်ခတ်လာစေနိုင်ပါတယ်။

နှစ်ဖက်စလုံးကို အထိနာစေ

တရုတ်နိုင်ငံဘက်ကလည်း လျင်လျင်မြန်မြန်ပဲ လက်တုံ့ပြန်လိမ့်မယ်လို့ မျှော်လင့်တယ်လို့ အမေရိကန်-တရုတ် စီးပွားရေးကောင်စီမှ ပေကျင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဂျိတ်ပါကာက ပြောပါတယ်။ အမေရိကန်-တရုတ် စီးပွားရေးကောင်စီဟာ တရုတ်နိုင်ငံမှာ စီးပွားရေးလာလုပ်ကြတဲ့ အမေရိကန်ကုမ္ပဏီပေါင်း ၂၀၀ ကျော်ကို ကိုယ်စားပြုပါတယ်။ အကောက်ခွန်မှာ စေ့စေ့စပ်စပ် စစ်ဆေးတာတွေ တိုးမြှင့်လာနိုင်တယ်လို့ အဖွဲ့ဝင်ကုမ္ပဏီတွေကို သတိပေးထားပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ အခုအချိန်ထိတိုင်အောင် တရုတ်နိုင်ငံရဲ့ ရွေးချယ်မှုတွေဟာ ထိခိုက်မှုတွေရှိပြီး အမေရိကန်ရဲ့ စီးပွားရေးကို အထိနာစေသလို တရုတ်နိုင်ငံရဲ့ စီးပွားရေးကိုလည်း အထိနာစေပါလိမ့်မယ်။

အခွန်စည်းကြပ်မှုတိုးမြှင့်

အမေရိကန်သမ္မတထရမ့်ကတော့ မေ ၁၀ ရက်မှာ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံတန် တရုတ်ကုန်ပစ္စည်းတွေအပေါ်မှာ အခွန်စည်းကြပ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အရင် ၁၀ ရာခိုင်နှုန်းကနေ အခု ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင် ကတော့ တကယ်လို့များ တရုတ်နိုင်ငံဘက်ကနေ ကတိကဝတ်တွေကို ပြန်လည်ထိန်းသိမ်းမယ်ဆိုရင် အခွန်စည်းကြပ်မှုကို ပြန်လည်စဉ်းစားမယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် မေ ၁၁ ရက်မှာတော့ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံ ခန့် တန်ဖိုးရှိ နောက်ထပ် တရုတ်သွင်းကုန်ပစ္စည်းများအားလုံးအပေါ် အခွန်စည်းကြပ်မှုတွေ တိုးမြှင့်ကောက်ခံဖို့ တာဝန်ရှိသူတွေကို သမ္မတ ထရမ့်က ညွှန်ကြားခဲ့ပါတယ်။

ပြန်လည်ဝယ်ယူ

အပြန်အလှန် အခွန်စည်းကြပ်မှုတွေ တိုးမြှင့်မယ်ဆိုရင် ပြီးခဲ့တဲ့ ဆောင်းဦးတုန်းက အမေရိကန် ကုန်ပစ္စည်းတွေအပေါ် အခွန်စည်းကြပ်မှု လုပ်ခဲ့တာထက် ပမာဏ ပိုများလာမှာပါ။ အမေရိကန်ဘက်က ၁၀ရာခိုင်နှုန်းအခွန်စည်းကြပ်မှု ပြုလုပ်ခဲ့တဲ့အခါ တရုတ်နိုင်ငံဘက်ကလည်း ၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ အခွန်စည်းကြပ်မှုတွေ အသီးသီး ပြုလုပ်ခဲ့ပါတယ်။ အမေရိကန် ကုန်ပစ္စည်းတွေအပေါ် တစ်နှစ်အတွင်းမှာ ၆၀ ဘီလီယံအထိ အခွန်စည်းကြပ်မှု ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် အမေရိကန်ရွေးကောက်ပွဲမှာ ထရမ့်ကို ထောက်ခံခဲ့တဲ့ ပြည်နယ်တွေမှာ သွင်းကုန်အတားအဆီးတွေ ပြန်လည်ရှင်သန်လာ နိုင်ပါတယ်။ ဒီဇင်ဘာလအတွင်းမှာလည်း ကုန်သွယ်ရေးစာချုပ်မှာ တိုးတက်မှုတွေ ရှိလာစေဖို့ အမေရိကန် ပဲတွေကို တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူခဲ့ပါတယ်။ အမေရိကန်ဘက်က ပဲတွေကို လွန်ခဲ့တဲ့ နွေရာသီကစလို့ တရုတ်ဘက်က အဝယ်ရပ်ထားခဲ့တာပါ။

မဆွဲဆောင်နိုင်

အမေရိကန်လုပ် ကားတွေ၊ အားကစားပစ္စည်းတွေကို ပြီးခဲ့တဲ့နွေရာသီကစလို့ အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်ခဲ့တာကိုလည်း တရုတ်နိုင်ငံဘက်က ဖယ်ရှားပေးခဲ့ပါတယ်။ တရုတ်နိုင်ငံအတွက်ကတော့ အပြန်အလှန်အခွန်စည်းကြပ်မှု ပြဿနာဟာ အလျှော့ပေးရုံမျှနဲ့တော့ အမေရိကန်ကို မဆွဲဆောင်နိုင်ပါဘူး။ တရုတ်နိုင်ငံမှာ စီးပွားရေးမျိုးစုံရှိပေမယ့် အမေရိကန်အပါအဝင် နိုင်ငံရပ်ခြားကို ကုန်ပစ္စည်းတွေ တင်ပို့တာက အဓိကပါပဲ။ တရုတ်နိုင်ငံဘက်က အခွန်စည်းကြပ်မှုကြောင့် အမေရိကန် စီးပွားရေးလုပ်ငန်းတွေ အထိနာပေမယ့် အမေရိကန်အပေါ် စီးပွားရေးအရ အကျိုးသက်ရောက်မှုကတော့ အကန့်အသတ်နဲ့ ရှိပါတယ်။ အခွန်စည်းကြပ်လိုက်တဲ့အတွက် ဝယ်ယူသူတွေဟာ ပိုက်ဆံအနည်းငယ်သာ ပိုပေးရတဲ့အတွက် အမေရိကန်ဝယ်သူတွေဟာ ဈေးနှုန်းပြောင်းလဲမှုကို သတိမထားမိကြပါဘူး။

အဟန့်အတားဖြစ်လာနိုင်

တရုတ်နိုင်ငံအတွက် နောက်ထပ်ရွေးချယ်မှုကတော့ အမေရိကန်ကုန်ပစ္စည်းတွေကို တရုတ်ပြည်သူတွေ မဝယ်ယူကြဖို့ တိုက်တွန်းဖို့ပါပဲ။ တကယ်လို့များ အဲ့ဒီလှုံ့ဆော်မှုဟာ အမေရိကန်ဆန့်ကျင်မှုအဖြစ် ပြောင်းလဲသွားမယ်ဆိုရင် အမေရိကန်နဲ့ ကုန်သွယ်ရေးဆွေးနွေးပွဲ သဘောတူညီမှုအတွက် ကြိုးပမ်းမှုမှာ အဟန့်အတားတွေ ဖြစ်လာနိုင်ပါတယ်။ တရုတ် ဝယ်သူတွေရဲ့ ရွေးချယ်မှုကို ကန့်သတ်လိုက်သလို ဖြစ်တာမို့ ဝယ်သူတွေကိုလည်း အထိနာစေပါတယ်။ အမေရိကန်ကား ကုမ္ပဏီတွေ၊ အိုင်ဖုန်းကုမ္ပဏီတို့မှာ လုပ်ကိုင်ကြတဲ့ တရုတ်အလုပ်သမားတွေအတွက်လည်း အထိနာစေမှာပါ။ တရုတ်နိုင်ငံဘက်က အမေရိကန်ကို ကုန်သွယ်ရေးမှာ လက်တုံ့ပြန်ချင်တယ်ဆိုရင် နည်းလမ်းတွေများပေမယ့် နည်းလမ်းတိုင်းမှာ အားနည်းချက်တွေကလည်း ရှိနေပြန်ပါတယ်။

ကင်းလွတ်ခွင့်တောင်းဆို

အမေရိကန်ဘက်က ကုန်ပစ္စည်းတွေ ထုတ်လုပ်ရာမှာ လက်စသတ်နိုင်ဖို့ လိုအပ်တဲ့ အစိတ်အပိုင်းတွေကို တရုတ်နိုင်ငံက ထုတ်လုပ်ပါတယ်။ ဒါ့ကြောင့်မို့လည်း အမေရိကန် ကုမ္ပဏီအများစုဟာ တရုတ်ကုန်ပစ္စည်းတွေအပေါ် ထရမ့်အစိုးရရဲ့ အခွန်စည်းကြပ်မှုကို ကင်းလွတ်ခွင့်ပေးဖို့ ကုန်သွယ်ရေး အရာရှိတွေထံ တောင်းဆိုကြပါတယ်။ သူတို့ဟာ ဒီကုန်ပစ္စည်းတွေအပေါ်မှာ မှီခိုနေရတယ်လို့ အကြောင်းပြကြပါတယ်။

အမြန်အဖြေရှာဖို့လို

မကြာသေးမီအချိန်ကတော့ ကုန်သွယ်ရေး စစ်ပွဲအဆုံးသတ်နိုင်တော့မယ်လို့ မျှော်လင့်ခဲ့ပေမယ့် အခြေအနေကတစ်မျိုးပြောင်းသွားပြန်ပါပြီ။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကတော့ ကမ္ဘာ့စီးပွားရေးအတွက် ခြိမ်းခြောက်မှုတစ်ခုလို့ ပြောပါတယ်။ ရှည်ကြာလှတဲ့ ကုန်သွယ်ရေးစစ်ပွဲအတွင်းမှာ လူတိုင်းဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ကမ္ဘာ့စီးပွားရေး တည်ငြိမ်မှုကိုလည်း လှုပ်ကိုင်နိုင်ပြီး အမြန်ပဲ အဖြေရှာကြဖို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က တိုက်တွန်းခဲ့ပါတယ်။ ။

ကိုးကား - နယူးယောက်တိုင်းမ်

နိုင်ငံတကာသတင်းတိုထွာ

ပြင်သစ်ထံမှ စစ်ဘက်ဆိုင်ရာ အကူအညီများ လက်ဘနွန်ရရှိ

ဘေရွတ် မေ ၁၂

လက်ဘနွန်နိုင်ငံသည် ပြင်သစ်အာဏာပိုင်များထံမှ စစ်ဘက်ဆိုင်ရာပစ္စည်းများကို ဘေရွတ်ဆိပ်ကမ်းတွင် စနေနေ့က လက်ခံရရှိခဲ့ကြောင်း အမျိုးသားသတင်းအေဂျင်စီ (NNA) က ပြောသည်။ တိုက်ပွဲဖြစ်ပွားရာနေရာသို့ စက်ပစ္စည်းနှင့် တပ်ဖွဲ့ဝင်များသယ်ယူပို့ဆောင်ပေးနိုင်မည့် သံချပ်ကာယာဉ်များ၊ ကားပြင်ဆင်ရာတွင် လိုအပ်သည့် အစိတ်အပိုင်းများကို လက်ဘနွန်တပ်ဖွဲ့မှ လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း NNA က ပြောသည်။ လွန်ခဲ့သည့်တစ်လခန့်က လက်ဘနွန်နိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ် ဘရူနိုဖူချာက ပြင်သစ်နိုင်ငံသည် လက်ဘနွန်နိုင်ငံ၏ မြေပြင်ကာကွယ်ရေးအသုံးစရိတ်များနှင့် ရေကြောင်းလိုင်းလုံခြုံစိတ်ချရစေရေးအတွက် ရည်ရွယ်ကာ ယူရိုသန်း ၄၀၀ ခန့် အကူအညီပေးသွားမည်ဟု ကြေညာခဲ့သည်။

ဆင်ဟွာ

အာဖဂန်လေကြောင်း တိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ၄၀ ကျော်သေဆုံး

ကဘူးလ် မေ ၁၂

အာဖဂန်လေတပ်ဖွဲ့က လွန်ခဲ့သော ၂၄ နာရီအတွင်း လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွအဖွဲ့ဝင် ၄၀ ကျော် သေဆုံးသွားကြောင်း အာဖဂန်အစိုးရက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ဂါဇနီအရှေ့ပိုင်းပြည်နယ်အတွင်း၌ တာလီဘန်စစ်သွေးကြွ ၁၆ ဦးတို့ အသတ်ခံရပြီး လေကြောင်းတိုက်ခိုက်မှုနှစ်ခုအတွင်း ငါးဦးဒဏ်ရာရရှိကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော် ကဘူးလ်တောင်ပိုင်းမှ ၁၂၅ ကီလိုမီတာအကွာ ဂါဇနီပြည်နယ်တွင် ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှုကို အာဖဂန်လေတပ်ဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတရုံးသတင်းထုတ်ပြန်ရေးပူးပေါင်းဆောင်ရွက်မှုဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိမ်နီးချင်း လိုဂါပြည်နယ်တွင် တာလီဘန်စစ်သွေးကြွနှစ်ဦး အသက်ဆုံးရှုံးခဲ့ပြီး စစ်သွေးကြွအဖွဲ့၏ မော်တော်ယာဉ်တစ်စီး ဖျက်ဆီးခံလိုက်ရကြောင်း သိရသည်။

အာဖဂန်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ (ANDSF) သည် အာဖဂန်ရှိ ပြည်နယ်၊ မြို့တော် ၃၄ ခုကို ထိန်းချုပ်ထားသည်။ သို့သော်လည်း ကျေးလက်ဒေသအများအပြားကို တာလီဘန်စစ်သွေးကြွအဖွဲ့က ထိန်းချုပ်ထားပြီး တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။

ဆင်ဟွာ

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ရွှေဘိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရွှေဘို မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ခင်ဦးမြို့နယ် အညာသီဟတောဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကာ ဘုရားရင်ပြင်တော် မြေနိမ့်ကျမှု ပြုပြင်ဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ခင်ဦး-သင်ပေါင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်းစံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ရွှေဘို-မြစ်ကြီးနားလမ်းဘေးရှိ ရွှေဘို ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးစဉ်။

လေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့်အိမ်ဆောက်ပစ္စည်းဖိုးများ ထောက်ပံ့

အုတ်ဖို မေ ၁၂

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာအိမ်ဆောက်ပစ္စည်းဖိုးများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို မေ ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေးက အမှာစကားပြောကြားကာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးမျိုးမင်းထက် က ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ရခြင်းကို ရှင်းလင်းပြောကြားသည်။ အုတ်ဖိုမြို့နယ် ကျေးရွာအုပ်စု ငါးအုပ်စုတွင် မေ ၈ ရက်က ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုမှ ပြိုလဲနေအိမ် ၁၆ လုံး၊ အမိုးလန်ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် အမိုးလန်နေအိမ် ၁၂၇ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၇၀၀၈၂၅၀ နှင့် ပြိုလဲနေအိမ် ၁၆ လုံးရှိလူဦးရေ ၄၄ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၉၂၄၀၀၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ(ဂျပန်နိုင်ငံထုတ်) လူသုံးကုန်ပစ္စည်း ၁၁ မျိုး တန်ဖိုးငွေကျပ် ၁၇၈၀၀၀ ခန့်တို့ကို လူမှုရေးဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လေဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ လင်းခေးမြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

လင်းခေး မေ ၁၂

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် ယမန်နေ့က လင်းခေးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမှူး၍ Wealth Gate Co.,Ltd. နှင့် Million Effect Co.,Ltd. ကုမ္ပဏီတို့မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် လင်းခေးမြို့နယ် ဝန်ထမ်းများ အိမ်ရာလေးခန်းတွဲ လေးထပ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး အင်ဂျင်နီယာ ဦးသိန်းထိုက်ကြူက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး Third party (MICEG) အဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်ထူး (QC) က လတ်တလော ဆောင်ရွက်ထားရှိသည့် တည်ဆောက်ရေးလုပ်ငန်းများအပေါ် ကြည့်ရှုစစ်ဆေးပြီး အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လင်းခေးမြို့နယ် နွယ်ဝတီခန်းမနှင့် လင်းခေးနမ့်တိန်းချောင်းနံဘေးပတ်လမ်းရှိ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ လင်းခေးမြို့နယ် ဝန်ထမ်းအိမ်ရာတည်ဆောက်မှုကြည့်ရှုစစ်ဆေးစဉ်။

သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကလေး မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်၍ ဌာနပေါင်းစုံ၊ လူမှုရေးအဖွဲ့အစည်းပေါင်းစုံနှင့် ပါတီပေါင်းစုံပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

"ကလေးမြို့ မြို့ပေါ်ရပ်ကွက်များဖြစ်တဲ့ လှိုင်သာယာ၊ ကြို့သုံးပင်၊ တောင်ဖီလာ၊ အင်ဒိုင်းကုန်း၊ မြို့လှ၊ တောင်ဇလပ်၊ တာဟန်း၊ စမ်းမြို့ သဇင် ရပ်ကွက်တွေမှာ ရေတွင်းတွေ ရေခန်းခြောက်လို့ သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်ခဲ့တယ်။ နောက်ပြီး မောက်လိုက် ကလေးကျေးရွာ၊ ရာဇဂြိုဟ်ကျေးရွာ၊ ကံအောင်ကျေးရွာ၊ ဟားခါးလေးကျေးရွာတွေမှာ ရေပြတ်လပ်ခဲ့တယ်။ ဒါကို ကုစားဖို့အတွက် အစီအမံတွေ ဘယ်လိုရေးဆွဲကြမလဲ။ နောက်နှစ်တွေမှာ ရေပြတ်လပ်မှုတွေမဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ ဆို တာကို ဒီဆွေးနွေးပွဲကနေ အဖြေရှာဖို့ ဆောင်ရွက်တာဖြစ်တယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမိုက ပြောကြားသည်။

ကလေးမြို့နယ်အတွင်း ရပ်ကွက် ကျေးရွာအုပ်စုများတွင် ရေပြတ်လပ်မှုဖြစ်ပေါ်ပါက သောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ရေသယ်ယာဉ်များကို မြို့နယ်စည်ပင်တွင် တစ်စီး၊ မြို့နယ်မီးသတ်ရေသယ်ယာဉ် သုံးစီး၊ ကလေးလွင်ပြင်ရေအလှူတော်ယာဉ် တစ်စီး၊ ပင်လုံအရန်မီးသတ်ယာဉ် တစ်စီး၊ တာဟန်းအရန်မီးသတ်ယာဉ် တစ်စီး၊ ကလေးစက်မှုဇုန်မှ တစ်စီးတို့ဖြင့် ရေပြတ်လပ်မှုဖြစ်ပေါ်သည့်ဒေသများသို့ ရေများဖြန့်ဝေပေးနေကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီက သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ကလေးမြို့နယ်တွင် ရေလျှံတွင်းဇုန်တွင်ပါဝင်သော ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၀ ရှိပြီး ရေလျှံတွင်းများကို ရေလျှံကျမှုမဖြစ်ပေါ်စေရေးအတွက် ပိုက်ထောင်ဂိတ်ဘားတပ်ဆင်ပြီး ရေလေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေဘဲ ရေကိုလိုအပ်သလောက်သာ သုံးစွဲကြစေရေးအတွက် ရေသယံဇာတ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကာကွယ်တားဆီးကြရန် လိုအပ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်းက ပြောသည်။

ဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများ၏ ဆောင်ရွက်ချက်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တင်ပြချက်များ၊ ပြည်သူတို့၏ လိုလားချက်များကို ပေါင်းစပ်ပြီး ကလေးမြို့အတွက် အသင့်တော်ဆုံးနှင့် အကောင်းဆုံးအခြေအနေရောက်အောင် ဆက်လက် ဆွေးနွေးကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက ပြောကြားသည်။ **သျှင်နေမင်း(ဂန့်ဂေါ)**

သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိရေး အလုပ်ရုံဆွေးနွေးပွဲ ကလေးမြို့၌ ကျင်းပစဉ်။

ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

ပဲခူး မေ ၁၂

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်၍ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်က ပဲခူးမြို့ သနပ်ပင်လမ်း လိပ်ပြာကန်ရှေ့၌ ကျင်းပသည်။

ပဉ္စမအကြိမ်မြောက်ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်း ရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒေါ်မိုးမိုးခိုင်က ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများက စည်းကမ်းလိုက်နာသူများကို ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်ကြသည်။

ဟိန်းထက်(ပဲခူး)

ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်စဉ်။

ကျေးရွာစိမ်းလန်းစိုပြည်ရေး လူမှုရေးအသင်းအဖွဲ့က သစ်ပင်စိုက်ကြမည်

ဂန့်ဂေါ   မေ ၁၂

ဂန့်ဂေါမြို့နယ် ရှုံးရှိကျေးရွာ၏ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် အလိုက်သိ လူငယ်များအဖွဲ့က ကျေးရွာရှိ လူနေအိမ်ဝိုင်းများ၊ ရွာဝင်လမ်း၊ ကျေးရွာနှင့် အနီးပတ်ဝန်းကျင်နေရာများတွင် ယခုနှစ် မိုးရာသီ၌ အရိပ်ရသစ်ပင်များစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့အဖွဲ့ မေ ၉ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူး အိမ်ဝိုင်းမှာ စိမ်းလန်းစိုပြည်ရေးအတွက် ဆွေးနွေးပွဲပြုလုပ်ခဲ့ပါတယ်။ စိတ်ပါဝင်စားသူ ၂၀၀ ကျော် တက်ရောက်ကြပါတယ်။ သစ်ပင်စိုက်ပျိုးဖို့ စနေနေ့တိုင်း ဆောင်ရွက်ကြမှာပါ။ မေ ၁၁ ရက် စနေနေ့က ကျေးရွာထဲမှာရှိတဲ့ အိမ်ဝိုင်းတစ်ခုမှာ သစ်ပင်စိုက်ဖို့ မြေကျင်း တစ်ကျင်းတူးပြီးမြေပြင်ပါတယ်။ နောက်အပတ် စနေနေ့တွေမှာ ရွာအဝင်လမ်း၊ ကျေးရွာနဲ့ အနီးပတ်ဝန်းကျင်နေရာတွေမှာ မြေကျင်းတူးတာ၊ မြေပြင်တာ လုပ်ပါမယ်။ မိုးမှန်မှန် ရွာတဲ့လမှာ သစ်ပင်တွေစိုက်ပျိုးပါမယ်"ဟု အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ လူငယ်များအဖွဲ့က နွေရာသီတွင် စိမ်းလန်း စိုပြည်မည့် ပိတောက်၊ ငုရွှေဝါ၊ သရက်၊ မဟော်ဂနီ၊ ခရေ စသည့် သစ်ပင်များကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ နည်းပညာများရယူသွားမည်ဖြစ်ကြောင်း သိရသည်။

စိန်ကျော်

သံတွဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းဖွင့်

စစ်တွေ   မေ ၁၂

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)တို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းကို မေ ၈ ရက်မှ စတင်ပြီး စက်မှုလက်မှုသိပ္ပံကျောင်း (သံတွဲ) ၌ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးလျက်ရှိသည်။

သံတွဲမြို့နယ်၌ လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းသို့ တက်ရောက်လာကြသူများ လက်တွေ့ဆောင်ရွက်နေကြစဉ်။

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာ ၁၄ရွာမှ သင်တန်းသား ၂၅ ဦးတက်ရောက်ကြပြီး စက်မှုလက်မှုသိပ္ပံကျောင်း(သံတွဲ)မှ နည်းပြဆရာ ဆရာမများက သင်ကြားပို့ချပေးလျက်ရှိသည်။ အဆိုပါသင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး ဒေါက်တာ အောင်မျိုးဝင်းနှင့် မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေးတို့က သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

စစ်ကိုင်းမြို့ပေါ်လမ်းများတွင် LED လျှပ်စစ်မီးတိုင်များ စိုက်ထူနိုင်ရေး ဆွေးနွေး

စစ်ကိုင်း   မေ ၁၂

စစ်ကိုင်းမြို့ပေါ် လမ်းမများတွင် အလင်းရောင်နှစ်ဖက်ရ LED လျှပ်စစ်မီးတိုင်များစိုက်ထူသွားရန် ယမန်နေ့က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖအဖွဲ့၊ မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ စစ်ကိုင်း မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

"ဒီနေ့အခမ်းအနားက မြို့သာယာလှပရေးအတွက် LED လျှပ်စစ်မီးတိုင်တွေ စိုက်ထူမယ့်အကြောင်းကို ညှိနှိုင်းပြီး ချပြတဲ့ အခမ်းအနားဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့မိမြို့ဖအဖွဲ့၊ မြို့ဖွံ့ဖြိုးရေးအဖွဲ့ လုပ်ငန်းရှင်တွေကို အားကိုးပြီးတော့မှ ဒီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အခုလိုတွေ့ဆုံပြီး ဆောင်ရွက်မယ့်လုပ်ငန်းစဉ်ကို ချပြဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ စည်ပင်ကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်စေချင်တယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

စစ်ကိုင်းမြို့ပေါ်လမ်းများတွင် LED လျှပ်စစ်မီးတိုင်များ စိုက်ထူရေး ပထမအဆင့်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့မှ အသခ်ယာစောယွမ်းကြေးရုပ်တုအထိ အလင်းရောင်နှစ်ဖက်ရ လမ်းလယ်လျှပ်စစ်ခါတ်တိုင် ၁၈ တိုင် စိုက်ထူသွားမည်ဖြစ်ပြီး ထိုသို့စိုက်ထူရန် လုပ်ငန်းရှင်အချို့မှ လျှပ်စစ်မီးတိုင်များ ပါဝင်လှူဒါန်းရန် စာရင်းပေးသွင်းခဲ့ကြသည်။

"အလှူရှင်တွေ လှူဒါန်းတဲ့ အလှူငွေကို ကနဦးတည်ပြီးမှ လိုအပ်တဲ့ငွေကို တိုင်းဒေသကြီးအစိုးရက ထောက်ပံ့ပေးမယ်။လက်ရှိ ကနဦးက ဗိုလ်ချုပ်ပန်းခြံရှေ့ကနေ အသခ် ယာစောယွမ်းကြေးရုပ်တု အဝိုင်းပတ်အထိ အလင်းရောင်နှစ်ဖက်ရ လမ်းလယ်လျှပ်စစ်ခါတ်တိုင်တပ်ဆင်သွားဖို့ လျာထားပါတယ်"ဟု ၎င်းက ပြောသည်။

ဒုတိယအဆင့်အနေဖြင့် LED လျှပ်စစ်မီးတိုင်များကို ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့မှ စစ်ကိုင်းမြို့ မြို့မဈေးရှေ့၊ ထို့မှတစ်ဆင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၊ မင်းလမ်းရပ်ကွက်ထိပ် စသည့် လမ်းမများအပေါ်သို့ အလှူငွေရရှိသည့် အပေါ် မူတည်၍ အဆင့်ဆင့် စိုက်ထူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးနှင့် ပြည်သူလူထုများ ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်၍ LED လျှပ်စစ်မီးတိုင်များစိုက်ထူရခြင်းဖြစ်ပြီး ထိုသို့ LED လျှပ်စစ်မီးတိုင်များစိုက်ထူခြင်းလုပ်ငန်းတွင် စေတနာရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာရေးကော်မတီထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုမင်း (အင်းတော်)

မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ် ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေး အန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၈၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၀၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၈၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၅၅/၁၀၁၀ ကျပ်	၁၀၁၀/၁၀၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၂၀ ကျပ်	၁၀၂၅/၁၀၄၀ ကျပ်
အောက်တိန်း ၉၂	၈၅၀/၉၀၀ ကျပ်	၉၄၅/၉၆၅ ကျပ်
အောက်တိန်း ၉၅	၉၂၀/၉၇၀ ကျပ်	၁၀၁၀/၁၀၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၁ . ၆
ဥရောပ	တစ်ယူရို	ကျပ် ၁၇၂၀ . ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၄ . ၄
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၉၂ . ၀
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၉၄ . ၆
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၁ . ၉
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ . ၇၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ . ၉၄၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၀ . ၀၆
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၈ . ၄၄
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ . ၅၃၇

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခါတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

မေလအတွင်း အပူဒဏ်အန္တရာယ် ဆက်လက်သတိပြုကြကွယ်

မေယု-မျိုးအောင် (MANA)

ရာသီဥတု အလွန်ပူပြင်းလာသည့် အကြောင်းအရင်းများကို ဆန်းစစ်ကြရာတွင် ကမ္ဘာကြီးပူနွေးလာမှု၊ ကာဗွန်ထုတ်လုပ်ခြင်း တိုးမြင့်လာမှု၊ မော်တော်ကား၊ လေအေးပေးစက် အစရှိသည့် စက်ကိရိယာများနှင့် စက်ရုံအမျိုးမျိုးတို့က ထုတ်လွှတ်နေသော အပူပမာဏ တစ်နှစ်ထက်တစ်နှစ်ပိုလာမှု၊ သစ်ပင်ခုတ်ထွင်းမှုများကြောင့် အပင်လျော့ပါးလာခြင်း၏ အကျိုးဆက်များကြောင့် သိမြင်လာရသည်။

ကမ္ဘာမြေကြီးပူနွေးမှုဟုဆိုရာတွင်

ကမ္ဘာမြေကြီးပူနွေးလာမှုအကြောင်းပြောကြရာတွင် အသုံးအနှုန်းအရ ပူနွေးမှုဟုဆိုသော်လည်း ကမ္ဘာ့ရာသီဥတု ပျက်ပြားကာ ပူသည့်နေရာများက အဆမတန်ပူပြင်းလာချိန်၊ အေးသည့်နေရာများက မခံနိုင်အောင်အေးခဲခြင်း၊ မြေအောက်ရေရှားပါးလာခြင်း၊ ရေရှားပါးသည့် ဒေသများက ရေရရှိရေး အလွန်ခက်ခဲနေချိန်တွင် အခြားတစ်ဖက်၌ ရေကြီးရေလျှံမှုများနှင့် ကြုံနေရခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမောက်ကမဖြစ်လာသည်နှင့်အမျှ မြေငလျင်လှုပ်ခြင်း၊ ယင်းနှင့်ဆက်စပ်နေသည့် ဆူနာမီခေါ် ပင်လယ်ရေလှိုင်းကြီးများ တစ်ဟုန်ထိုး တက်လာခြင်း၊ အယ်နီညို၊ လာနီညာဘေး အန္တရာယ်များ ကြုံတွေ့ရခြင်းဖြစ်စဉ်တို့ ပါဝင်သည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလအတွင်း နေ့အပူချိန်တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက် လေပြင်းတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသော မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်းနှင့် လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်ရာ ပြည်သူများအနေ ဖြင့် နွေကာလဖြစ်သည့် ဧပြီလနှင့်မေလများအတွင်း ဖြစ်ပေါ်နိုင်သည့် မိုးလေဝသဖြစ်စဉ်များကို အထူးဂရုပြု နေထိုင်ကြရန် အသိပေးနှိုးဆော်ထားသည်။

ဧပြီလနှင့်မေလအတွင်း အပူဒဏ်

စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလအတွင်း အပူချိန်မှာ ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဉ္စန်ကြားမှုဦးစီးဌာနမှရရှိသည့် အချက်အလက်များအရ သိရသည်။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့တွင် အပူချိန်ဆက်တိုက်မြင့်တက်လျက်ရှိပြီး ၁၀ နှစ်တာအတွင်း စံချိန်တင်အပူချိန် ရောက်ရှိရန် ၂ ဒီဂရီစင်တီဂရိတ်သာလိုတော့ကြောင်း သိရသည်။ ပြည်မြို့အတွင်း ဧပြီ ၁၆ ရက်မှ စတင်ကာ အမြင့်ဆုံးအပူချိန် ၄၁ ဒသမ ဝ ဒီဂရီစင်တီဂရိတ်မှစ၍ ဧပြီ ၁၉ ရက် ညနေ ၃ နာရီခွဲတိုင်းတာချက်များအရ အမြင့်ဆုံးအပူချိန် မှာ ၄၂ ဒသမ ဝ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်လာပြီဖြစ်ကြောင်း သိရသည်။

မိုးလေဝသနှင့်ဇလဗေဒဉ္စန်ကြားမှုဦးစီးဌာနက ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပုံမှန်အပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ ပိုင်း)၊ ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အပူချိန်အမြင့်ဆုံးလများမှာ ဧပြီလနှင့် မေလတို့ဖြစ်ကြပြီး ဧပြီလ ဒုတိယပတ်အတွင်း မိုးရွာသွန်းမှု နည်းပါးခဲ့ခြင်းကြောင့် တစ်နိုင်ငံလုံး၌ အပူချိန်များ ဆက်တိုက်မြင့်တက်ခဲ့သည်။

ရာသီဥတုပူပြင်းခြင်းကြောင့် အသက်လေးနှစ်အောက်ကလေးများနှင့် အသက် ၆၀ ကျော်သက်ကြီးရွယ်အိုများမှာ အပူဒဏ်ကြောင့်မေ့လဲခြင်း၊ အပူကြောင့် ခြေလက်ရောင်ရမ်းခြင်း၊ အပူကြောင့် ကြွက်တက်ခြင်း၊ အပူကြောင့် အားအင်ကုန်ခန်း ချည့်နဲ့ခြင်းနှင့် အပူကြောင့် ချွေးမထွက်ဘဲ သတိလစ်မေ့မြောသည့် Heat Stroke စသည်တို့ဖြစ်ပွားနိုင်ကြောင်းလည်း သိရသည်။

Heat Stroke သည် ခန္ဓာကိုယ်၏ အပူချိန်ညှိမှုပျက်စီးသွားခြင်းကြောင့်ဖြစ်ပြီး အပူရှိန်မြင့်တက်လာသည့်အခါ လူ့ခန္ဓာကိုယ်၏ အပူချိန်သည် ၁၀၅ ဒီဂရီဖာရင်ဟိုက်(၄၀ ဒသမ ၅ ဆဲလ်စီးရပ်စ်)အထိရောက်ရှိလာပြီး ဦးနှောက်နှင့်အခြား အင်္ဂါအစိတ်အပိုင်းများကို ထိခိုက်စေကြောင်း သိရသည်။

ဗဟိုအဆင့်ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထား

လူအများတွင် Heat Stroke အန္တရာယ်ရှိလာပါက ကုသပေးနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဗဟိုအဆင့်ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့ဆေးရုံပေါင်း ၆၃ ရုံခန့်ရှိပြီး ဗဟိုအဆင့်ဆေးရုံ ၁၈ ရုံ၊ တိုင်းဒေသကြီးအဆင့်ဆေးရုံ ၂၈ ရုံနှင့် တိုက်နယ်ဆေးရုံ ၃၇ ရုံတွင် ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

> **“ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေက လူတွေအပေါ် အများကြီး သက်ရောက်မှုရှိပါတယ်။ အပူချိန်မြင့်လေ ခြင်တွေပိုပေါက်ပွားလေဖြစ်ပြီး ခြင်ကတစ်ဆင့်ဖြစ်တဲ့ ရောဂါတွေလည်း ဖြစ်ပွားမှုနှုန်းများနိုင်တယ်။ သောက်သုံးရေရှားပါးမှုတွေကြောင့် ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါတွေ ပိုပြီး ဖြစ်တတ်တယ်။ ရေရှားပါးမှုနဲ့အတူ အရေပြားကူးစက်ရောဂါတွေကလည်း တွဲပြီးဖြစ်လာတတ်ပါတယ်။ ဥပမာ-ရန်ကုန်ဆိုရင် မြို့ပြဖြစ်ပြီး လူဦးရေထူထပ်တယ်။ ဘယ်ရောဂါဖြစ်ဖြစ် ကူးစက်မှုနှုန်းအလွန်မြန်တယ်။ အခုဆိုရင် ရန်ကုန်မှာ အပူချိန်က တဖြည်းဖြည်းမြင့်လာပြီဆိုတော့ ကူးစက်ရောဂါတွေကို သတိထားဖို့လို”**

အပူဒဏ်အန္တရာယ်များနှင့် အခြားနောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးနည်းလမ်းများအား ပြည်သူအားလုံးမှ လိုက်နာဆောင်ရွက်ကြရန်နှင့် ဖြစ်ပွားမှုများရှိလာပါက ကျန်းမာရေးဌာန/ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက် ဆေးကုသမှုခံယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

အပူချိန်မြင့်မားမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူဒဏ်အန္တရာယ်၊ ကူးစက်ရောဂါ၊ နာတာရှည်ရောဂါအပါအဝင် အခြားကျန်းမာရေးပြဿနာများ ဆက်စပ်ဖြစ်ပွားနိုင်၍ ပြည်သူများအနေဖြင့် သတိပြုရန်လိုအပ်မှုနှင့် ပတ်သက်၍ “ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေက လူတွေအပေါ်အများကြီး သက်ရောက်မှုရှိပါတယ်။ အပူချိန်မြင့်လေ ခြင်တွေပိုပေါက်ပွားလေဖြစ်ပြီး ခြင်ကတစ်ဆင့်ဖြစ်တဲ့ ရောဂါတွေလည်း ဖြစ်ပွားမှုနှုန်းများနိုင်တယ်။ သောက်သုံးရေရှားပါးမှုတွေကြောင့် ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါတွေ ပိုပြီးဖြစ်တတ်တယ်။ ရေရှားပါးမှုနဲ့အတူ အရေပြားကူးစက်ရောဂါတွေကလည်း တွဲပြီးဖြစ်လာတတ်ပါတယ်။ ဥပမာ-ရန်ကုန်ဆိုရင် မြို့ပြဖြစ်ပြီး လူဦးရေထူထပ်တယ်။ ဘယ်ရောဂါဖြစ်ဖြစ် ကူးစက်မှုနှုန်းအလွန်မြန်တယ်။ အခုဆိုရင် ရန်ကုန်မှာ အပူချိန်က တဖြည်းဖြည်းမြင့်လာပြီဆိုတော့ ကူးစက်ရောဂါတွေကို သတိထားဖို့လိုပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက ဒီလိုနွေကာလမှာ ကလေးတွေမှာ ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါတွေ အစုလိုက်ဖြစ်တာတွေရှိခဲ့တဲ့အတွက် သတိထားရမယ်။ နှစ်စဉ် အပူချိန်က တဖြည်းဖြည်းမြင့်တက်လာတဲ့အတွက် ကျန်းမာရေးဌာနက ထုတ်ပြန်တဲ့ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်တွေကို လိုက်နာဖို့ ပြောချင်ပါတယ်” ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က ပြောသည်။

‘မြန်မာနိုင်ငံ၏ရာသီဥတုဆိုင်ရာ ဘေးဖြစ်နိုင်မှုအခြေအနေ’ အစီရင်ခံစာတွင် ၂၁ ရာစုတစ်ဝက်သို့ ရောက်ရှိသည့်အခါ နိုင်ငံတစ်ဝန်းလုံးတွင် အပူချိန်သည် ၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ်မှ ၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ် မြင့်တက်လာပြီး အလွန်အကျွံပူသည့် နေ့ရက်များ ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ အတွင်း မြန်မာနိုင်ငံသည် တစ်လလျှင် အလွန်အကျွံ ပူသည့်နေ့ရက်တစ်ရက်ခန့်ရှိခဲ့ကြောင်းနှင့် နောင် ၁၀ နှစ်ကြာသည့်အခါတွင်မူ မြန်မာနိုင်ငံသည် အလွန်အကျွံ ပူသည့်နေ့ရက်များသည် တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် တစ်ရက်ခြားတစ်ခါ ကြုံတွေ့ရနိုင်ဖွယ်ရှိကြောင်း ဖော်ပြထားသည်။

အပူနှင့် ထိတွေ့ရသော လုပ်ငန်းများတွင် လုပ်ကိုင်နေရသော လုပ်သားများ အပူကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ဖြစ်လာနိုင်ခြင်းကြောင့် အထူးသတိပြုနေထိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မတ်လအတွင်းက သတိပေးချက်ထုတ်ပြန်ကြေညာခဲ့သည်။

ကာယလုပ်သားများ အထူးသတိပြုရန်လို

နေပူကျဲကျဲတွင် အလုပ်လုပ်ကိုင်သူ ကျပန်းလုပ်သားများ၊ ဝန်စည်စလွယ်ထမ်းပိုးကြသော ကာယလုပ်သားများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ(မော်တော်ကား၊ အငှားယာဉ်၊ ဆိုင်ကယ်ကယ်ရီ)များ၊ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းတွင်အလုပ်လုပ်ကိုင်သော လုပ်သားများ၊ မီးသတ်သမားများ၊ အားကစားသမားများ၊ မုန့်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများနှင့် စားဖိုဆောင်အိုးသူကြီးများ၊ မိုင်းတွင်းလုပ်သားများ၊ ဥမင်လိုဏ်ခေါင်းနှင့် အလုံပိတ်နေရာများတွင် အလုပ်လုပ်ကိုင်ရသူ လုပ်သားများ၊ ဘွိုင်လာခန်းတွင် အလုပ်လုပ်ကိုင်သူလုပ်သားများ၊ စက်ရုံလုပ်သားများ၊ သံရည်ကျိုလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူလုပ်သားများ၊ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် အလုပ်လုပ်ကိုင်သူဝန်ထမ်းများ၊ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ လုပ်သားများနှင့် သင်္ဘောကျင်းတွင် အလုပ်လုပ်ကိုင်သူ လုပ်သားများအနေဖြင့် ကျန်းမာရေးကို အထူးဂရုပြုနေထိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

နွေရာသီနှင့် ရာသီဥတုပူပြင်းသော အချိန်ကာလများတွင် အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှုများပြားကာ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်၍ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။ သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက် အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲနှင့် အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်များတွင် ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) နေ့ခင်းအချိန်၊ အမိုးအကာမရှိသော နေရာများတွင် ကာလရှည်ကြာစွာ လုပ်ငန်းဆောင်ရွက်ရသူများနှင့် အပူနှင့် ထိတွေ့ရသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသော လုပ်သားများအနေဖြင့် အပူချိန်ပြင်းထန်သောအချိန်တွင် အရိပ်ရအေးမြသော နေရာများ၌ အနားယူသင့်ပါသည်။

(၅) ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးဂေဟာများနှင့် နေ့ကလေးထိန်းကျောင်းများ အနေဖြင့် အဆောက်အအုံများအား လေဝင်လေထွက်ကောင်းအောင် စီစဉ်ဆောင်ရွက်ပါ။ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ကုသနိုင်ရန် အစီအမံများ ချမှတ်ပါ။

(၆) အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်ကာလတွင် ခရီးသွားခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

(၇) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့်ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းတို့ကြောင့် အထူးရှောင်ကြဉ်ပါ။

(၈) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၉) အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၁၀) ခန္ဓာကိုယ်အတွင်း ရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည် သောက်သုံးပါ။

(၁၁) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင်အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၂) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။ ကိုယ်အပူချိန်အမြန်ကျဆင်းလာစေရန် လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက် စုစုပေါင်းငါးနေရာတွင် ရေအေးဖတ်ကိုကပ်ပါ။ ရေများများသောက်ခိုင်းပါ။

(၁၃) အပူဒဏ်ကြောင့် နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်းနှင့် သတိလစ်ခြင်းများ ဖြစ်ပေါ်ပါက အသက်အန္တရာယ်ရှိနိုင်၍ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသကုသရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များကို ဂရုပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေး အသိပညာပေး

နေပြည်တော် မေ ၁၂

နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ရှစ်မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများမှ ဦးဆောင်၍ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေးအတွက် အသိပညာပေးဆောင်ရွက်မှုများ အဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အေးမြင့်နိုင်သည် မေ ၁၁ ရက်က ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာတွင် မှုခင်းဖြစ်ပွားသည့်အကြောင်းအရာများကို သာဓကများဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရဲတပ်ဖွဲ့မှ ပြည်သူအတွက် ၂၄ နာရီအချိန်ပြည့်ရှိနေကြောင်းနှင့် ရဲတပ်ဖွဲ့နှင့်ပြည်သူ လက်တွဲဆောင်ရွက်နေမှုများ၊ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်၊ လှည့်ကင်း ရပ်ကင်းဆောင်ရွက်မှုများကို ရှင်းလင်းကာ ဒေသခံများအနေဖြင့် မိမိတို့ဒေသတွင် ထူးခြားဖြစ်စဉ်များရှိက ရဲတပ်ဖွဲ့သို့ ဆက်သွယ်ရန် ဖုန်းနံပါတ်များပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

စိုက်ပျိုးရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး သရက်ခြံ ၁၈ ခြံ သို့ ကွင်းဆင်းစစ်ဆေး

မုံရွာ မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကန့်ဘလူ ခရိုင်နှင့် စစ်ကိုင်းခရိုင်အတွင်းရှိ သရက်ခြံ ၁၈ ခြံသို့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးမှု လုပ်ဆောင်ခဲ့ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးထံမှ သိရသည်။

"GAP စနစ်နဲ့စိုက်ထားတဲ့ခြံတွေမှာ ကွင်းဆင်းစစ်ဆေးတဲ့အဖွဲ့တွေ အဓိကစစ်တာက မြေကိုဓာတ်ခွဲ စစ်ဆေးထားသလား၊ ရေကိုဓာတ်ခွဲစစ်ဆေးထားသလား၊ သီးနှံတွေမှာ အသုံးပြုတဲ့ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးတွေက မြန်မာနိုင်ငံအတွင်းမှာ တရားဝင်မှတ်ပုံတင်ထားတဲ့ သွင်းအားစုတွေကိုပဲ အသုံးပြုတာလားဆိုတာတွေ စစ်တယ်။ နောက်ပြီး ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ သုံးတယ်ဆိုရင်လည်း သီးနှံအတွက် ထောက်ခံထားတဲ့ပမာဏကို သုံးရမယ်။ ထောက်ခံထားတဲ့ ပမာဏထက်ကျော်ပြီး သုံးရင်လည်း မကိုက်ညီဘူး။ သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ထားရှိသလား၊ လုပ်သားတွေ ကျန်းမာသန့်ရှင်းမှု ရှိ၊ မရှိကိုစစ်တယ်။ သီးနှံတွေ စပြီးစိုက်တဲ့အချိန်ကနေ သီးနှံခူးလိုက်တဲ့အချိန်အထိ တိကျတဲ့မှတ်တမ်းရှိရမယ်။ အဲဒါတွေကိုစစ်ဆေးတယ်။ GAP စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတယ်ဆိုရင်တော့ ရုံးချုပ်ကလက်မှတ်ထုတ်ပေးတဲ့အဖွဲ့က GAP စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ ခြံတွေကို အသိအမှတ်ပြုလက်မှတ်ကိုတော့ ရုံးချုပ်ကလက်မှတ်ထုတ်ပေးတဲ့အဖွဲ့က GAP စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ ခြံတွေကို လက်မှတ်တွေ ထုတ်ပေးသွားမှာပါ" ဟုတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့များသည် စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်အတွင်း အကျယ် ၅၈ ဒသမ ၈၆ဧကရှိ သရက်သီးနှံ ခုနစ်ခြံနှင့် မြင်းမူမြို့နယ်အတွင်း အကျယ် ၁၁ ဒသမ ၉၃ ဧကရှိ သရက်သီးနှံ လေးခြံ၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ အကျယ် ၅၉၀ ဒသမ ၃၉ ဧကရှိ သရက်ခြံခြောက်ခြံ၊ မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း အကျယ် ၁၀ ဧကရှိ သရက်ခြံတစ်ခြံတို့ကို မေ ၈ ရက်မှ ၁၀ ရက်အထိ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်းနှင့် GAP အသိအမှတ်ပြု လက်မှတ်များကို သီးနှံတင်ပို့ချိန်အမီ ထုတ်ပေးနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးနေစဉ်။

လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့နယ်ခွဲတွင် ငမြောင်တောင် သီးနှံဖျက်ပိုးကျရောက်မှုကာကွယ်နှိမ်နင်းရေး ဆွေးနွေး

ချင်းရွှေဟော် မေ ၁၂

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့ လုံတန်အုပ်စု ညိုဖြင်စီးပါး ကျေးရွာ စာသင်ကျောင်း၌ မေလ ပထမပတ်က ငမြောင်တောင်သီးနှံဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေး ပညာပေး ဆွေးနွေးပွဲပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမိုးမင်းစိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသနေတောင်သူများတက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက လာမည့်မိုးသီးနှံစိုက်ပျိုးရေးရာသီတွင် ငမြောင်တောင်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဌာနနှင့်တောင်သူများပူးပေါင်း၍ ကြိုတင် ဆောင်ရွက်ရန်လိုအပ်ချက်များကို လည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမိုးမင်းစိုးက ငမြောင်တောင် သီးနှံဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ဆွေးနွေးကြသည်။ ထို့နောက် ချင်းရွှေဟော်မြို့ဦးစီးမှူးက ငမြောင်တောင်ကာကွယ်နှိမ်နင်းရေးအဖွဲ့စာသားပါ ဆေးဖျန်းပုံးများကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သိခ်**

ငမြောင်တောင်သီးနှံဖျက်ပိုးကျရောက်မှုကာကွယ်နှိမ်နင်းရေး ဆွေးနွေးကြစဉ်။

မိတ္ထီလာတွင် ၂၀၁၉ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၇၁၃၅၀ စတင်ထုတ်ချေးပေး

မိတ္ထီလာ မေ ၁၂

မိတ္ထီလာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၇၁၃၅၀ ကို စတင်ထုတ်ချေးပေးလျက်ရှိသည်။

"မေ ၆ ရက်ကစတင်ပြီး မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေတွေ စတင်ထုတ်ချေးပေးတာပါ။ သီးကုန်းအုပ်စုနဲ့ ညောင်ကိုင်းအုပ်စုက တောင်သူ ၁၄၂ ဦး၊ စပါးနဲ့ အခြားသီးနှံအတွက် စုစုပေါင်း ငွေကျပ် ၇၀၅ သိန်းကို ထုတ်ချေးပြီးပါပြီ။ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေကျပ်သိန်းပေါင်း ၇၁၃၅၀ကို မြို့နယ် အတွင်းက တောင်သူ ၁၀၄၀၀ ထံ ထုတ်ချေးဖို့ လျာထားပေးနေတာ ဖြစ်ပါတယ်"ဟု မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးမောင်အေးက ပြောသည်။

မိတ္ထီလာမြို့နယ်အတွင်း ၂၀၁၉ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စု ၅၅ အုပ်စုမှ တောင်သူ ၁၀၄၀၀ ခန့်၏ လယ်သီးနှံ (စပါး) ဧက ၁၉၅၀၀၊ အခြားသီးနှံ ဧက ၄၂၁၀၀ တို့အတွက် စပါး တစ်ဧက ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံ တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်သည်။ ယခင်နှစ်က အခြားသီးနှံ တစ်ဧကကို ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်သာ ထုတ်ချေးခဲ့ပြီး ယခုနှစ်တွင် တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးခြင်း ဖြစ်ကာ မြို့နယ်အတွင်း မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများအားလုံးကို ဇူလိုင်လထဲတွင် ပြီးစီးအောင် ထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

တရုတ်နိုင်ငံက ဆိတ်အရှင် ဝယ်ယူမှုနည်းပါးသဖြင့် ဈေးနှုန်းသုံးပုံတစ်ပုံခန့် ကျဆင်းနေ

မန္တလေး မေ ၁၂

ပြည်တွင်းဆိတ်ဈေးကွက်အတွင်း တရုတ်နိုင်ငံမှ ဆိတ်ဝယ်ယူမှုနည်းပါးသဖြင့် ဆိတ်အရှင်ဈေးနှုန်းမှာ သုံးပုံတစ်ပုံခန့် ကျဆင်းနေကြောင်း ဆိတ်မွေးမြူသူများထံမှ သိရသည်။

"အရင်တုန်းကဆိတ်အရှင် တစ်ပေါင်ကို ကျပ် ၃၆၀၀ အထိ အမြင့်ဆုံးရှိခဲ့တယ်။ ဒီနှစ်မှာ တရုတ်က မဝယ်တဲ့အတွက် တစ်ပေါင်ကို ကျပ် ၂၀၀၀ အထိ ကျသွားတယ်" ဟု ဆိတ်မွေးမြူ သူ ဦးတင်ရှိန်က ပြောသည်။

ဆိတ်အရှင်ကို ပြည်ပနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြသော်လည်း သိသိသာသာဝယ်ယူမှုမရှိခဲ့သဖြင့် တရုတ်ဈေးကွက်တစ်ခုကိုသာ လုပ်ငန်းရှင်များက ဦးတည်ရောင်းချခဲ့ရပြီး လက်ရှိတွင် ယင်းနိုင်ငံမှလည်း ဝယ်ယူမှုနည်းပါးသည့်အတွက် ယခုကဲ့သို့ အခြေအနေများဖြင့် ရင်ဆိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကဈေးကွက်တစ်ခုတည်းကိုပဲ အားကိုးခဲ့တာကြောင့် ဒီလိုမျိုးတွေကြုံတွေ့ကြရတာပါ။ တရုတ်ကအရင်က ဘာမဆိုယူတယ်။ အခုကျတော့ ကန့်သတ်ချက်တွေရှိလာသလို ဝယ်ယူတာတွေလည်း နည်းလာတယ်။ ဒါကြောင့် အခုလိုအခြေအနေတွေနဲ့ ရင်ဆိုင်လာရတာပါ"ဟု ဆိတ်မွေးမြူသူ ဦးမောင်လှက ပြောသည်။

လက်ရှိတွင် ဝယ်ယူမှုနည်းသွားခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ တင်ပို့ထားသော ဆိတ်ကောင်ရေ ငါးထောင်ခန့် မူဆယ်ဈေးကွက်တွင် ပိတ်မိနေပြီး ၎င်းတို့အား ထားသိုရသည့်နေရာစရိတ်၊ အစာစရိတ်များအတွက် ကုန်သည်များ ဆုံးရှုံးလျက်ရှိရာ ဆိတ်အရှင်ဈေးနှုန်းမှာ ယခုထက်ပိုမိုကျဆင်းလာတော့မည်ဖြစ်ခြင်းကြောင့် ကုန်သည်များစုပေါင်းကာ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် စီစဉ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

မတ္တရာမြို့နယ်တွင် ပျိုးပင်ပေါင်း ၄၅၀၀၀ စိုက်ပျိုးထား

မတ္တရာ မေ ၁၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်းအကောင်ထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မတ္တရာမြို့နယ်ရှိ မြို့မဘိနယ်ယာယီပျိုးဥယျာဉ်နှင့် ဥက္ကံဘိနယ် ယာယီပျိုးဥယျာဉ်တို့တွင်လည်း သစ်ပင်များပျိုးထောင်ထားရှိသည်။ လာမည့်မိုးရာသီကာလတွင် စိုက်ပျိုးရန်အတွက် မတ္တရာမြို့နယ်ရှိ ယာယီပျိုးဥယျာဉ်များတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မည်စည်၊ စိန်ပန်း၊ မဲဇလီ၊ မဟော်ဂနီစသည့် သစ်မျိုးပေါင်း ၃၆ မျိုး၊ ပျိုးပင် စုစုပေါင်း ၄၅၀၀၀ စိုက်ပျိုးထားကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

မတ္တရာမြို့နယ်တွင် ယာယီပျိုးဥယျာဉ်စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

ကျွန်းလှမြို့နယ် နွေစပါးစံပြကွက်များအတွင်း ထရိုင်ဂိုဂရားမား ဥကပ်ပါးနဂျီလွှတ်ပွဲ ကျင်းပ

ကျွန်းလှ မေ ၁၂

စပါးနှင့်စားသုံးသီးနှံများတွင် ကျရောက်သော လိပ်ပြာမျိုးရင်းဝင်ဖျက်ပိုးများကို ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ငါးဘတ်အိုင်ကျေးရွာ ကွင်းအမှတ်(၂၇၆)တောင်သူ ဦးကြီးစိန်နှင့် ဦးမြင့်ကိုတို့၏ နွေစပါးစံပြကွက် သုံးဧကတွင် ယနေ့ နံနက်က ထရိုင်ဂိုဂရားမားဥကပ်ပါး နဂျီလွှတ်ပွဲ ကျင်းပသည်။

ဈေးဦးစွာ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်ရီက ဘက်စုံပိုးမွှားကာကွယ်ရေးနည်းလမ်းများ၊ ဇီဝနည်းဖြင့် သီးနှံကာကွယ်ရေးနည်းစနစ်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်က ဆစ်ပိုးကာကွယ်နှိမ်နင်းနည်းများနှင့် ဥကပ်ပါးနဂျီ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းပြီး နွေစပါးစိုက်ခင်းအတွင်း ထရိုင်ဂိုဂရားမား ဥကပ်ပါးနဂျီကပ်များချိတ်ဆွဲပေးကြပြီး EM ဘိုကာရှီ ၊ သဘာဝမြေဆွေးပုံပြုလုပ်နည်း လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

နွေစပါးစံပြကွက်များအတွင်း ထရိုင်ဂိုဂရားမားဥကပ်ပါးနဂျီလွှတ်ခြင်းကို စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။

သန်လျင်မြို့နယ် သက်ကြီးဘိုးဘွားများအား ကန်တော့

ရန်ကုန် မေ ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်အတွင်း မှအသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၃၀ တို့အား ပူဇော်ကန်တော့ပွဲကိုမေ ၁၂ ရက်ညနေ ၅ နာရီတွင် ညောင်သုံးပင် ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းတိုက်ပဓာန နာယကဆရာတော်ထံမှ သြဝါဒခံယူပြီး သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းကမုဒိတာစကား ပြောကြားပြီး အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ပူဇော်ပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကန်တော့ ပစ္စည်းနှင့် အလှူငွေများ ပေးအပ်ကြသည်။

ထို့နောက် အပူဇော်ခံ အဘိုးဦးချစ်သန်းမြင့်က ဆုပေးစကားပြောကြားသည်။

သန်းဝင်း (သန်လျင်)

ကမ္ဘာ့ပန်းနာရင်ကျပ်ရောဂါ အထိမ်းအမှတ်နေ့ မန္တလေးတွင် ကျင်းပ

မန္တလေး မေ ၁၂

မန္တလေးအထွေထွေရောဂါကုရင်ခေါင်းဆေးပညာဌာနနှင့် ဆေးကုမ္ပဏီတို့မှ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ပန်းနာရင်ကျပ်ရောဂါ အထိမ်းအမှတ် ကျန်းမာရေးပညာပေး ဟောပြောပွဲကို မန္တလေးဆရာဝန်အသင်းခန်းမတွင် မေ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်တင်မိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မန္တလေးအထွေထွေရောဂါကုဆေး ရုံကြီးရင်ခေါင်းဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်အေးဝင်းဆက်က ပန်းနာရင်ကျပ်ရောဂါ အကြောင်း သိကောင်းစရာများကိုဟောပြောသည်။ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရင်ခေါင်းဆေးပညာဌာနမှ ဒေါက်တာဒေါ်ရတနာထွန်းက မေးမယ်၊ဖြေမယ်အစီစဉ်ဖြင့် တက်ရောက်လာသူများအား မေးခွန်းများမေးမြန်း၍ ဆုလက်ဆောင်များ ပေးအပ်သည်။ ကမ္ဘာ့ပန်းနာရင်ကျပ်ရောဂါ အထိမ်းအမှတ်နေ့သည် မေ ၇ ရက်က ကျရောက်ခဲ့ပြီး ယခုမြန်မာနိုင်ငံတွင် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပလျက်ရှိသည်ဟု သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ကြားရှိ မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

မယ်ဆိုင်ချောင်း ရေစီးရေလာ ကောင်းမွန်ရေး စုပေါင်းရှင်းလင်းမှုများ ဆောင်ရွက်ကြစဉ်။

တာချီလိတ် မေ ၁၂

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့အကြား ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ချောင်းရေကိုနှစ်ဖက်မျှတစွာ အသုံးပြုနိုင်ရေးအတွက် ချောင်းအတွင်း ရှင်းလင်းမှုကို မေ ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းမယ်ဆိုင်ချောင်းအတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ ချောင်းကော နေသည့်နေရာများကို နုန်းသဲကျောက်များနှင့် သစ်ငုတ်များတူးဖော်ခြင်းတို့ကို ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်စည် ပင်သာယာရေးဌာန လူမှုရေးအသင်းအဖွဲ့များ၊ ဆန်ဆိုင်း(ခ)ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက နယ်ခြားမှတ်တိုင်အမှတ် ၄၆၅ မှ ၄၇၃ အတွင်း၌ စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ရေချောင်းမှ ထိုင်းနိုင်ငံရှိ လယ်သမားများက ရေသွယ်မြောင်း ပြု လုပ်၍ ရေသွယ်ယူခြင်းများကြောင့် ရေစီးကြောင်း ပြောင်းလဲခြင်းကို ကာကွယ်နိုင်ရေး၊ ရေစီးရေလာပုံမှန်ဖြစ်စေရေး တိမ်ကောနေရာများတွင် ဘက်ဟိုးဖြင့် တူးဖော်ပေးသည်။

တာချီလိတ်မြို့တွင် မိုးတွင်းကာလ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပါကတောင်ကျချောင်းရေများပြားပြီး ချောင်းရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ မဖြစ်စေရေး ကြိုတင်ကာကွယ်မှုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖြိုးလေး (ပြန်/ဆက်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ(ကော့သောင်း) ဖွဲ့စည်း

ကော့သောင်း မေ ၁၂

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အောက်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ တနင်္သာရီတိုင်းဒေသကြီး (ကော့သောင်း)အသင်းခွဲဖွဲ့စည်းခြင်းနှင့် အသင်းသားစုံညီညီလာခံအခမ်းအနားကို ယနေ့နံနက်က ကော့သောင်းမြို့မဇ္ဈူသကပြည်သူ့ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများ၊ ကော့ သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ (ကော့သောင်း) အသင်းသားများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကို ၁၉၉၅ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တွင် အသင်းဝင်ပေါင်း ၆၄၃၄၂ ဦးရှိကာ အသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြင်ပလုပ်ငန်းကုမ္ပဏီပေါင်း ၃၂၇ ခုရှိပြီး မြန်မာတစ်နိုင်ငံလုံးတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲပေါင်း ၂၅ ရုံးရှိပြီဖြစ်ကြောင်း၊ ယခု ကော့သောင်းအသင်းခွဲသည် ၂၅ ခုမြောက် ဖွဲ့စည်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ နိုင်ငံ အင်ဂျင်နီယာအသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများအပြင် အင်ဂျင်နီယာလုပ်ငန်းများနှင့် ပတ်သက်သည့် ဥပဒေများ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်၏ ပြောကြားချက်အရ သိရသည်။

ကျော်စိုး (ကော့သောင်း)

5R - နှင့် ပတ်ဝန်းကျင်

Reduce
(လျှော့ချပါ)

Reuse
(ပြန်လည်အသုံးပြုပါ)

Recycle
(အသစ်ပြန်လည်ထုတ်ပါ)

Reject
(ငြင်းပယ်ပါ)

Return
(မသုံးဘဲပြန်လည်ပေးပို့ပါ)

ညောင်တုန်းမြို့ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ မိုးရာသီမတိုင်မီ ပြီးစီးရေးဆောင်ရွက်

ညောင်တုန်း မေ ၁၂

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံ ပန်းလှိုင်မြစ်ကမ်းဘေးရှိ ညောင်တုန်းမြို့ ၃၁ လမ်း မြစ်ကမ်းတစ်လျှောက် ပြိုကျရန် စိုးရိမ်ရသောနေရာတွင် ဧရာဝတီတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုးပိုင်အခြေပြု ကျောက်စီနံရံ ပေ ၁၂၀ တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင် တည်ရှိသော ညောင်တုန်းမြို့ မြစ်ကမ်းမှာ နှစ်စဉ်ရေကြောင်းများထိုးခြင်း၊ ရေနက်အိုးများ ဖြစ်တည်နေခြင်း၊ မိုးရာသီရေများချိန်တွင် ရေစီးဆင်းနှုန်းများခြင်းတို့ကြောင့် မြစ်ကမ်းအိကျခြင်း၊ မြစ်ကမ်းပြိုကျခြင်းများကြောင့် နှစ်စဉ်မြစ်ကမ်းကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြရခြင်းဖြစ်ကြောင်းလည်း သိရသည်။

ညောင်တုန်းမြို့မြစ်ကမ်းပြို ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်ရာလုပ်ငန်းခွင်ကို တွေ့ရစဉ်။

၂၀၁၅-၂၀၁၆ ခုနှစ်က ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉) က ညောင်တုန်းမြို့ မြစ်ကမ်းတစ်လျှောက် မြေသားတာပေါင်မြှင့်တင်ခြင်း၊ ရေကာတာကို ပုံစံကျတည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ၈ လမ်းမှ ၁၂ လမ်းအထိ မြစ်ကမ်းတွင် ဘိုးပိုင်၊ ရှစ်ပိုင်များ၊ ကျောက်စီနံရံများ တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

နောက်ပိုင်းနှစ်များတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၁ လမ်း မြစ်ကမ်းတွင် ဘိုးပိုင်အခြေပြုကျောက်စီနံရံ ပေ ၂၅၀၊ မျောတိုင်အခြေပြုထိန်းရေကာတာ ပေ ၂၅၀ ကိုလည်းကောင်း၊ ၂၄ လမ်းမှ ၂၇ လမ်းအထိ မြစ်ကမ်းတွင် ဘိုးပိုင်အခြေပြုကျောက်စီနံရံ ပေ ၃၃၀ ကိုလည်းကောင်း၊ ၁၉ လမ်းမြစ်ကမ်းတွင်လည်းကောင်း၊ ၁၉ လမ်းမြစ်ကမ်းတွင် ဘိုးပိုင်အခြေပြုကျောက်စီနံရံ ပေ ၃၂၀ ကိုလည်းကောင်း လွန်ခဲ့သောဘဏ္ဍာနှစ်အထိ တည်ဆောက်ပြီးစီးနိုင်ခဲ့ပြီး ယခုနှစ်တွင် စိုးရိမ်ရသော ၃၁ လမ်းမြစ်ကမ်းတွင် ဆက်လက်တည်ဆောက်ခြင်းဖြစ်ပြီးရာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နေလင်း (ညောင်တုန်း)

နာဂဒေသအတွင်း အချိန်မီထောက်ပံ့ပေးနိုင်ရန် သဘာဝဘေးကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ အသင့်ပြင်ဆင်ထားရှိ

မုံရွာ မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက အချိန်မီထောက်ပံ့ပေးနိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ကြိုတင်ပေးပို့ စီစဉ်ထားကြောင်း တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးတင့်ဝေ၏ ပြောကြားချက်အရ သိရသည်။

"တခြားမြို့နယ်တွေကိုတော့ သဘာဝဘေးဖြစ်လို့ ထောက်ပံ့ပေးဖို့ လိုအပ်တယ်ဆိုရင် တိုင်းဒေသကြီးကြက်ခြေနီက တိုက်ရိုက်ထောက်ပံ့ပေးတယ်။ မီးလောင်တာတို့၊ လေဘေးသင့်လို့ အိမ်တွေပြိုပျက်သွားရင် ထောက်ပံ့ပေးနိုင်ဖို့ ကြိုတင်စီစဉ်ထားတာပါ။ နာဂဒေသအတွက် သဘာဝဘေးတွေဖြစ်လာရင် အလွယ်တကူ အလျင်အမြန် ထောက်ပံ့ပေးနိုင်ဖို့ ကယ်ဆယ်ရေးပစ္စည်းတွေ ကြိုတင်ပေးပို့ထားတယ်။ လေရှီးမြို့နဲ့ လဟယ်မြို့မှာ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေသွားဖို့ မော်တော်ဆိုင်ကယ်လေးစီး ထောက်ပံ့ပေးထားတယ်။ ဖြစ်မှပို့မယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် အချိန်မီထောက်ပံ့ပေးနိုင်ဖို့ အခုလိုကြိုတင်စီစဉ်ပေးထားတာပါ။ အရင်က ဖြစ်မှသွားထောက်ပံ့တာ။ ဒီနှစ်ကတော့ ကြိုတင်ပြီးပို့ထားတယ်" ဟု ၎င်းက ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝဘေးဒဏ်သင့်နေရာများသို့ ထောက်ပံ့ပေးနိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများအဖြစ် လဟယ်မြို့တွင် အစုံ ၇၀ နှင့် ခန္တီးမြို့တွင် အစုံ ၇၀ တို့ကို ဧပြီလ နောက်ဆုံးပတ်အတွင်း ပေးပို့ထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဝင်းဦး (ဧယျာတိုင်း)

သဘာဝဘေး ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကို နာဂဒေသသို့ ပေးပို့နေစဉ်။

သောက်သုံးရေရှားပါးသည့် ကျေးရွာများကို တပ်မတော်(ရေ)က ရေဂါလန် ၁၀၈၀၀ နှင့် ရေသန့်ဘူး ၁၂၀၀ ကို တတိယအကြိမ်သွားရောက်လှူဒါန်း

ဟိုင်းကြီးကျွန်း မေ ၁၂

သောက်သုံးရေရှားပါးလာသော ဟိုင်းကြီးကျွန်းမြို့ လက်ပံကျေးရွာ ကနကမာ ကျေးရွာနှင့် ကုလားမကွင်း ကျေးရွာများသို့ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး ကျော်မြင့်အောင်နှင့် ဒုတိယဗိုလ်မှူးကြီး မြတ်စိုးတင် ဦးစီးသည့်အရာရှိ စစ်သည်များက မေ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် တတိယအကြိမ်မြောက် သောက်သုံးရေ ဂါလန် ၁၀၈၀၀ နှင့် ရေသန့်ဘူး ၁၂၀၀ ကို သွားရောက်လှူဒါန်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဟိုင်းကြီးကျွန်းမြို့ လက်ပံရွာ ကနကမာနှင့် ကုလားမကွင်းရွာတို့၌ တပ်မတော် (ရေ) မှ တပ်ဖွဲ့ဝင်များ သောက်သုံးရေများ လှူဒါန်းစဉ်။

လက်ပံကျေးရွာ၊ ကနကမာကျေးရွာနှင့် ကုလားမကွင်းကျေးရွာများသည် ကန်ရေကို အဓိကထား သုံးစွဲကြသည့် ကျေးရွာများဖြစ်ပြီး မိုးရွာသွန်းမှုမရှိသေး၍ ကန်ရေ များခန်းခြောက်လာကာ သောက်သုံးရေး အခက်အခဲဖြစ်ပေါ်နေခြင်းကြောင့် ပမ္မဝတီ ရေတပ်စခန်း ဌာနချုပ်အနေဖြင့် သောက်ရေဂါလန် ၈၀၀၊ သုံးရေဂါလန် ၁၀၀၀၀ အပြင် ရေသန့်ဘူး ၁၂၀၀ ကို ဒေသခံများထံသို့ စစ်ရေယာဉ်ဖြင့် သွားရောက်လှူဒါန်း ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ကျေးရွာများ၌အသုံးပြုနေကြသည့် ခန်းခြောက်စပြုနေပြီဖြစ်သော သောက်ရေကန်များကို စစ်ရေယာဉ်မှတစ်ဆင့် ရေများသွယ်ယူကာ ရေဖြည့်သွင်းပေးခြင်းတို့ကိုလည်း ဆောင်းရွက်ပေးနေကြောင်း သိရှိရသည်။

ပမ္မဝတီရေတပ်စခန်းဌာနချုပ်အနေဖြင့် ဟိုင်းကြီးကျွန်းမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများတွင် သောက်သုံးရေ ရှားပါးနိုင်သည့် ကျေးရွာများ၏သတင်းကို မပြတ်ရယူကာ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးကြရန် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်ရွှေထွန်း၏ တိုက်တွန်းလမ်းညွှန်ချက်များအရ ဒေသခံ များ၏သောက်သုံးရေအခက်အခဲကို ကူညီဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပြီး ယခုလ ၆ရက်နေ့က ပထမအကြိမ် ရေဂါလန် ၁၀၈၀၀ နှင့် ရေသန့်ဘူး ၁၂၀၀ ကို ကနကမာ၊ ကလားမကွင်းကျေးရွာများသို့လည်းကောင်း၊ ယခုလ ၁၀ရက်နေ့က ဒုတိယအကြိမ် ရေဂါလန် ၁၆၀၀ နှင့် ရေသန့်ဘူး ၄၈၀ ကို တောင်ကလေးကျေးရွာသို့ လည်းကောင်း သွားရောက် လှူဒါန်းပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)

မိုးခေါင်ရေရှားဘေး အသိပညာပေး

မိုးခေါင်ရေရှားဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ ထိခိုက်ပျက်စီးမှုများကို သက်ဆိုင်ရာဌာနများသို့ တိုက်ရိုက်ဖြစ်စေ၊ ဒေသခံလူမှုအဖွဲ့များမှတစ်ဆင့် ဖြစ်စေ အကြောင်းကြား၍ အကူအညီရယူပါ။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ ယခင်အတွေ့အကြုံများကို အခြေခံပြီး ကြိုတင်ပြင်ဆင်မှု များဆောင်ရွက်ထားပါ။

၃။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို မိမိတတ်စွမ်းသရွေ့ ဆောင်ရွက်ပါ။

၄။ မိုးခေါင်ခြင်းအတွက် ရေအရင်းအမြစ်ပြမြေပုံများပြုစုရေးဆွဲရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပါ။

၅။ တွေ့ကြုံခဲ့မှုများအားအခြေခံ၍ ဒေသအလိုက်မိုးခေါင်မှုဒဏ်ခံနိုင်သော စိုက်ပျိုးသီးနှံများအကြောင်းကိုအခြားသူများအားအသိပေးပါ။

နေပြည်တော်အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပညာပေး

နေပြည်တော် မေ ၁၂

နေပြည်တော် အမြန်လမ်းမကြီးပေါ်၌ နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ နေပြည်တော် အမြန်လမ်းရဲတပ်ဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမြန်လမ်းပေါ် ဖြတ်သန်းမောင်းနှင်လာသော ခရီးသည်တင် မှန်လုံယာဉ်များ၊ လူစီးယာဉ်များကို ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပညာပေး စစ်ဆေးရေးများကို မေ ၈ ရက်မှစတင်ပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

"ယာဉ်မောင်းတွေ သတ်မှတ်ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်မောင်းနှင်လာမှု ရှိ မရှိ၊ ခရီးသည်တင်မော်တော်ယာဉ်များ သက်တမ်းရှိယာဉ် လိုင်စင်၊ လုပ်ငန်းလိုင်စင်ကို ယာဉ်နဲ့အတူ တစ်ပါတည်းပါဝင် လာမှု ရှိ မရှိ၊ ယာဉ်မောင်းသူနှစ်ဦးနဲ့ ယာဉ်နောက်လိုက်များ ပါရှိမှု ရှိ မရှိ၊ အလွယ်တကူပတ်နိုင်တဲ့ အသက်ကယ်ထိုင်ခုံခါးပတ်များကို မော်တော်ယာဉ်လိုက်ပါစီးနင်းသူတွေနဲ့ ယာဉ်မောင်းတွေအားလုံး ဝတ်ဆင်ထားမှု ရှိ မရှိ စစ်ဆေးပါတယ်" ဟု နေပြည်တော် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိန်ဝင်းလှိုင်က ပြောသည်။

ရဲရဲ (ပျဉ်းမနား)

ကွင်းကောက်မြို့တွင်တည်ဆောက်နေသည့် ကျောက်စိမ်းစေတီတော်ပရိဝုဏ်အတွင်း သာသနာ့ဗိမာန်တော်အုတ်မြစ်စီမင်္ဂလာကျင်းပ

အင်္ဂပူ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ ဇေယျမင်္ဂလာကုန်းတော်ပေါ်၌ တည်ဆောက်လျက်ရှိသော "ဝိဇယသိဒ္ဓိ ကျောက်စိမ်းစေတီတော်မြတ်ကြီး" ပရိဝုဏ်အတွင်း၌ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို မေ ၁၁ ရက်က မင်္ဂလာမဏ္ဍပ်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ရေစက်ချပွဲကျင်းပရာ အင်္ဂပူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တရေဝတ ဓမ္မဇေထံမှ ညွှန့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ခဲ့ကြပြီး ကျောက်စိမ်းစေတီတော်တည်ဆောက်ရေးဥပသကာများက ရတနာအုတ်မြစ်တော်များကို ဆရာတော်များထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် စေတီတော်တည်ဆောက်ရေးကျောင်းဆောင်နှင့် ဗိမာန်တော်တည်ဆောက်ရေးအတွက် ငွေကျပ်သိန်း ၁၂၀၀၀ လှူဒါန်းထားသော ဒေါက်တာလှဝင်းအောင် မိသားစု အပါအဝင်အလှူရှင်များအား ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က ဂုဏ်ပြုထုတိ မှတ်တမ်းလွှာများကို ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်တော်စီအခမ်းအနားကို သတ်မှတ်နေရာ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များဖြစ်ကြသော ဒေါ်ဘေဘီဝင်း၊ ဒေါ်ဝင်းဝင်းကြည်နှင့် ဒေါ်မော်လီတို့က သတ်မှတ်နေရာအသီးသီးတွင် အုတ်မြစ်တော်များစီ၍ နံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ (ယာပုံ) **ကိုကြီးတင်**

ရွှေဘိုမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်အမှာစကားပြော

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ရွှေဘို မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်မွှေးမွှေးခင်နှင့် ရွှေဘိုခရိုင် / မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါပြီး မေ ၁၂ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့ TWS ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမတွင် ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သူနာပြုသားဖွားများ အနေဖြင့် သူနာပြုသားဖွားကျင့်ဝတ်သိက္ခာကို အသက်တမျှ မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းလိုက်နာကျင့်သုံးသွားကြရန်၊ သူတစ်ထမ်း ကိုယ်တစ်ရှက် ညီညီညွတ်ညွတ်နှင့် နေထိုင်ရန်၊ လုပ်ငန်းများကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ တာဝန်ယူ တာဝန်ခံမှုဖြင့် တာဝန်ကျေကျေ အလုပ်လုပ်သွားကြရန်၊ သူနာပြုစုမှု အတတ်ပညာများလေ့လာဆည်းပူး၊ လေ့ကျင့်မှုစဉ်ဆက်မပြတ်ပြုလုပ်သွားကြရန်နှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်စွာ သက်တမ်းစေ့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားစေရေး စံနမူနာပြု အသိပညာပေးသူများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းအမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ရွှေဘိုခရိုင်သူနာပြုနှင့်သားဖွားအသင်း၏ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းပြခန်းအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာ၌ ရှေ့ပြေးအဆင့်မြင့်လယ်ယာမြေ ၅၇၅ ဧက ဖော်ဆောင်ခြင်းစီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိပ်ချင်းကျေးရွာရှိ ရွှေဘို-ရေဦးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ရွှေဘိုမြို့ ပရဟိတ အမျိုးသမီးစောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းပညာသင်တန်းကျောင်း ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထွန်းကိုကို(ယင်းမာပင်)

လယ်ဝေးမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်

လယ်ဝေး မေ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မြစိမ်းရောင် (အသားကဏ္ဍ)ကျေးရွာစီမံကိန်း ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရန်ပုံငွေများခွဲဝေချထားပေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု ပေါင်းလောင်းကျေးရွာများအတွက် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက ကျေးရွာဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က နိုင်ငံတော်၏ ထောက်ပံ့ငွေရရှိသည့် ကျေးရွာနေပြည်သူများအနေဖြင့် ဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အရင်းမပျောက် စနစ်တကျသုံးစွဲ၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်ပြောကြားပြီး နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ဝင်းက မြစိမ်းရောင် (အသားကဏ္ဍ) ရန်ပုံငွေပေးအပ်ခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လက်စွဲစာအုပ်ပါ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ပေါင်းလောင်းကျေးရွာ မြစိမ်းရောင် (အသားကဏ္ဍ) အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသို့ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နေပြည်တော်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

အမေများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟင်းချက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၁၂

မေ ၁၂ ရက်တွင် ကျရောက်သော အမေများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟင်းချက်ပြိုင်ပွဲကို ရန်ကုန်မြို့ကမာရွတ်မြို့နယ် Junction Square Outdoor Area တွင် မေ ၁၁ ရက်နှင့် ၁၂ ရက်များတွင် ကျင်းပခဲ့သည်။

ဟင်းလျာများကို တီထွင်ဆန်းသစ်မှု၊ အရသာရှိမှုနှင့် အာဟာရပြည့်ဝမှုတို့ပေါ်မူတည်၍ အကောင်းဆုံးပြိုင်ပွဲဝင် ၂၅ ဦးကို ပဏာမရွေးချယ်ခဲ့ပြီး မေ ၁၁ ရက်တွင် ရန်ကုန်မြို့ Junction Square တွင် ကျင်းပပြုလုပ်သော ဟင်းချက်ပြိုင်ပွဲတွင် အဆင့်ဆင့်ဝင်ရောက်ယှဉ်ပြိုင်စေကာ ဆုများ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ဟင်းချက်ပြိုင်ပွဲတွင် ဒိုင်အဖြစ် စားဖိုမှူးကြီး ဦးမြင့်ဦးသာက အကဲဖြတ်ပေးခဲ့သည်။

Nestle Myanmar မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Mr. Michael Wong က "မြန်မာအိမ်ရှင်မတွေက မိသားစုအတွက် ချက်ပြုတ်တဲ့အခါမှာ သူတို့ရဲ့အချစ်တွေ၊ ဂရုစိုက်မှုတွေ၊ အချိန်တွေအားလုံးပေးပြီး ချက်ပြုတ်ပေးကြပါတယ်။ မြန်မာမိခင်များရဲ့နေ့စဉ်အရသာရှိပြီး အာဟာရပြည့်တဲ့ အချက်အပြုတ်နဲ့ အစားအသောက်မှာ တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတဲ့အတွက် မက်ဂီက အမြဲတမ်းဂုဏ်ယူနေပါတယ်"ဟု ပြောကြားသည်။

ဟင်းချက်ပြိုင်ပွဲများကို အဆင့်ဆင့်ကျင်းပခဲ့ပြီး ဖိုင်နယ်အဆင့်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၀ သိန်းကို မသန္တာအေးက လည်းကောင်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်းကို မနှင်းနုကလည်းကောင်း၊ တတိယဆု ငွေကျပ်သုံးသိန်းကို မအိအိထွေးက လည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။ အဆိုပါဟင်းချက်ပြိုင်ပွဲကို မက်ဂီကုန်ပစ္စည်းအမှတ်တံဆိပ်ပိုင်ရှင်ဖြစ်သော Nestle Myanmar က တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း**

မေ ၁၁ ရက်က အမေများနေ့ အထိမ်းအမှတ်ဟင်းချက်ပြိုင်ပွဲကျင်းပနေစဉ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး GIS သင်တန်းဖွင့်ပွဲကို မေလ ပထမပတ်က ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပစဉ်။

(အဆိုပါသင်တန်းသို့ သင်တန်းသား ၁၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။) (ဝ၀၇)

ခေတ်မီမွေးမြူခြင်းနှင့်ခေတ်မီအစာထုတ်လုပ်ခြင်းဖြင့် ရေထွက်ပစ္စည်းထုတ်လုပ်တင်ပို့မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်

သန်းထိုက်

တိုင်းပြည်၏သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်လျက်ရှိသည့်နည်းတူ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာ့ရေထွက်ပစ္စည်းများထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေ နှစ်စဉ်ရရှိရန် ဖော်ဆောင်လျက်ရှိရာ EU နိုင်ငံများသို့ ရေချိုငါးတန်တင်ပို့ခွင့် ရရှိပြီဖြစ်သည့်အပြင် ငါးတန်တင်ပို့မှု ရပ်ဆိုင်းခဲ့ရာမှ ပြန်လည်ညှိနှိုင်းဆောင်ရွက်မှုဖြင့် အာရပ်နိုင်ငံများသို့ ငါးကြင်းပြန်လည် တင်ပို့မှုဦးမော့လာပြီဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံအနေဖြင့် စက်မှုကဏ္ဍတွင်လည်း နိုင်ငံတော်ကရင်းနှီးမြှုပ်နှံမှုများကို တံခါးဖွင့်ကြိုဆိုလျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ကြိုးပမ်းနေချိန်တွင် ရေထွက်ပစ္စည်းများကိုလည်း ပြည်ပနိုင်ငံများကလက်ကမ်းဖိတ်ခေါ်လျက်ရှိရာ မွေးမြူရေးကဏ္ဍဖြင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေသောကြောင့် ငါးမွေးမြူသောတောင်သူတို့၏လူမှုစီးပွားဘဝများ ပြောင်းလဲမှုများစွာဖြင့် တိုးတက်အောင်မြင်လာစေမည်ဖြစ်သည်။

ဟောပြောကျင်းပ

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း တိုင်းပြည်၏သားငါးကဏ္ဍမှပြည်တွင်းပြည်ပမှ ဝင်ငွေတိုးမြှင့်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငါးမွေးမြူရေးကဏ္ဍ ပိုမိုတိုးတက်စေရန် တောင်သူများကိုအသိပညာပေးခြင်း၊ နည်းပညာဖြန့်ဝေခြင်းတို့ဖြင့် အရည်အသွေးပြည့်မီသောထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရန်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းလုပ်ငန်းဆိုင်ရာ ပညာပေးပြခန်းများနှင့် ယင်းနှင့်ဆက်နွှယ်သော ကုမ္ပဏီများ၏ ပညာပေးပြခန်းများ၊ နိုင်ငံတကာမှ ငါးလုပ်ငန်းပညာရှင်များ၊ ပြည်တွင်းမှဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများက ငါးလုပ်ငန်းနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့သည်။

ခေတ်မီမွေးမြူရေး

ကမ္ဘာ့နိုင်ငံအများစုတွင် ရေထွက်ပစ္စည်းများကို အကောင်လိုက် စားသုံးခြင်းထက် အသားလွှာစနစ်ဖြင့်စားသုံးခြင်း၊ အဆင့်မြင့်နည်းပညာကိုအသုံးပြု၍ ပုံသဏ္ဍာန်အမျိုးမျိုးပြုပြင်ထုတ်လုပ်ကာ ပို၍ကောင်းမွန်သော အစားအသောက်အဖြစ် ဖန်တီးစားသုံးလာလျက်ရှိရာ ကမ္ဘာ့စားသုံးမှုနှင့်အညီ အစဉ်မပြတ် မွေးမြူထုတ်လုပ်ရန် လိုအပ်လာသောကြောင့် မိရိုးဖလာ မွေးမြူထုတ်လုပ်ခြင်းထက် ကန်နက်နက်တွင် အကြပ်မွေးမြူခြင်း၊ ရေသွင်းရေထုတ်ကောင်းမွန်ခြင်း၊ မိရိုးဖလာဖွဲ့နု၊ ပဲဖတ်ကျွေးခြင်းထက် ရေပေါ်စာနှင့်အစာတောင့်ကျွေးမွေးခြင်းဖြင့် ခေတ်မီမွေးမြူရေးစနစ်သို့ ပြောင်းလဲမွေးမြူထုတ်လုပ်ခြင်း၏အကျိုးရလဒ်အဖြစ် အခြားဈေးကွက်ပြိုင်သော နိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ထို့ကြောင့် ရေထွက်ပစ္စည်းတိုးမြှင့်ထုတ်လုပ်နိုင်ရန် ခေတ်မီမွေးမြူရေးစနစ်ကို အားလုံးဟန်ချက်ညီစွာ အသုံးပြုနိုင်ရန်လိုအပ်မည်ဖြစ်သည်။

ခေတ်မီအစာထုတ်လုပ်ခြင်း

ဗီယက်နမ်နိုင်ငံအပါအဝင် ရေထွက်ပစ္စည်းတင်ပို့သော နိုင်ငံများအနေဖြင့် ငါးမွေးမြူရေးကဏ္ဍတွင် ရေပေါ်အစာတောင့်ကိုသုံးစွဲကြလျက်ရှိသည်။ ရေချိုမွေးမြူရေးလုပ်ငန်းတွင်ရေပေါ်အစာတောင့်သည် ငါးတောင်သူတို့အကျိုးဖြစ်ထွန်းသော အစာတောင့်အဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ အချိန်တိုအတွင်း ရောင်းတန်းဝင်ရေထွက်ပစ္စည်းထုတ်လုပ်နိုင်ရန် အစာတောင့်သည် အရေးပါသောကြောင့် ငါးလုပ်ငန်းတောင်သူများ အထူးအလေးထား ဂရုပြုကြသော်လည်း မြန်မာနိုင်ငံတွင် အစာတောင့်စက်ရုံများထုတ်လုပ်မှုသည် အရေအတွက်နည်းနေ၍ ဈေးကွက်ဝယ်လိုအားမြင့်တက်လာလျက်ရှိသည့် ငါးမွေးမြူရေးလုပ်ငန်းတွင် ခေတ်မီအစာ ထုတ်လုပ်မှု၏အခန်းကဏ္ဍသည် အရေးပါလာလျက်ရှိသည်။

ခေတ်မီအစာတောင့်ထုတ်လုပ်ရန် ခေတ်မီစက်ပစ္စည်းလိုအပ်သောကြောင့် ယနေ့ရန်ကုန်မြို့တွင် အစာတောင့်ထုတ်လုပ်သောစက်ရုံတို့သည် စက်ပစ္စည်းများကိုပြည်ပနိုင်ငံများမှမှာယူတည်ဆောက်ထုတ်လုပ်ကြလျက်ရှိသည်။ ထုတ်လုပ်သောစက်ရုံအနည်းငယ်သာရှိ၍ ဥရောပနိုင်ငံများမှထိုင်းနိုင်ငံတွင်စက်ရုံတည်ထောင်ထုတ်လုပ်ပြီး မြန်မာပြည်သို့တင်သွင်းမှုရှိသကဲ့သို့ တိုင်းရင်းသားလုပ်ငန်းရှင်းအချို့က စက်မှုဇုန်တွင် စက်ရုံတည်ဆောက်၍ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော်လည်း လွန်စွာနည်းပါးလျက်ရှိနေသည်။

ဓာတုကင်းလွတ်သောအစာ

၂၀၀၅ ခုနှစ်မှစ၍ ရန်ကုန်တွင် ငါးအစာတောင့်စက်ရုံကို စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၁၀ တန်ကျ သုံးလိုင်း၊ ငါးတန်ကျ တစ်လိုင်းဖြင့် တစ်နာရီ ၃၅ တန်ဖြင့် တစ်နေ့လျှင်တန် ၅၀၀ ထုတ်လုပ်လျက်ရှိသည်။ လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့တွင် ငါးအစာတောင့် စက်ရုံနှင့် နိုင်ငံခြားသားပိုင်စက်ရုံတို့မှ ထုတ်လုပ်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိငါး၊ ပုစွန်မွေးမြူရေးကန်များသို့ နေ့စဉ်တင်ပို့လျက်ရှိသည်။ အများစုမှာ မိရိုးဖလာဖွဲ့နုနှင့်ပဲဖတ်ကိုသာကျွေးလျက်ရှိရာမွေးမြူသော ရေထွက်ပစ္စည်းအရည်အသွေးနှင့် ခေတ်မီအစာသုံးစွဲမှုလိုအပ်ချက်ကြောင့် ထုတ်လုပ်သောငါး အရည်အသွေးကျဆင်းသည့်အတွက် ဝယ်လိုအားကျဆင်းတတ်ရာ ဓာတုကင်းလွတ်သော အစာကိုကျွေးရန်လိုအပ်မည်ဖြစ်သည်။

ငါးအရည်အသွေးကျဆင်းစေနိုင်

ထူးသစ်အစာတောင့် စက်ရုံ ဒါရိုက်တာ ဦးဇော်လင်းက "ရေပေါ်စာဖြစ်တဲ့ ငါးအစာလိုအပ်ချက်အရ ကျွန်တော့်စက်ရုံဆိုရင်တစ်ရက်တန် ၅၀၀ ထုတ်လုပ်နေတယ်။ ရေထွက်ပစ္စည်းမွေးမြူမှုနဲ့ညီမျှဖို့ဆိုရင် နောက်ထပ်စက်ရုံ ၁၅ လုံး တည်ဆောက်ဖို့လိုပါတယ်။ ငါးအစာစက်ရုံရဲ့ အဓိကလိုအပ်ချက်က ကုန်ကြမ်းပါပဲ။ ကုန်ကြမ်းကိုဆန်၊ ဘေးထွက်ပစ္စည်းက ဖွဲ့နုအခြေခံထုတ်ပေမယ့် ဆီထွက်ပစ္စည်းတွေ တစ်နှစ်ထက်တစ်နှစ်ရှားပါးလာမှုကြောင့် ပြည်ပကတင်သွင်းတဲ့ ဆီထွက်ပစ္စည်းဟာ ၆၅ ရာခိုင်နှုန်း တင်သွင်းနေရတယ်။ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ငါးအစာ ၇၀ ရာခိုင်နှုန်းဟာ အသက်ဝင်ပါတယ်။ ဒါကြောင့်ကောင်းမွန်တဲ့ ကုန်ကြမ်းရရှိဖို့ အရေးကြီးပါတယ်။ စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းကိုအဓိက အသုံးပြုတာကြောင့် စိုက်ပျိုးရေးဌာနနဲ့ ငါးမွေးမြူရေး တောင်သူတို့ဟာ မိတ်ဖက်တွေပါ။ အစာအရည်အသွေး မြင့်မားအောင်ထိန်းသိမ်းရတာကြောင့် တစ်နှစ်ထက်တစ်နှစ် အောင်မြင်လာပါတယ်။ အခြားစက်ရုံတွေကိုလည်းတိုးချဲ့ပြီး တည်ဆောက်ဖို့အကြံပြုပါတယ်။ ရေလုပ်ငန်းရှင်တွေ အနေနဲ့လည်းသမားရိုးကျဖြစ်တဲ့ဖွဲ့နု၊ ပဲဖတ်ကနေရေမြုပ်စာ၊ ရေပေါ်စာ၊ အစာတောင့်ကို ပြောင်းလဲကျွေးရမယ်ဆိုတာ သိပေမယ့် မွေးမြူရေးစရိတ်ကုန်ကျမှု သက်သာအောင်ကြိုးစားနေတာကြောင့်ထုတ်လုပ်တဲ့ ငါးအရည်အသွေးကိုကျဆင်းစေတာပါ။

အချိန်မရွေးတင်ပို့နိုင်

"အစာတောင့်လုပ်ငန်းအောင်မြင်သလို ရေလုပ်ငန်းတစ်ခုလုံးလည်းအောင်မြင်စေလိုတယ်။ နိုင်ငံတော်အပိုင်းက ပံ့ပိုးမှုနဲ့ ပညာရှင်တွေ၊ ရေလုပ်ငန်းရှင်၊ မွေးမြူရေးတောင်သူတွေ ပူးပေါင်းလုပ်ဆောင်မယ်ဆိုရင် ရေထွက်ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းဟာ အခြားနိုင်ငံတွေလို အောင်မြင်လာမှာပါ။ မြန်မာပြည်မှာအစာတောင့်စက်ရုံကြီး ငါးရုံနီးပါးပဲရှိမယ်။ စက်ရုံတွေထပ်မံလိုအပ်ပါတယ်။ရေထွက်ပစ္စည်းမွေးမြူရေးလုပ်ငန်းက ကြီးနေပြီး အရေးပါတဲ့ အစာစက်ရုံကနည်းနေတာကြောင့် ဟန်ချက်ညီအောင် အစာတောင့်စက်ရုံကြီးတွေ လိုအပ်နေတာပါ။ မိရိုးဖလာအစာကျွေးတဲ့ စနစ်တွေကိုလည်း ရပ်နားသင့်ပါပြီ။ ဒါကြောင့်တောင်သူတွေကို အသိပညာပေးတွေ လုပ်ဆောင်နေတာပါ။ ငါးဈေးကွက်မတည်ငြိမ်မှုကြောင့် အစာနဲ့ဈေးကွက်ချိန်ခွင်လျှာမမျှမှုက ခေတ်မီအစာတောင့် ကျွေးမွေးတဲ့စနစ်နဲ့ အလှမ်းဝေးနေတာလည်း ရှိတယ်။ ငါးမွေးမြူရေးလုပ်ငန်းဟာ အချိန်ယူပြီး ရင်းနှီးမြှုပ်နှံရတာကြောင့် တစ်ဦးနဲ့တစ်ဦးဖေးမကူညီပြီး တောင်သူတွေ လိုအပ်ချက်ကိုဝိုင်းဝန်းလက်တွဲသွားမယ်ဆိုရင် ပြည်ပနိုင်ငံတွေ လိုအပ်သမျှ ရေထွက်ပစ္စည်းတွေကိုမြန်မာနိုင်ငံက အချိန်မရွေးတင်ပို့နိုင်မှာပါ" ဟု ပြောသည်။

သိစေလို

"ရေပေါ်အစာတောင့်ကိုကျွေးခြင်းအားဖြင့် ငါးကန်အရည်အသွေးမြန်ဆန်စွာပျက်စီးခြင်းကိုကာကွယ်ခြင်း၊ ရေဖလှယ်ရသော စရိတ်သက်သာခြင်း၊ အစာလေလွင့်မှုကို ထိန်းချုပ်နိုင်ခြင်း၊အစာမှအသားပြောင်းနှုန်း(FCR)ပိုပြီးကောင်းမွန်ခြင်း၊ ငါး၏ ကျန်းမာကြံ့ခိုင်မှုဖွံ့ဖြိုးမှုကောင်းစေနိုင်ခြင်းကြောင့် ငါးဆုံးရှုံးမှု လျော့နည်းစေခြင်း၊ ငါးအသားအရည်အသွေးကောင်းမွန်ခြင်းနဲ့ တောင်သူများစီးပွားရေး ဖြစ်ထွန်းအောင်မြင်စေခြင်းစတဲ့အကျိုးကျေးဇူးတွေဟာ ငါးမွေးမြူရေးမှာ ၇၀ ရာခိုင်နှုန်းမှာ အဓိကလိုအပ်တဲ့ အစာတောင့်ကျွေးမွေးခြင်းကြောင့်ဆိုတာ ငါးတောင်သူတွေသိစေလိုပါတယ်" ဟု ဦးဇော်လင်းက ပြောကြားသည်။

အထောက်အပံ့ကောင်းများ

၂၀၁၈-ခုနှစ်မှစ၍ ရေထွက်ပစ္စည်းထုတ်လုပ်တင်ပို့မှုဈေးကွက်ကောင်းမွန်လာလျက်ရှိပြီး ဆက်လက်ကောင်းမွန်ရန် ခေတ်မီအအေးခန်းစက်ရုံများ၊ ထုပ်ပိုးမှု၊ ငါးအရည်အသွေးကောင်းမွန်မှုတို့ကို ထိန်းသိမ်းရမည်ဖြစ်ကာ ငါးအရည်အသွေးကောင်းမွန်ရန်အစာသည်အရေးပါသောကြောင့် အိမ်နီးချင်းနိုင်ငံများကဲ့သို့ ခေတ်မီအစာတောင့်စက်ရုံများတည်ဆောက်ထုတ်လုပ်ခြင်းဖြင့် မြန်မာပြည်၏ရေထွက်ပစ္စည်း ထုတ်လုပ်တင်ပို့မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အထောက်အပံ့ကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

ပြည်မြို့လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်း ပြည်မြို့ရှိ ကြာအင်းအုပ်စုနှင့်သဲကုန်းအုပ်စုတို့မှ မီးသုံးသူ ၆၃၃ ဦးတို့ကို မိုးမကျမီ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျေးရွာများသို့ အိမ်တိုင်ရာရောက်လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစွမ်းပြည့်အောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မေ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖြန့်ဝေခဲ့စဉ်။ မြင့်နိုင်

မြောင်းမြ လူထုအခြေပြုဗဟိုဌာန၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင် ပြသပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

မြောင်းမြ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၉ နာရီအချိန်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးကသဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာများဖြစ်ပွားပါက သိသင့်သည့် အချက်အလက်များအား အများပြည်သူများသိရှိကြစေရန် ရည်ရွယ်ချက်ဖြင့် ယခုလိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပေးခဲ့ပြီး မြောင်းမြခရိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေးက လူကြီး၊ လူငယ်များကို သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့်အခြေခံသဘောတရားများ၊ မုန်တိုင်းနှင့်ပတ်သက်သည့်သတင်း၊ သတိပေးချက်၊ အရောင်အဆင့်သတ်မှတ်ချက်များ၊ ငလျင်ဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေး စသည့်အန္တရာယ်များ ကြုံတွေ့လာပါက ကြိုတင်ကာကွယ်သည့် နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားပါက ကာကွယ်နိုင်ရေးအတွက် မြောင်းမြခရိုင် ပြန်/ဆက် ဝန်ထမ်းများမှ တက်ရောက်လာသည့် အများပြည်သူများအား လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

မြောင်းမြလူထုအခြေပြု ဗဟိုဌာန၌ နံရံကပ်စာစောင်များကို ပြည်သူများ လေ့လာနေစဉ်။

ထိုနောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသထားရာ တက်ရောက်လာသည့်ပြည်သူများက စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

စန္ဒာမိုး (ပြန်/ဆက်)

ရေသတ္တဝါများ မိတ်လိုက်မျိုးပွားရာသီချိန်တွင် ဝယ်ယူစုဆောင်းခွင့် လိုင်စင်ပိတ်သည့် ကာလအားအသိပေးထုတ်ပြန်

ငပုတော မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးအပါအဝင်ရေနေသတ္တဝါများ၏ သယံဇာတများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပင်လယ်၊ မြစ်၊ ချောင်းစသည်တို့တွင် ငါးဖမ်းသည့်ရေလုပ်သားများအား ငါးဖမ်းခွင့်ရာသီများကို အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး ရေနေသတ္တဝါများ မိတ်လိုက်မျိုးပွားရာသီချိန်တွင် လအလိုက်ဝယ်ယူစုဆောင်းခွင့်ကာလပိတ်ပင်သည့် ရေနေသတ္တဝါအမျိုးအစား ခြောက်မျိုးအား ငါးလုပ်ငန်းဦးစီးဌာနမှမေလပထမပတ်က ထုတ်ပြန်ထားကြောင်းသိရသည်။ ကျောက်ပုစွန်၊ ကင်းပုစွန်နှင့် ငါးလင်ဘန်းငါးအမျိုးအစားအား ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိလည်းကောင်း၊ ကျောက်ငါးအား ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိလည်းကောင်း၊ ကကတစ်(ကသပေါင်း/ငါးသားဒိုက်)ငါးအမျိုးအစားအား ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိလည်းကောင်း၊ ရေချိုငါးအားလုံးအား မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိလည်းကောင်း၊ ရေချိုပုစွန်အား ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိလည်းကောင်း၊ ရေငန်ပုစွန်အား ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိလည်းကောင်း အသီးသီး အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)

မြင်းခြံမြို့တွင် မေတ္တာအေးရိပ် အပူရှောင်စခန်းဖွင့်၍ အသက်ကြီးသူများကို ပြုစုစောင့်ရှောက်

မြင်းခြံ မေ ၁၂

ပူပြင်းခြောက်သွေ့ပြီး အပူရှိန်ပြင်းထန်လှသောဒေသများတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သည်လည်း အထင်ကရ ဖြစ်သည်။ အဆိုပါ မြင်းခြံမြို့တွင အသက်ကြီးသူများကို အပူဒဏ်ခံစားရမှုမှ သက်သာစေရန် မေတ္တာအေးရိပ် အပူရှောင်စခန်းကို မေ ၁၂ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့၏ အပူချိန်သည် လက်ရှိကာလတွင် ပုံမှန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ကို ရောက်ရှိနေလျက်ရှိရာ အသက်အရွယ်ကြီးရင့်သူများအတွက် အဆိုပါအပူဒဏ်ကို ပိုမိုခံစားနေရလျက်ရှိရာ မြင်းခြံမြို့မှ စေတနာရှင်များမှ စုပေါင်း၍ ၁၂ မုဒ်ကိုးဆောင် ကျောင်းတိုက်အတွင်းရှိ ဈေးကြီးဓမ္မာရုံတွင် အပူရှောင်စခန်းကို ခေတ်မီနည်းပညာ ပစ္စည်းကိရိယာများဖြစ်သော Fogger System များဖြင့် အေးမြသွားအောင် စီစဉ်ဆောင်ရွက်ထားပြီး အပူဒဏ်မှ သက်သာအောင်ပြုလုပ်၍ အသက်ကြီးသူများကို ပြုစုစောင့်ရှောက်ပေးနေကြောင်း သိရှိရသည်။

ထိုအပူရှောင်စခန်းတွင် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ/ရသစာအုပ်များ ငှားရမ်းဖတ်ရှုစေခြင်း၊ အပူဒဏ်ကာကွယ်ရေး ပညာပေးစာစောင်များပြသခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် မေတ္တာအေးရိပ်အပူရှောင်စခန်းသို့ အဘိုး၊ အဘွား ၁၆ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

မြင်းခြံမြို့၌ မေတ္တာအေးရိပ် အပူရှောင်စခန်းကို တွေ့ရစဉ်။

ငမြောင်တောင်ကာကွယ်နှိမ်နင်းနည်း ပညာပေး

ဖယ်ခုံ မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ငမြောင်တောင်ကာကွယ်နှိမ်နှင်း နည်းပညာနှင့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းဖွင့်ပွဲကို မိုးဗြဲဘက်စုံနည်းပညာသုံး စံပြကျေးရွာ ပညာပေးစခန်းတွင် မေ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဒေါက်တာ တင်ထွဋ်(အငြိမ်းစား) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဘမျိုးသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းတို့က အမှာစကားပြောကြားသည်။

သင်တန်းကို မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်းပြုသည့် တောင်သူများအား စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားကာကွယ်နှိမ်နှင်းရေး နည်းပညာများ၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ ငမြောင်တောင်ကာကွယ်နှိမ်နင်းနည်းပညာနှင့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ဆွေးနွေးပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် စိုက်ပျိုးရေးပညာရှင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများက မိုးဗြဲ ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ၏ ခဲဝကုမ္ပဏီနှင့်ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စံပြစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်ထွေး (ပြန်/ဆက်)

မိမိနေအိမ်တွင်

(၁) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားထားပါ။
(၂) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(၃) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(၄) အိမ်တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ။
(၅) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(၆) လောင်စာဆီအနီး မီးခြစ်ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုပါနှင့်။
(၇) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(၈) လူစောင့်မရှိဘဲ ဖယောင်းတိုင်မီး ထွန်းမထားပါနှင့်။
(၉) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ စွန့်ပစ်ပါ။

ဓာတ်ဆီဖြည့်လျှင်၊ ဓာတ်ဆီဖလှယ်လျှင်

(၁) စက်နှိုးထားစဉ် ဆီမထည့်ရ။ ဆီထည့်စဉ် လက်ကိုင်ဖုန်း မသုံးရ။
(၂) ဖယောင်းတိုင်မီးဖြင့်ကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်းမပြုလုပ်ရ။
(၃) ရာသီဥတုပူပြင်းချိန် ပလတ်စတစ်ပုံး သုံးခြင်းရှောင်ပါ။
(၄) လောင်စာဆီကို အင်ဂျင်ပန့်ဖြင့် တွန်းပို့ရွှေ့ပြောင်းခြင်း မပြုရ။
(၅) ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်နိုင်သည်။

စစ်ကိုင်း၌ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးပွဲကျင်းပ

စစ်ကိုင်း မေ ၁၂

စစ်ကိုင်းမြို့၌ စီးပွားရေးဆိုင်ရာနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတများ တိုးတက်ပြန့်ပွားစေရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆွေးနွေးပွဲကို မေ ၁၂ ရက်က Happy Hotel ပဥ္စမထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းက အမှာစကားပြောကြားခဲ့ပြီး လုပ်ငန်းရှင်များကိုယ်စား ဒေါက်တာချမ်းငြိမ်းကိုကိုက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ Mr. Pietro Luca Borsano က "Future Development of SME In Myanmar" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းကြကြောင်း သိရ သည်။

မျိုးဝင်း (စစ်ကိုင်း)

စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကံဇင်းကျေးရွာအဝင်လမ်းကွန်ကရစ်ခြင်းလုပ်ငန်းကို ဖဖော်ဝါရီလပိုင်းက စတင်ဆောင်ရွက် ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေသည်ကို တွေ့ရစဉ်။

သန်းလွင် (မကွေး)

ကျန်းမာရေးစောင့်ရှောက်မှုပေး

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ အမှတ် (၄) ရပ်ကွက်ရှိ မောန္နေလ ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးဂေဟာတွင် လာရောက်နေထိုင်လျက်ရှိသော ကျောင်းသား ကျောင်းသူ ၇၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ငှက်ဖျားရောဂါပိုး ရှိ မရှိ အခမဲ့ သွေးဖောက်စစ်ဆေး စမ်းသပ်ပေးခြင်းလုပ်ငန်းများကို မေ ၁၁ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေး ဦးစီးဌာန မှူး ဒေါက်တာဝေလင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်တို့ ပူးပေါင်း၍ ဆောင်ရွက်ကြစဉ်။

ခရိုင် (ပြန်/ဆက်)

စာဖတ်ဝိုင်းများ ကျင်းပ

စုကလိ (ကရင်ပြည်နယ်)

ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့ စာအုပ်စာပေချစ်မြတ်နိုးသူများအသင်းမှ စာဖတ်ဝိုင်းကို ယနေ့ နံနက်က စုကလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်သည်။

စာဖတ်ဝိုင်းတွင် စာရေးဆရာ ဖေမြင့် ရေးသားသည့် စဉ်းစားခြင်းစာအုပ်ဖြင့် အသင်းဘဏ္ဍာရေးမှူး ဒေါ်ဝေမွန်ရည်မောင်က အခန်း (၄) ပါ စဉ်းစားစရာပြဿနာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစည်သူက အခန်း (၃) ပါ ဘယ်သူတရားပိုရှိသလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဟိန်းထွဋ်က အခန်း (၁) ပါ အကျပ်အတည်းကြားမှာ စဉ်းစားကြံဆတတ်သူများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်နှင်းသဲအိက အခန်း (၂) ပါ သေတ္တာအပြင်ဘက်ထွက်၍ စဉ်းစားနည်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစိုးမင်းဝင်းက အခန်း (၅) ပါ မနက်စောစောဆိုတာ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အောင်စံထွန်း (ပြန်/ဆက်)

မချမ်းဘော (ကချင်ပြည်နယ်)

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ မေ ၁၀ ရက်က လူငယ်များ စာအုပ်စာပေကို ပိုမိုချစ်မြတ်နိုးစိတ်ဖြစ်ပေါ်လာစေရေးနှင့် လူအများရှေ့တွင် ပြောရဲဆိုရဲရှိသည့် အလေ့အထကောင်းများ ရှိလာစေရန်အတွက် စာရေးဆရာကြီး အောင်သင်း ရေးသားသည့် “နှလုံးသားကိုလေးပေါ် တင်၍ပစ်သောအခါ” စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနန်ဇေ့ဖုန်ဆန်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေါ်ချန်းဒူးဆားရ်က ဦးဆောင်ကာ စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် စာအုပ်စာပေချစ်မြတ်နိုးသူများက တစ်ဦးချင်း အလှည့်ကျဖတ်ရှုခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

ကျောက်ထုမြို့ရှိ ဆီမီးခွက်ဈေး အချိန်တိုးမြှင့်ဖွင့်လှစ်

ကျောက်ထု မေ ၁၂

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ရှိ ဆီမီးခွက်ဈေးကို ပြီးခဲ့သည့် နှစ် ၆၀ ကျော်ကာလမှ စတင်ကာ ဒေသပွဲကျဈေးအဖြစ် နံနက် ၂ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချခဲ့ရာမှ ယခုအခါ နံနက် ၉ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ကာ ရောင်းဝယ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် ကျောက်ထုမြို့ဒေသသည် လမ်းပန်းဆက်သွယ်မှုကောင်းလာခြင်း၊ လျှပ်စစ်မီးရောက်ရှိခြင်း၊ တယ်လီဖုန်းဆက်သွယ်နိုင်ခြင်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကျောက်ထုနှင့် ၁၈ မိုင်သာဝေးကွာသည့် ချင်းပြည်နယ် မင်းတပ်မြို့မှလည်း ဈေးဝယ်လာရောက်ကြသည့်အပြင် ဈေးသည်အချို့က သားငါးများကို မန္တလေးမြို့မှ ဝယ်ယူရောင်းချလာရာ စည်ပင်သာယာရေးအဖွဲ့က အချိန်တိုးမြှင့် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ကျောက်ထုမြို့သည် လျှပ်စစ်မီးဖြင့် အလင်းရောင်ရရှိနေပြီဖြစ်သော်လည်း ဈေးစဖွင့်စဉ်က အလင်းရောင်အတွက် ဆီမီးခွက်ကို အသုံးပြုခဲ့ရသဖြင့် ဆီမီးခွက်ဈေးဟု ခေါ်တွင်လာခဲ့ရာမှ ယနေ့ ကျောက်ထုမြို့စည်ပင်သာယာအဖွဲ့၏ ပွဲကျဈေးကို ဆီမီးခွက်ဈေးဟုပင် အမည်ခေါ်တွင်လျက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နှစ်စဉ်အောင်ချက်မြင့်မား၍ ဂုဏ်ထူးရှင်များ နှင့် Top Ten အဆင့်မှီ ကျောင်းသားများမွေးထုတ်ပေးနေသောကျောင်း

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၂၈

မိဘများ၏တောင်းဆိုချက်အရ ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ မူလတန်း တန်းခွဲသစ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် သူငယ်တန်း မှ ဒသမတန်း ထိ ကျောင်းအပ် လက်ခံနေပါပြီ။



ဝိပ္ပဿနာတွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3) မောင်မင်းခန့်မွန် (၂၀၀၆-၀၇)

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- ၈/၉/၁၀တန်းများအတွက် စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ
  - နေ့ကျောင်း ■ ဘော်ဒါ ■ နေ့ကျောင်း + Guide တန်း(တဝက်ဘော်ဒါ)
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့်လက်ခံ ပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းသွင်းအပ်နှံမှ စိတ်ချရပါမည်။

သင်ကြားမှုထိရောက်စေရန် ရည်ရွယ်၍ စာသင်ချိန် + Guide ချိန်များ အပါအဝင် ကျောင်းချိန် 8:30 AM မှ 3:00 PM အထိ သတ်မှတ်ထားပါသည်။

လုံခြုံစိတ်ချရသော ဖယ်ရီကားများဖြင့် ကြို/ပို့ လုပ်ပေးပါမည်။

မူလတန်းသင်ကြားရေး

- သင်ကြားရေးပိုင်းတွင်လည်း စနစ်သစ်မူလတန်းသင်တန်းများတွင် ပြည့်စုံအောင် သင်တန်းတက်ရောက်ခဲ့ပြီးသော ဝါရင့်ဆရာ/မ များမှ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးပြည့်စုံအောင် သင်ကြားပေးခြင်း။
- အစိုးရသင်ရိုးနှင့်တွဲဘက်၍ နိုင်ငံတကာသင်ရိုး [အင်္ဂလိပ် (4 skill)၊ သင်္ချာ] တွဲဖက်သင်ကြားပေးခြင်း။
၁။ မုံရွာစီးပွားရေးတက္ကသိုလ်တွင် (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။
(က) ဘောဂဗေဒ
(ခ) ဝါဏိဇ္ဇဗေဒ
(ဂ) စာရင်းအင်းပညာ
၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၉ခုနှစ် ဇွန် ၁ရက်နေ့တွင် အသက်(၃၀)နှစ်အထက် မကျော်လွန်သူဖြစ်ရမည်။
(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်နိုင်သူ ဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်
(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်း အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာလက်ခံမည်။
(၂) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ)လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြများဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူရာထူးများတွင် လုပ်သက်(၂) နှစ်အနည်းဆုံးရှိရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းနှင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်း တက်ရောင်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်)သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီ ကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်
(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာ သာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်း(Master) အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိသူများသည်(ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရန်မလိုပါ)လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ အချိန်ပြည့်(၁)နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်
အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သောသုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့ သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက်[ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃)မျက်နှာ ထက်မပိုသော]ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
၃။ မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၇-၅-၂၀၁၉ရက်(သောကြာနေ့)နောက်ဆုံးထားလျှောက်ထားရမည်။
၄။ လျှောက်ထားသူများသည် မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဝင်ရောက်ဖြေဆိုရမည်။
(၁) ၂၀-၅-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၉နာရီမှမွန်းတည့်၁၂နာရီ သက်ဆိုင်ရာ ဘာသာရပ်
(၂) ၂၁-၅-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉နာရီမှမွန်းတည့်၁၂နာရီ အင်္ဂလိပ်စာ ဘာသာရပ်
၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိသူများကို ၂၈-၅-၂၀၁၉ရက် (အင်္ဂါနေ့)တွင် လူတွေ့စစ်ဆေးမည်။
၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ သင်တန်းရေးရာဌာန(ဖုန်း-၀၉-၇၉၅၂၁၉၁၅၁)သို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဌာနမှူး၊သင်တန်းရေးရာဌာန
မုံရွာစီးပွားရေးတက္ကသိုလ်

တစ်ဦးတည်းဖြစ်ပါကြောင်း

ချောက်မြို့နယ်၊ နရွဲတောကျေးရွာ အထက(ခွဲ) တတိယတန်းမှ မောင်အောင်မြင့်ကိုနှင့် ပထမတန်းမှ မောင်နန်းဝင်းဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ကိုကို(ခ)ဦးကိုကို ၈/ခမန(နိုင်)၀၀၄၀၂၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်ကိုကို(ခ)ဦးကိုကို

အမည်ပြောင်း

ဦးကျော်ကျော်၏သား၊ ပြည်မြို့၊ ပန်းဘဲတန်း (မူလွန်)မှ KG တန်း အောင်မြင်ခဲ့သော မောင်ဖွဲ့ဝေယံအား မောင်ဝေယံထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေယံထွန်း**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့နေ ဦးစိုင်းလှထူး - (ဒေါ်ခင်မြတ်မြတ်ဝင်း) တို့၏သား မောင်စိုင်းညီညီစံ ၁၃/ကမန(နိုင်)၁၆၃၇၉၀သည် ဖခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်သောကရောက်အောင် နည်းမျိုးစုံဖြင့်ပြုလုပ်ဖန်တီးလျက်ရှိပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စရပ်များကို(လုံးဝ)လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစိုင်းလှထူး

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၅/က)၊ ဦးပိုင်အမှတ်(၉၀/၁)၊မြေဧရိယာ ၀ဒသမ ၁၆ဧကရှိ ယာမြေအား ဒေါ်ရီမား ၉/မနမ(နိုင်)၁၁၂၃၇၄မှ လူနေအိမ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့နယ်၊ ဖောင်းတောကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၆၆၅/က)၊ ဦးပိုင်အမှတ်(၉၀/၃)၊ မြေဧရိယာ ၀ဒသမ ၁၂ဧကရှိ ယာမြေအား ဒေါ်ချို ချိုမာ ၁၂/သဃက (နိုင်)၀၁၅၆၂၇ မှ လူနေအိမ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်လယ် ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်း အသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ပြင်ဦးလွင်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကျောင်းစုရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်-၁၄၁ နေ ဦးလှဝင်းအောင် (၇/ဒဥန(နိုင်)၀၈၁၈၈၈) နှင့် ဒေါ်ချိုမာမြင့် (၇/ညလပ(နိုင်)၀၁၁၇၈၉)တို့မှ အများသိစေရန် ကြေငြာအပ်ပါသည်။ ဦးလှဝင်းအောင်နှင့် ဒေါ်ချိုမာမြင့်တို့၏ သားဖြစ်သူ မောင်အောင်စည်သူခန့် (၇/ဒဥန(နိုင်)၁၇၅၄၉၈)သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် ပြုမူနေထိုင်ဆောင်ရွက်ခြင်း၊ မိဘများ၏ ဆိုဆုံးမမှုများကို နာခံလိုက်နာမှုမရှိခြင်း၊ ပတ်ဝန်းကျင်ဆွေမျိုးမိတ်ဆွေများကြားတွင်လည်း မိဘများ၏ ဂုဏ်သိက္ခာကျဆင်းစေသည့်လုပ်ရပ်များအား ပြုမူဆောင်ရွက်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘများနှင့်အတူနေထိုင်ရာနေအိမ်မှလည်း ၎င်း၏ဆန္ဒသဘောထားအလျောက် ဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ပြင် နောက်နောင် ၎င်းနှင့်သက်ဆိုင်သော ကိစ္စအဝဝကိုလည်း မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း များကိုလည်း လက်ခံဖြေကြားမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ -	
ဦးလှဝင်းအောင်	ဦးအောင်ဇော်ဟိန်း	ဒေါ်ဝေဝေအောင်
ဒေါ်ချိုမာမြင့်	(LL.B.,D.I.L.)	(LL.B.,D.B.L.,D.I.L.)
	(စဉ်-၁၃၃၇၇)	(စဉ်-၁၃၁၅၄)

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၃၉၇/က၊ ရွှေပြည်သာ(၂)လမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၂၅၃၃၂၇၀၆၁၊ ၀၉၄၂၁၀၆၃၂၂၄

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၉၆၂၆၉ Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသိန်း ၇/ကဝန (နိုင်) ၀၃၁၄၉၇က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး (ပဲခူး)

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ် (၆/ပဒေသာ)၊ ဦးပိုင်အမှတ် (၄၆)၊ မြေယာအမှတ်(၄၆)၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးနေမျိုးဦး ၇/ကပက(နိုင်) ၀၄၂၉၇၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့၊ အမှတ်(၁) တိုးချဲ့မြို့သစ်ရပ်ကွက်၊ ၁၈ လမ်းနေ ဦးဘိုရွှေ-ဒေါ်သန်းကြူဝင်းတို့၏ သား မောင်ဖွဲ့ထက်လင်းသည် မိဘစကား ကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန်းကြူဝင်း
၈/ရစက(နိုင်)၀၅၆၂၄၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာအမျိုးသားလေကြောင်း
ကျေးဇူးတင်ရှိကြောင်း

မြန်မာအမျိုးသားလေကြောင်းမှ (၁၂-၅-၂၀၁၉)ရက်တွင် Embraer-190, XY-AGQ လေယာဉ်ဖြင့် ခရီးစဉ်အမှတ် ယူဘီ (၁၀၃) ရန်ကုန်-မန္တလေး ခရီးစဉ်ပျံသန်းခဲ့ရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦးလေယာဉ်ကွင်း)၌ လေယာဉ်အရေးပေါ်ဆင်းသက်ပြီးနောက် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ခြင်း၊ လေယာဉ်သားများအား ကူညီပံ့ပိုးပေးခြင်း၊ လေယာဉ်အားပြေးလမ်းပေါ်မှ ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာသို့ ပြောင်းရွှေ့ပေးခြင်း စသည့် ကူညီပံ့ပိုးပေးသည့် အောက်ဖော်ပြပါဌာနဆိုင်ရာအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအားမြန်မာအမျိုးသားလေကြောင်းမှ အထူးတလည် ကျေးဇူးတင်ရှိပါသည်-

(က) မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့
(ခ) MJAS (မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ)
(ဂ) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်)
(ဃ) မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(င) တံတားဦးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(စ) လမ်းတံတားဦးစီးဌာန
(ဆ) တံတားဦးမီးသတ်တပ်ဖွဲ့
(ဇ) ကရိန်းဝန်ဆောင်မှု မေတ္တာဖြင့်ကူညီသော UD Group
(ဈ) Ambulance ကို မေတ္တာဖြင့်ကူညီသော စေတနာကူညီရေးအဖွဲ့

မြန်မာအမျိုးသားလေကြောင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8619 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/9634 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

မီးသတိပြု

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8J/5893 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်လွင် (ဘ) ဦးအောင်ခင် ၉/တကန(နိုင်)၁၃၈၀၆၇ ၏ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၄၂၁၉၈

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၂)၊ နဝမတန်း(အောင်)မှ မောင်ပြည့်စုံအောင်၏ ဖခင်အမည်မှန်မှာ ဦးဆာလာ ၁၃/တကန(နိုင်)၃၂၆၄၆၈ ဖြစ်ပါကြောင်း။

ဦးဆာလာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဦးတင်ထွေး ဂရန်အမည်ပေါက် အမှတ်(၆၀-စီ)၊ ဇေယျာသီရိ(၆)လမ်း၊ (၃၁)ရပ်ကွက်ရှိ မြေကွက်နှင့် ၎င်းမြေကွက်နှင့် ၎င်းမြေကွက် (၃၀ပေ×၆၀ပေ)ပေါ်ရှိ လူနေအိမ်နှစ်လုံးကို လက်ရှိပိုင်ဆိုင်သူဟုဆိုသော ဒေါ်သန်းသန်းဌေးထံမှ ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းဝယ်ယူရောင်းချမှုကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက မိမိတို့အစီအစဉ်ဖြင့် ဝယ်ယူခြင်းကိစ္စအဝဝကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်လှသန်း
၁၂/ရကတ(နိုင်)၁၀၆၂၉၄
အမှတ်(၁၀)၊ အောင်ရိပ်သာ(၃)လမ်း၊
(၂၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၉၂၁၉ Yamaha 250, M/Cယာဉ်လက်ဝယ်ရှိသူ ဦးဝေဝေလွင် ၉/မဟမ(နိုင်)၀၁၀၉၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/1495 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6H/6077 (Toyota Hiace) ယာဉ်ပိုင်ရှင် ဒေါ်လှလှအေး ၁၃/လလန(နိုင်)၀၄၇၉၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပဒေသာဈေးရုံအမှတ် (ခ)၊ ဆိုင်အမှတ် ၁၀၂၊ ဆိုင်စာအုပ်အမှတ် E-၃၀၇၃၆၊ ဆိုင်ပိုင်ရှင် ဦးသန်းဌေးနှင့်ဆိုင်အမှတ် ၁၀၃၊ ဆိုင်စာအုပ်အမှတ် E-၃၀၇၀၈၊ ဆိုင်ပိုင်ရှင် ဦးသန်းဌေးတို့၏ ဆိုင်ခန်းစာအုပ်များ မီးလောင်ဆုံးရှုံးခဲ့၍ ပြန်လည်လျှောက်ထားရာ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းဌေး ၁၂/ဥကတ(နိုင်)၁၁၈၂၄၄၊ ဖုန်း-၀၉-၃၁၆၉၅၁၉၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8690 Toyota Alphard MNH IP Micro Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခင် ၁၂/မဂတ(နိုင်)၀၀၂၃၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၄နှင့်ဆက်သွယ်သည့်
၂၀၁၉ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

ဒေါ်နွယ်နွယ်ဝင်း **နှင့်** ၁။ ဦးတင်ထွေးနောင်
၂။ ဦးဝင်းမောင်

(တရားနိုင်) **(တရားရှုံးများ)**

အမှတ်(၆၃)၊ (၄)လွှာ(အေ)၊ ၁၆၆-လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁)တရားရှုံးဦးတင်ထွေးနောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၄တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်နွယ်နွယ်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်၊ ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် မေ ၃၁ ရက်(၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော်၁၃ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၉ခုနှစ်၊ မေလ(၈)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နုနုခင်)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3002 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၄၈)နေ ဒေါ်ဂျာနန် ၁/မကန(နိုင်)၀၁၉၆၇၄ မှ ဒေါ်ဆိုင်းဒိန် ၁/မကန(နိုင်)၁၂၃၁၃၁ လယ်ကုန်းရပ်ကွက်နေသူထံ ဦးခေါင်လွမ်း ဂရန်အမည်ပေါက် ဦးပိုင်(၁၆၆)၊ အကွက်(၃)၊ အလျား(၆၀)× အနံ(၅၀)ပေအိမ်နှင့် မြေယာကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်ရုံးတွင် ၇-၁၀-၂၀၁၇ ရက်၌ အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ထားခြင်းအား ဆက်လက်ပေးအပ်ရန်ဆန္ဒမရှိတော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဂျာနန်
၁/မကန(နိုင်)၀၁၉၆၇၄
အမှတ်(၄၈)၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မလွှကုန်းလမ်း၊ တိုက်အမှတ် (၉၁)ရှိ မြေညီထပ်(ခြေရင်းခန်း) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ မြေညီထပ်ထပ် (ခြေရင်းဘက်ခြမ်း)(၁၃½'×၅၅')ရှိ တိုက်ခန်းကို ဝယ်ယူထားသူဖြစ်ကြောင်း နှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးမျိုးဝင်း (၁၄/မအပ(နိုင်)၁၄၇၅၈၁)ထံမှ ဒေါ်မဲညို (ခ)ညိုညိုဝင်း (၁၁/ကဖန(နိုင်) ၀၆၆၇၇၇) က လက်ရောက်ဝယ်ယူရန် စရံငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်နေ့မှစ၍ (၇)ရက်အတွင်း တိုက်ခန်းနှင့် သက်ဆိုင်သည့် စာချုပ်၊ စာရွက်စာတမ်း မူရင်းများနှင့် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇေအောင်သိန်းကျော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃/၂၀၁၂)
ရုံးခန်း - တိုက် ၃၃၉၊ ပထမထပ်၊ ၁၅၇ - လမ်းနှင့် ကျိုက္ကဆံလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၇၆၁၀၁၃၆၉၀၆၊ ၀၉ - ၇၃၁၅၄၉၇၀

ဦးအောင်ဇေယျာလင်း ၉/ပဥလ(နိုင်)၀၆၁၃၁၄နှင့်အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၅လမ်းနှင့် ပြင်ဦးလွင်လမ်းထောင့်ရှိ Ever Green Motors Co.,Ltd ၏မန်နေဂျာဖြစ်သူ ဒေါ်နော်အယ်ရူ ၁၂/မဘန(နိုင်)၁၂၆၄၀၆မှ ဦးအောင်ဇေယျာလင်းနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ဇေယျာလင်းသည် Ever Green Motors Co.,Ltd မှ G-starex အမျိုးအစားယာဉ်အမှတ် 4M-7382 မော်တော်ယာဉ်အား အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုကြောင်းပြောဆို၍ ၂၀-၁၁-၂၀၁၈ရက်စွဲပါ မော်တော်ကားအရစ်ကျအရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ကနဦးစရန်ငွေပေးသွင်းပြီး G-Starex အမျိုးအစားယာဉ်အမှတ် 4M-7382 မော်တော်ယာဉ်အားရယူသွားခဲ့ပါသည်။ ထို့နောက် ဦးအောင်ဇေယျာလင်းမှ ၎င်း၏ပေါ့ဆမှုကြောင့် ကား၏စက်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုများကို ပြန်လည်ပြုပြင်ပေးရန် Ever Green Motors Co.,Ltd သို့ လာရောက်ပေးပို့ထားခဲ့ပါသည်။

ဦးအောင်ဇေယျာလင်းသည် Ever Green Motors Co.,Ltd မှကားကိုအရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့သော်လည်း ကနဦးစရန်ငွေသာပေးသွင်းခဲ့ပြီး လစဉ်ပေးသွင်းရမည့်ငွေများကို ပေးသွင်းခြင်းမရှိသည့်အတွက် ရှေ့နေမှတစ်ဆင့် ၂၇-၄-၂၀၁၉ရက်စွဲပါ အကြောင်းကြားစာဖြင့် အသိပေးအကြောင်းကြားခဲ့ပါသည်။ ထိုသို့အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ဦးအောင်ဇေယျာလင်းမှ အကြောင်းကြားစာအတိုင်းလိုက်နာခြင်းမရှိသဖြင့် ၂၀-၁၁-၂၀၁၈ရက်စွဲပါ စာချုပ်စည်းကမ်းအရ ဤကြေညာပါသည့်ရက်မှစ၍ ယာဉ်အမှတ် 4M-7382 မော်တော်ယာဉ်အား Ever Green Motors Co.,Ltd ပိုင်အဖြစ် သတ်မှတ်ပြီး Ever Green Motors Co.,Ltd ၏ စီမံခန့်ခွဲပိုင်ခွင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ဇေယျာလင်းနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နော်အယ်ရူ
၁၂/မဘန(နိုင်)၁၂၆၄၀၆
Ever Green Motors Co.,Ltd (မန်နေဂျာ)

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဒေါ်ချိုချိုသက် **နှင့်** ဦးအောင်ဆန်းဝင်း

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ(၁)လမ်း၊ တိုက်အမှတ် ၇၉၇/က၊ ဒုတိယထပ်(ဘယ်)နေ ဦးအောင်ဆန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချိုချိုသက်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၂၂ ရက် (၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန့်ဇင်ဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် ၄၆၃၊ မြေကွက်တည်နေရာအမှတ် ၄၆၃၊ ဇာနည် ၁၃လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်သိန်းမြ-ပီပီအန်-၀၆၆၈၉၆)အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သိန်းမြ(မိခင်)ကွယ်လွန်ပြီး၊ ဦးဖိုးစိန်း(ဖခင်)ကွယ်လွန်သဖြင့် ဦးတင်မြင့် ၁၂/ဥကတ(နိုင်)၀၂၇၆၀၁မှ သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ၁/၉၄၉/၁၄-၁-၂၀၁၉၊ သေစာရင်းနှင့် ဂရန်မူရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်တိုက်အဆောက်အအုံရှိပြီး ဦးတင်မြင့်ကိုယ်တိုင်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပိုင်ဆိုင်နှင့် အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါက်တာတင်ဝင်း (ဆမ-၄၉၄၆)

အသက်(၇၃)နှစ်

ကျိုက်ထော်မြို့နေ (ဦးကြီးရှု-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးမောင်မောင်)-ဒေါ်ခင်မေလွင်၊ (ဒေါ်အေးကြင်)၊ ဦးစိန်မြင့်-[ဒေါ်မြသွယ်(ခ)ဒေါ်ခွေးမ]၊ [ဦးချစ်အောင်-ဒေါ်မြနွယ်(ခ)ဒေါ်ပေါက်]တို့၏ညီ/မောင်၊ ဦးထိန်ဝင်း-ဒေါ်ယဉ်ယဉ်မေ၊ ဦးစောထွန်း-ဒေါ်အုန်းဌေး၊ ဦးစိုးသိန်း-ဒေါ်ထွေးထွေးဌေးတို့၏အစ်ကို၊ တွံတေးမြို့နေ ဒေါ်သက်သက်တိုး(ခ)နီနီကျင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသက်ဟန်-ဒေါ်နီနီဝင်း၊ ဦးအောင်မျိုးမင်း-ဒေါ်သက်သက်ဝင်း၊ ကိုမောင်မောင်ဝင်း၊ ကိုဗန်ဗျက်လာလ်-မချယ်ရီဝင်း၊ Blessing Tin Win တို့၏ချစ်လှစွာသောဖခင်၊ Noel,Lukeဖိုးငုံ၊ Samuel, Sophia တို့၏အဘိုးသည် ၃၀-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၁၈နာရီတွင် တရုတ်(တိုင်ပေ)စံတော်ချိန်၌ Landseed International Hospital Tao-Yuan Taiwan ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း။ ဝတ်ပြုဆုတောင်းခြင်းကို ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် Joseph P.Reardon Funeral Home Ventura CA 93001 USA ၌ ပြုလုပ်၍ မြေသို့အပ်နှင်းသင်္ဂြိုဟ်ခြင်းကို Glffen Haven Memorial Park, Sylmar CA 91342USA၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)၏ ကန်တော့ခံသက်ကြီး
စာပေပညာရှင်၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ

ဆရာကြီး သောကြာ ဦးမောင်ကလေး

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(ထက်)ရပ်ကွက်၊ သြဘာလမ်း၊ အမှတ် ၁၅နေ (ဦးဘိုးထွန်း-ဒေါ်ရင်)တို့၏သား၊ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ (ဦးအောင်မင်း)-ဒေါ်အေးမြင့်သန်း၊ ဦးသန်းထိုက်-ဒေါ်ခင်စောကြူ၊ဦးမြင့်ရှိန်-ဒေါ်အေးအေးကြွယ်၊ (ဦးကျော်ထင်သိန်း)တို့၏ဖခင်၊ ကိုကျော်ဇောမင်း၊ ကိုဖြိုးဇော်မင်း-မမို့မို့မြင့်၊ ကိုဇေယျာမင်း၊ ကိုသိန်းတင့်ဖြိုး-မလှိုင်လှိုင်မင်း၊ ကိုညဏ်ရှိန်မြင့်-မရှိန်းသက်ပိုင်၊ မထိုက်ထိုက်၊ ကိုဘုန်းကောင်းစံ-မရည်ရည်မွန်၊ မဇူဇူးကျော်ထင်တို့၏အဘိုး၊ မခင်ချမ်းမြေ့သော်၊ မောင်သုသန့်အေးစေ၊ မောင်ရွှေညဏ်ပိုင်တို့၏ဘိုးဘိုးကြီးသည် ၁၁-၅-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်သန်းသန်းနွယ် (ကျောက်တန်း)

အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ ဆင်ကန်လမ်း၊ အမှတ်(၂)နေ (ဦးချစ်ဆွေ-ဒေါ်အေးညွှန့်)တို့၏သမီး၊ ဦးစိုးမြင့်-(ဒေါ်ရင်ရင်သန်း)တို့၏ညီမ၊ (ဦးခင်မောင်ထွေး)-ဒေါ်မြမြသန်း၊ ဦးဝင်းညွှန့်-ဒေါ်သန်းသန်းဌေး၊ ဦးသက်အောင် -ဒေါ်ခင်ဌေး၊ ဒေါ်လှလှမူ၊ ဦးအောင်မျိုး-ဒေါ်သန်းသန်းလှိုင်၊ ဦးဌေးအောင်-ဒေါ်အေးအေးမော်(အလက၊ မြို့မ-ကျောက်တန်း) တို့၏အစ်မ၊ ဦးဇော်မင်းထွန်း(ဒုညွှန်မှူး၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်)-ဒေါက်တာနွယ်ဇင်ညွှန့်(အင်ဂျင်နီယာမှူး၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း)တို့၏မိခင်၊ ဗိုလ်မှူးမြင့်သန်းနိုင်(တပ်မတော်-လေ)-ဒေါ်ဆွေဇင်ညွှန့်(အထက-၅၊ မင်္ဂလာဒုံ)၊ မခိုင် ဆုရည်ညွှန့်(လ/ထကထိက၊ ပြင်သစ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တို့နှင့် တူ၊ တူမ ၁၂ယောက် တို့၏ကြီးကြီး၊ မြေး ၁၀ယောက်တို့၏ဘွားဘွားသည် ၁၂-၅-၂၀၁၉ရက် နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်လှ (မိတ္ထီလာ)၊ စာတိုက်မှူး(ငြိမ်း)

အသက်(၉၃)နှစ်

မိတ္ထီလာဒေသကောလိပ်၊ (1^{st} Batch)၊ သိပ္ပံ-သင်္ချာမှ ဦးလင်းအောင်လှ၏ ချစ်လှစွာသော မိခင်ကြီးဒေါ်ကျင်လှ (စာတိုက်မှူး(ငြိမ်း)သည် ၁၂-၅-၂၀၁၉ ရက် နံနက် ၇ နာရီတွင်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်း နည်းကြေကွဲရပါသည်။ **မိတ္ထီလာဒေသကောလိပ်(1^{st} Batch)မှ ဆရာ-ဆရာမများနှင့် ကျောင်းနေဖက်သူငယ်ချင်းမိသားစုများ**

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်း (မအူပင်)

အသက်(၈၂)နှစ်

ဒေါက်တာဒေါ်သက်ရီ(ပါမောက္ခ၊ ဌာနမှူး၊ သင်္ချာဌာန၊ မအူပင်တက္ကသိုလ်)၏ကျေးဇူးရှင်ဖခင် ဦးအောင်သန်းသည် ၁၀-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား/သူများ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)

ဦးကြည်မောင်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၅/၇၊ သုံးလွှာ)နေ (ဦးလော-ဒေါ်ကြည်အေး)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်စော)တို့၏ သားသမက်၊ ဒေါ်အေးအေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ (ကိုအောင်ဇင်ဦး)-မကြည် နှင်းပွင့်ဖြူ၊ မနိုနိုရွှန်းဝေ(ခေတ္တဂျပန်)တို့၏ဖခင်၊ မကြည်ဇင်လင်းလက်၊ မရွှေရည်လင်းလက်တို့၏ဘိုးဘိုးကြီးသည် ၁၀-၅-၂၀၁၉ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေး အအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ နံနက် ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ညွှန့်

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၂)ရပ်ကွက် ပီမိုးနင်း(၂)လမ်း၊ အမှတ် ၅၆၅နေ (ဦးသန်းခင်)-ဒေါ်အေးသန်းတို့၏သား၊ (ဦးရွှေအိုး)-ဒေါ်မြင့်စန်း(အလက-၂၊ ဗဟန်း-ငြိမ်း)တို့၏သားသမက်၊ ဒေါ်ခိုင်ကျော်ဦး၏ခင်ပွန်း၊ မကျော့ကေခိုင်(Sika Myanmar)၊ မောင်ဖြိုးသီဟချစ်(Grade-11၊ ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ဖခင်သည် ၁၂-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်း ကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ကြီး(ခ) ဦးသိန်းတန်

(အငြိမ်းစား)

ကွန်ပျူတာတက္ကသိုလ်(UCC)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်းသွယ်၊ အမှတ် ၅၂၁ နေ (ဦးသန်းဌေး-ဒေါ်သန်းရှင်)တို့၏သား၊ (ဦးနီ-ဒေါ်မြမြ)တို့၏ သားသမက်၊ ဦးညဏ်ထွန်း၊ ဒေါ်မြင့်မြင့်သန်းတို့၏မောင်၊ ဒေါ်အေးအေးသွင်(အထက-၄၊စမ်းချောင်း၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးလင်းထင်ကျော်၊ ဒေါ်စုစန္ဒာ၏ဖခင်၊ မောင်ခိုင်ခန့်၊ မောင်ကိုကိုးတို့၏အဘိုးသည် ၁၂-၅-၂၀၁၉ရက် နံနက် ၇ း၂၅နာရီတွင်ကွယ်လွန်သွား ပါသဖြင့် ၁၄-၅-၂၀၁၉ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြစစ် (မင်းလှ)

St.Mary's.Dio ကျောင်းသူဟောင်း
B.S.C(Bot)Dip in Japanese
ကွန်ပျူတာဌာန
လူမှုဖူလုံရေးအဖွဲ့ရုံး(ငြိမ်း)

အသက်(၇၀)

ရန်ကုန်မြို့နေ(ဦးရွှေဝင်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးစိုးမြင့်-ဒေါ်ရီရီ)တို့၏ချွေးမ၊ [ဦးဘုန်းမြင့်(ခ)ဦးချို]၏ဇနီး၊ (ဦးစိုးတင့်-ဒေါ်တင်အေး)၊ (ဦးသိန်းလှ-ဒေါ်ကျင်လှ)၊ (ဦးမြင့်သိန်း-ဒေါ်မြညွှန့်)၊ (ဦးထွန်းကြည်-ဒေါ်မြင့်မြင့်စိန်)၊ (ဦးမျိုးဟန်-ဒေါ်ခင်ဖြူဖြူ)၊ ဦးမြင့်စိုး-ဒေါ်ခင်လှမြိုင်တို့၏ညီမ၊ ဦးဝင်းမင်း၊ မပွင့်ဖြူခိုင်တို့၏မိခင်၊ မအိမ့်ကြည်ဖြူ၏အဘွား၊ တူ၊ တူမ ၁၀ယောက်တို့၏ အဒေါ်သည် ၁၂-၅-၂၀၁၉ရက် နံနက် ၂နာရီတွင် မြောက်ဒဂုံမြို့နယ်၊ ဆရာစံလမ်း၊ (၂၇)ရပ်ကွက်၊ ပီတောက်ရိပ်မွန် အိမ်ရာ၊ အမှတ် ၂၊ အခန်း (၁၀၃) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဒုတိယဗိုလ်မှူးကြီးလှမောင်(ငြိမ်း) အသက်(၇၉)နှစ်

တက္ကသိုလ်လှမောင်(ရေတာရှည်)
ကြည်း-၁၁၀၈၉၊ အမှတ်စဉ်(၃၅)ဗိုလ်လောင်းသင်တန်း

ရေတာရှည်မြို့နေ (ဦးထွန်းရှိန်-ဒေါ်မြရင်)တို့၏သား၊ မန္တလေးမြို့နေ (ဦးဘနှစ်-ဒေါ်မြစ်ဦး)တို့၏သားသမက်၊ နေပြည်တော်၊ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟ အိမ်ရာအပိုင်း(၂)နေ ဒေါ်မာမာလှ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်ထွန်းဦး (ညွှန်ကြားရေးမှူး၊ ထွေအုပ်ရုံးချုပ်)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသန့်စင်ကျော်-ဒေါ်ဇင်မာမောင်၊ ဒုတိယ ဗိုလ်မှူးကြီး ရဲဝင့်မောင်(ကထိက၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်ခင်ခင်ပြုံး၊ဦးညဏ်တို့၏ချစ်လှစွာသောဖခင်၊ မဆုမြတ်သန့်စင်၊ မယုသီရိမြတ်မွန်(ပညာပန်းတိုင်၊ပျဉ်းမနား)၊ မောင်သီဟကျော်လင်း (CAE၊ နေပြည်တော်)၊ မမိုးမြင့်ဘုံ(အထက-၂၊ ကမာရွတ်)၊ မောင်သူရအောင်နိုင် (CAE၊ နေပြည်တော်)၊ မောင်ကောင်းလင်းသန့်(Future Scholar)တို့၏ အဘိုးသည် ၁၂-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၂း၁၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီးအအေးတိုက်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်လှ (မိတ္ထီလာ)၊ စာတိုက်မှူး(ငြိမ်း)

အသက်(၉၃)နှစ်

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ(၈)နေ (ဦးလှဖေ)၏ဇနီး၊ ဦးမောင်ကို-ဒေါ်စန်းစန်းလှ၊ ဦးမောင်မောင်ဌေး-ဒေါ်ဝေဝေလှ၊ ဦးဇော်နိုင်လှ၊ ဦးလင်းအောင်လှတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွား ကြီးသည် ၁၂-၅-၂၀၁၉ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် မိတ္ထီလာမြို့၊ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်အေး

အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀-ဏ)နေ(ဦးဘိုးသာ-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ)၏ဇနီး၊ (လေသူရဲဦးခင်တွတ်)၏ညီမ၊ (ဦးအောင်ကြည်)၏အစ်မ၊ (ဗိုလ်မှူးကြီးဝင်းလွင်-ဒေါ်ခင်အေးအေးရည်)၊ ဦးဝင်းမြင့်မောင်(နွမ်ဂျာသိုင်း)-ဒေါ်အေးမြင့်ရီ၊ ဦးဇော်ထွန်း-ဒေါ်ခင်နှင်းဖြူ၊ ဦးမင်းသွင်-ဒေါ်ဥမ္မာထွန်း၊ ကပ္ပတိန်ကျော်သူ(Gewin)-ဒေါ်စိုးစိုးအေး၊ (ဦးအောင်သူ)-ဒေါ်အိအိခိုင်တို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘွားသည် ၁၁-၅-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်အေး

အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀-ဏ)နေ (ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ)၏ဇနီး၊ ဦးဇော်ဝင်းထွန်း-ဒေါ်ကြည်ပြာခင်၊ ဒုတိယဗိုလ်မှူးကြီး ဖုန်းမြင့်ထွန်း(ငြိမ်း) (Consultant Engineer MSR)-ဒေါ်ခင်စံပယ်လွင်၊ ဦးမျိုးဝင်းထွန်း (Golf Professional, Royal City Golf Academy)-ဒေါ်ကလျာအောင်(မီးသတ်ဦးစီးဌာန)၊ ဦးဖြိုးဝင်းထွန်း-ဒေါ်ခင်ကြူကြူဝင်း၊ ဦးအောင်လင်းလင်းလတ် (မဟာနေကြွယ်ဆောက်လုပ်ရေး)-ဒေါ်နေခြည်ဝင်းလဲ့ရည်(Golden Lady Art Centre)၊ ဦးအောင်နိုင်လွင်(The Grand Sunday Construction)-Dr.အောင်ဆည်းဆာ(Chief Architect, MKT Construction & The Grand Sunday Construction)၊ ဦးမင်းမင်းဘို(Myat Mon Aung Co.,Ltd)-ဒေါ်မေမြတ်ဝါဆို(Happy Heart Fashion Design & Training Centre)၊ ဒေါ်ယမင်းထွန်း(ဧည့်လမ်းညွှန်)၊ ဦးအောင်ဇော်လတ်(Uniteam Marine)-ဒေါ်မို့မို့ဇော်ထွန်း(ဧည့်လမ်းညွှန်)၊ ဦးမင်းဝင့်ဦး(AYA Bank)-ဒေါ်သီရိထူး၊ ဦးအောင်ဇော်မင်း(Crossworld Japan Co.,Ltd)၊ ဦးကျော်ဇေမင်း-ဒေါ်ခင်မမဖြိုး၊ ဒေါက်တာကျော်သက်စိုး(Global Care Bagan International Clinic)-ဒေါက်တာစုစုအေး(A Star Education Centre)၊ ဒေါက်တာကျော်သူရစိုး (Ar Yu International Hospital)၊ ဦးကျော်သုခအောင် (ကွန်ပျူတာတက္ကသိုလ်)၊ ဒေါက်တာဝင့်ယမုံကျော်သူ၊ ဦးအေးချမ်းဗိုလ်(2^{nd} officer, Uniteam Marine)-ဒေါ်နန္ဒာမိုးဇင်၊ ဗိုလ်ကြီးစိုးပြည့်စုံမောင်တို့၏အဘွား၊ မြစ် ၁၅ယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၅-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးစံကျော်ရွှေ (စစ်တွေ) အသက်(၈၃)နှစ်

ခရိုင်ဦးစီးအရာရှိ(မွေး/ကုဌာန-ငြိမ်း)
လွှတ်တော်ကိုယ်စားလှယ်ဟောင်း၊ ဥက္ကဌမြို့နယ်ပါတီယူနစ် ပုဏ္ဏားကျွန်း

စစ်တွေမြို့နေ (ဦးမောင်ကျော်ဖံ-ဒေါ်ရွှေသော့)တို့၏သား၊ (ဦးဘဖြူ-ဒေါ်မဖံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွာဦးလမ်း၊ အမှတ် ၅၆နေ ဒေါ်အောင်ကြွဦး၏ခင်ပွန်း၊ (ဦးစံရွှေမောင်-ဒေါ်အုန်းစိန်)၊ ဦးရွှေသာ-ဒေါ်ဌေးဌေးသာ၊ ဒေါ်တင်ထွေး-(ဦးဘလှ)၊ (ဒေါ်ရွှေမိုးသာ)-ဦးမောင်စံကျော်၊ ဒေါ်သန်းရွှေ-ဦးသိန်းဌေး၊ ဒေါ်ခင်စော-(ဦးဘစံမောင်)တို့၏အစ်ကို၊ ဒေါက်တာဒေါ်ခင်ခင်ရွှေ (ကထိက၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)-ဦးထွန်းမြင့်(Regional Managing, Yoma Bank)၊ ဒေါ်ယဉ်ယဉ်မြ(ကထိက၊ EP ဌာန၊ WYTU)-ဦးနိုင်ထူးလွင်(ကထိက၊ စက်မှု/အင်ယာဌာန၊ YTU)တို့၏ဖခင်၊ မောင်ဟန်ထူး၏အဘိုးရှင်သည် ၁၁-၅-၂၀၁၉ရက် (စနေနေ့) ည ၁၁း၁၅နာရီတွင် ရွာ ဦးလမ်း၊ အမှတ်(၅၆)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။)(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာ ပါမည်ဖြစ်ပါကြောင်း။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဝိလာသဂ္ဂ

သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ မဟာဓမ္မာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိလာသဂ္ဂ မဟာထေရ်မြတ်ကြီးသည် (၁၃၈၁ခုနှစ် ကဆုန်လဆန်း ၅ရက်) ၈-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်) ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရဟန်းရှင်လူတပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြား အပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

ဦးအောင်ဇေယျ (ညေဝတီဦးအောင်ဇေယျ)

ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ လ·င·စ(ငြိမ်း)၊ သမိုင်းသုတေသီ
နိုင်ငံတော်ကန်တော့ခံသက်ကြီးစာပေပညာရှင်
မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်/သန်လျင်၊ ရန်ကုန်တိုင်းဒေသကြီး

အသက်(၈၅)နှစ်

မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်နေ(ဦးစံလှရှိ-ဒေါ်မစိန်နု)တို့၏သား၊ မြောက်ဦးမြို့နယ်၊ မောင်ရှိကန်ကျေးရွာနေ (ဦးပေါ်လှဦး-ဒေါ်ပန်းမြဦး)တို့၏ သားသမက်၊ (ဒေါ်အောင်သိန်းရွှေ)၏ခင်ပွန်း၊ ဦးအောင်ဌေးဦး(ထွေ/အုပ်-ငြိမ်း)-ဒေါ်လှအေးခင် (တော်ဝင်ရွှေဆိုင်) မြောက်ဦးမြို့၊ ဦးအောင်ဇေထွန်း(တရားရေး-ငြိမ်း)-ဒေါ်ခင်သန်းဦး(မောင်မြတ်သူ လက်ဖက်ရည်ဆိုင်)စစ်တွေမြို့၊ ဒေါ်အောင်သန္တာ(ကုန်စုံဆိုင်) ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်နေ ဦးအောင်ကြီးစံ(ရေ-ငြိမ်း)ကမ္ဘောဇဘဏ်-ဒေါ်ဝင်းမေသိန်း(ဦးစီးအရာရှိ၊ သမဝါယမတက္ကသိုလ်-သန်လျင်)၊ အခတကက အေးလှိုင်(ရေ)-ဒေါ်အောင်သူဇာမိုး(ရသခ သန်လျင်မြို့)တို့၏ဖခင်၊ ဦးကျော်မျိုးဦး(လ/ထညွှန်မှူး၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်စောစန္ဒာဦး(အထက-၆၊ နေပြည်တော်)၊ မောင်မင်းထွန်းအောင်(လ/ထကြီးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ မြောက်ဦးမြို့)၊ တကက ခိုင်မင်းထွန်း(ရေ)-မမိုးစန္ဒာ (ရသခ-သန်လျင်)၊ မောင်မြတ်သူ(စ)နှစ်(ဥပဒေ)၊မမြတ်အေးခိုင် (တ)နှစ်(သတ္တဗေဒ)၊ မောင်အောင်လှိုင်မိုး(တက္ကသိုလ်ဝင်တန်း)၊ မမြတ်နိုးခိုင်(သတ္တမတန်း)တို့၏အဘိုးရှင်သည် ၁၁-၅-၂၀၁၉ရက် ည ၀၀း၂၀နာရီတွင် သန်လျင်မြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ရဟန်းဒါယိကာမကြီး

ဒေါ်သန်းနွဲ့ (တာမွေ) အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ မနောဟရလမ်း၊ အမှတ်(၈)နေ (ဦးဘစိန်-ဒေါ်သစ်)တို့၏သမီး၊ (ဦးဘမြင့်)၏ဇနီး၊ ဦးခင်ဦး (ကျောင်းအုပ်ဆရာကြီး-ငြိမ်း၊ အလက-၄၊ မြောက်ဥက္ကလာပ)-(ဒေါ်အေးအေးကြွယ်)(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ အထက-၁၊ လှိုင်)တို့၏မရီး၊ ဦးမြသန်းထွန်း(အထက-၁၊ ကမာရွတ်)-ဒေါ်ရီရီမြင့်၊ ရဲမှူးနေဝင်း (ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်ရီရီဌေး(လဝကမှူး-လှိုင်)၊ (ဦးဇော်မြင့်)-ဒေါ်အမာတို့၏မိခင်၊ မမေသင်းကြူ၊ မဝင်းလဲ့ဖြူ၊ မပန်ပန်ဖူးငုံ၊ မစိုးသန္တာထွန်းတို့၏အဘွားသည် ၁၁-၅-၂၀၁၉ရက် (စနေနေ့) ည ၇း၂၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက-၁၊ ကမာရွတ်ကျောင်းဝင်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ကမာရွတ်မြို့နယ်၊ ဝန်ထမ်းအိမ်ရာ၊ အထက(၁)ကမာရွတ်ကျောင်းဝင်းနေ ဦးမြသန်းထွန်း-ဒေါ်ရီရီမြင့်တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ကြည်ကြည်ဝင်း(ခ)ဟာဂျီမဂျမီလာဘီ

အထ(ပြ)(ငြိမ်း)
B.Sc(Bot)၊ စိုက်ပျိုးရေးဒီပလိုမာ

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၂၉)၊ ပထမထပ်(ယာ)နေ ဟာဂျီဦးညွှန့်မောင်သျှိန်(ဥက္ကဋ္ဌ-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်)၊ (ဒုဥက္ကဋ္ဌ-အစ္စလာမ်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)၏ဇနီး၊ ဟာဂျီထက်မြင့်အောင်-ဟာဂျီမ ဒေါ်ချိုလဲ့ရည်တို့၏မိခင်၊ ဦးထွန်းမြင့်-ဒေါ်လှကြည်(ပုသိမ်)တို့၏ညီမ၊ ဟာဂျီဦးအောင်အောင်-ဟာဂျီမဒေါ်ဂျူဘီ(ပုသိမ်)၊ ဟာဂျီဦးနောင်နောင်(ခ)ဦးသန်းအောင်-ဟာဂျီမဒေါ်စန်းစန်းမြင့်(မြဝတီ)၊ ဟာဂျီမဒေါ်တင်တင်တို့၏အစ်မ၊ ဦးထက်မျိုးပိုင်-ဒေါ်ရတနာအောင်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် အဆွရ်ဆွလာသ်အပြီး ရန်ကုန်မြို့ ရေဝေးစန္ဒီမွတ်စလင်မ် ကဗရ်စတာန်၌ ဒါဖနာပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ကျော်ဦး

အသက်(၆၁)နှစ်

ပဲခူးမြို့၊ ရွှေသာလျောင်းရပ်ကွက်နေ (ဦးတင်ဦး)-ဒေါ်တိုးရီတို့၏သား၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် ၃လမ်းနေ (ဦးလှရွှေ-ဒေါ်သန်းဆင့်)တို့၏သားသမက်၊ ဆိုရှယ်လစ် ၈လမ်းနေ ကိုတိုးထွဋ်ခိုင်(Rain Flower ဖုန်းပြင်ဆိုင်)၊ ရန်ကုန်မြို့၊ရွှေ ပြည်သာ၊ လှိုင်းဘွဲ့လမ်းနေ ကိုကျော်ထက်နိုင်-မချိုဇင်လတ်တို့၏ဖခင်၊ မမြတ်ဖူးပွင့်စံ၏အဘိုး၊ ပဲခူးမြို့၊ ဆိုရှယ်လစ် ၈လမ်း၊ အမှတ် ၁၁၈၂/၁နေ ဒေါ်မြင့်စန်းဝေ(အ တွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်)၏ ခင်ပွန်းသည် ၁၂-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် ၈လမ်း၊ အမှတ် ၁၁၈၂/၁ နေအိမ်မှ ပဲခူးမြို့၊ ဆင်ဖြူကွင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၉ရက်(စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

MNA လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း မန္တလေးလေဆိပ်အဆင်းတွင် ရှေ့ဘီးချမရသော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာမရရှိဘဲ ဆင်းသက်နိုင်ခဲ့



စာမျက်နှာ - ၁၁

၂၀၁၈-၂၀၁၉ ပရီမီယာလိဂ်ဖလား မန်စီးတီး ဆွတ်ခူး

စာမျက်နှာ - ၁၂

ဗွဲကပင်အသင်းအတွက် ချေပဂိုးကို စစ်မုန်း သွင်းယူနေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

မကွေးနှင့် စစ်ကိုင်းအသင်း ပထမအကျော့နောက်ဆုံးပွဲတွင် အနိုင်ရ

ရန်ကုန် မေ ၁၂

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မကွေးနှင့် စစ်ကိုင်းအသင်း နိုင်ပွဲရခဲ့သည်။ ပထမအကျော့ ပြီးဆုံးသွားပြီဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✪

၂၀၂၀ အာရှ ယူ-၁၆ အမျိုးသားခြေစစ်ပွဲ မြန်မာအသင်း တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်(တိုင်ပေ)တို့နှင့် တစ်အုပ်စုတည်းကျရောက်

ရန်ကုန် မေ ၁၂

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာရှ ယူ-၁၆ အမျိုးသားခြေစစ်ပွဲအုပ်စုများကို မဲနှိုက်ရေးဆွဲထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာအသင်းသည် တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်(တိုင်ပေ) တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

ယင်းခြေစစ်ပွဲတွင် အာရှဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၄၇ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် တာဂျစ်ကစ္စတန်၊ ဂျော်ဒန်၊ နီပေါ၊ သီရိလင်္ကာ၊ ကူဝိတ်၊ အုပ်စု (B) တွင် အိန္ဒိယ၊ ဥဇဘက်ကစ္စတန်၊ ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (C) တွင် အီရန်၊ အာဖဂန်နစ္စတန်၊ ပါလက်စတိုင်း၊ မော်လ်ဒိုက်၊ အုပ်စု (D)တွင် အိုမန်၊ ဆော်ဒီ၊ ဆီးရီးယား၊ ပါကစ္စတန်၊ အုပ်စု(E)တွင်

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

မြန်မာ ယူ-၁၅ အသင်း နည်းပြချုပ် တာကူမူ။ ဓာတ်ပုံ-စိုးညွန့်